# ဓမ္မစကူးလ်ဖောင်ဒေးရှင်း

# ဗုဒ္ဓဘာသာသင်ခန်းစာ

## ဆဋ္ဌမတန်း

# Grade 6

## ကျောင်းသားကိုင်

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင် | ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို) |
| ပန်းချီ | ဦးဇာတိ၊ ဦးစိုးစံ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ဝင်းကလျာဆွေ၊ နစ်သစ်ဦးပုံနှိပ်တိုက် (၀၀၆၀၁)၊ အမှတ်(၂၇/အေ)၊ ဦးထွန်းညိုလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရန်ကုန်။ ဖုန်း - ၀၉ ၅၀၀၁၇၄ |
| ထုတ်ဝေသူ | ဒေါက်တာဦးထွန်းထွန်းဦး (၀၀၈၂၅) ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ (ဘာသာရေး၊ ဗုဒ္ဓဘာသာ)၊ မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)၊ မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၃၇၇၂၆၇၊ ၀၁ ၃၉၅၁၈၀ |
| တန်ဖိုး | ၁၅၀၀ ကျပ် |
| ထုတ်ဝေသည့်အကြိမ် | နဝမအကြိမ်၊ အုပ်ရေ (၂၀၀၀၀)၊ ၂၀၁၉ ခုနှစ်၊ ဧပြီလ။ |

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

ဓမ္မစကူးလ်ဖောင်ဒေးရှင်း (ဗဟို)
ဗုဒ္ဓဘာသာသင်ခန်းစာ၊ ဆဋ္ဌမတန်း၊ ကျောင်းသားကိုင် / ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ရန်ကုန်။
ဓမ္မစကူးလ်ဖောင်ဒေးရှင်း စာပေ၊ ၂၀၁၅။
စာ - ၁၂၅၊ ၂၁ × ၂၉.၇ စင်တီ။
ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မာတိကာ


| စဉ် | သင်ခန်းစာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုး | ၁ |
| ၂။ | သတ္တသတ္တာဟ စံနေတော်မူခြင်း | ၆ |
| ၃။ | ထူးထွေဆန်းပြား ရောင်ခြည်တော်ခြောက်ပါး | ၁၁ |
| ၄။ | သဟမ္ပတိပြဟ္မာကြီးက မြတ်စွာဘုရားရှင်အား တရားဟောတော်မူရန် တောင်းပန်လျှောက်ထားခြင်း | ၁၇ |
| ၅။ | မြတ်စွာဘုရားရှင်နှင့် ကုန်သည်ညီနောင်နှစ်ဦး | ၂၀ |
| ၆။ | ယုံကြည်အားထားဖွယ်ရာ ဓမ္မရတနာ | ၂၃ |
| ၇။ | ဗြဟ္မဝိဟာရတရားလေးပါး | ၂၆ |
| ၈။ | မြိုးမြံစွာ ကျင့်ခြင်းမင်္ဂလာ | ၂၉ |
| ၉။ | မြတ်သောအကျင့်ကို ကျင့်ခြင်းမင်္ဂလာ | ၃၃ |
| ၁၀။ | ပထမသင်္ဂါယနာ | ၃၆ |
| ၁၁။ | သစ်ပင်စိုက်ပျိုးရေး | ၄၀ |
| ၁၂။ | သဗ္ဗညုဂုဘုရား | ၄၃ |
| ၁၃။ | သူတော်ကောင်းဥစ္စာနှင့် ပြည့်စုံသူ | ၄၆ |
| ၁၄။ | မဟာဒုက် | ၄၉ |
| ၁၅။ | အရပ်မျက်နှာအားလုံးသို့ မွှေးပျံ့သောဂုဏ်သတင်း | ၅၃ |
| ၁၆။ | ဗုဒ္ဓါနုဿတိဘာဝနာ ပွားများအားထုတ်နည်း | ၅၅ |
| ၁၇။ | ကျန်းမာလိုလျှင် အစားဆင်ခြင် | ၅၈ |
| ၁၈။ | ပါယာသိမြို့စားကြီး | ၆၁ |
| ၁၉။ | ရန်ငြိုးထားက ပျက်စီးရ | ၆၄ |
| ၂၀။ | အရှင်ပေါဋ္ဌိလ | ၆၇ |

| စဉ် | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၂၁။ | မင်းတုန်းမင်းတရားကြီး | ၇၀ |
| ၂၂။ | ဝေယျာဝစ္စကုသိုလ် | ၇၄ |
| ၂၃။ | သိင်္ဂါလောဝါဒသုတ် မိတ်ဆက် | ၇၇ |
| ၂၄။ | ကေဒါရကျေးမင်း | ၈၀ |
| ၂၅။ | စိတ်ထားမြတ်သော သာမဏေ | ၈၂ |
| ၂၆။ | မန်လည်ဆရာတော်ဘုရားကြီး | ၈၄ |
| ၂၇။ | မိတ်ကောင်းဆွေကောင်း | ၈၇ |
| ၂၈။ | ဆရာမြတ်တို့၏ ဂုဏ်ကျေးဇူး | ၈၉ |
| ၂၉။ | စကားခြောက်ခွန်း | ၉၂ |
| ၃၀။ | သောမာထေရီ | ၉၃ |
| ၃၁။ | မြေကြီးပမာ သည်းခံနိုင်သူ | ၉၅ |
| ၃၂။ | မြတ်ဗုဒ္ဓ၏ ငြိမ်းချမ်းရေးလမ်းညွှန် | ၉၈ |
| ၃၃။ | ပရိတ်တော်အကြောင်း သိကောင်းစရာ | ၁၀၀ |
| ၃၄။ | အများအကျိုးဆောင်သူ | ၁၀၃ |
| ၃၅။ | အဘိဓမ္မာ မိတ်ဆက် | ၁၀၆ |
| ၃၆။ | အချိန်ယူဖို့ လိုပါသည် | ၁၀၉ |
| ၃၇။ | မင်္ဂလသုတ် မိတ်ဆက် | ၁၁၂ |
| ၃၈။ | ရှင်ပြုနားသပွဲတော် | ၁၁၄ |
| ၃၉။ | အခြေခံပါဠိဖတ်နည်း | ၁၁၈ |
| ၄၀။ | မင်္ဂလသုတ် ပါဠိဖတ်စာ | ၁၂၃ |

# သင်ခန်းစာ (၁)
# လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ဘုရားရှိခိုး



## သန္ဓေယူတော်မူသောနေ့

သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊
ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှမ်းရွှမ်းစိုသည်၊
ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊
နတ်လူငြိမ်းဖို့ ကိန်းပါကို . . . ။



## ဖွားမြင်တော်မူသောနေ့

သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊
ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဥ၊
မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို . . . ။

## တောထွက်တော်မူသောနေ့

ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်ဥ၊ သုံးသွယ်ရွှေနန်း၊
သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊
ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊
ရွှေစိတ်ငြင်ငြို၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊
ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခန်းမှာကို . . . ။





ဘုရားဖြစ်တော်မူသောနေ့

တောရိပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊
ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဖွေထက်၊
ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျက်၊
ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊
ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို . . . ။



ဓမ္မစကြာ ဟောတော်မူသောနေ့

ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊
ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊
တရားနတ်စည် ရွှမ်းတယ်ကို . . . ။



## ပရိနိဗ္ဗာန် စံတော်မူသောနေ့

တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊
ကျွတ်ထိုက်သသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊
ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊
စုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊
စံနှိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊
ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝှန်းဆူသောင်းလုံး ကျော်တယ်ကို . . . ။



### တေဇောဓာတ် လောင်တော်မူသောနေ့

နိဗ္ဗူစံပြီ၊ ရှုမအီသား၊ သင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊
ထိုရော်ကဆုန်၊ လဆုတ်ကြံ၍၊ ဂဠုန်နေ့ဝယ်၊
ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ ဓိဋ္ဌာန်ချက်ဖြင့်၊
လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ် ကွဲင်းတယ်ကို . . . ။

### ရှိခိုးဆုတောင်း

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊
သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊
သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊
ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော် . . . ။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| သုံးလူ့ရှင်ပင် | = | လူ၊ နတ်၊ ဗြဟ္မာတို့၏အရှင်သခင်။ |
| ရတုနဂို | = | သဘာဝ ရာသီဥတု။ |
| လုမ္ဗိနီ | = | စိမ့်ရေ၊ စမ်းရေတို့ဖြင့် စိုစွတ်သော ဥယျာဉ်တော်၊ လုမ္ဗိနီအင်ကြင်းဥယျာဉ်။ |
| မဟီလှိုက်ဆူ | = | ကမ္ဘာမြေကြီး တုန်လှုပ်သည်။ |
| နတ်ပြဟိတ် | = | နတ်တို့ဖန်ဆင်းပြသောကြောင့်။ |
| ခါတော်တစ်ဖုံ | = | တစ်ခုသော အခါကာလ။ |
| မြေ့ပရမေ | = | မြင့်မြတ်သောမြေ။ |
| ဗိတာန် | = | မျက်နှာကြက်။ |
| ရှမ်း | = | တီးခတ်သည်။ |
| ရှုမအီ | = | ဖူးမြော်၍ မဝနိုင်။ |

# သင်ခန်းစာ (၂)
## သတ္တသတ္တာဟ စံနေတော်မူခြင်း



မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်နှင့် ပလ္လင်တော် အနီးပတ်ဝန်းကျင်ရှိ နေရာ ခုနစ်ခုတို့၌ တစ်နေရာလျှင် ခုနစ်ရက်စီ သီတင်းသုံးတော်မူသည်။ ယင်းကို သတ္တသတ္တာဟဟု ခေါ်သည်။ ယင်း ခုနစ်နေရာကို သတ္တဋ္ဌာနဟု ခေါ်ပြီး သီရိဓမ္မာသောက မင်းကြီးက အထိမ်းအမှတ်များ တည်ဆောက်စိုက်ထူ ပူဇော်ခဲ့သည်။

မြတ်စွာဘုရားရှင်သည် “ငါသည် ဤအပရာဇိတ ပလ္လင်ကိုရရှိရန် ပါရမီဆယ်ပါးတရားတို့ကို သူမတူအောင် ဖြည့်ကျင့်ဆည်းပူးလျက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ကျင်လည်ခဲ့ရသည်၊ ငါသည် ဦးခေါင်းတော်၊ မျက်လုံးတော်၊ နှလုံးတော်တို့ကိုလည်းကောင်း၊ ဇာလီနှင့် ကဏှာဇိန်ကဲ့သို့ သားသမီးတို့ကိုလည်းကောင်း၊ မဒ္ဒီဒေဝီကဲ့သို့ ဇနီးမယားတို့ကိုလည်းကောင်း လှူခဲ့ပေါင်း များပြီ၊ ဤပလ္လင်သည် ငါဘုရား၏ မာရ်ငါးပါးကို အောင်မြင်ရာ နေရာဖြစ်သည်၊ ဘုန်းကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော ပလ္လင်လည်းဖြစ်သည်၊ ဤမျှကျေးဇူးများလှသော ပလ္လင်တော်ပေါ်မှ ငါသည် မထသေး”ဟု ကြံစည်ပြီးလျှင် အရဟတ္တဖိုလ် စတုတ္ထဈာန် သမာပတ်တို့ကို ဝင်စားလျက် ထိုအပရာဇိတ ပလ္လင်တော်ထက်မှာပင် ခုနစ်ရက်ကြာ သီတင်းသုံးထိုင်နေတော်မူလေသည်။ ဤသည်ကို ‘ပလ္လက်သတ္တာဟ’ဟု ခေါ်သည်။ ထိုနေရာတွင် အနုပညာလက်ရာမြောက်စွာ ထွင်းထုထားသော ကျောက်သားပလ္လင်တော်တစ်ခုရှိပြီး မဟာဗောဓိ ပင်၏ အရှေ့ဘက်တွင် ရှိသည်။



ထို့နောက် မဟာဗောဓိပင်၏ အရှေ့ မြောက်ဘက် ၁၄ လံအကွာရှိ ကုန်းငယ်ပေါ်၌ ရပ်တော်မူလျက် “ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်တော်ကို ရခဲ့ပေသည်တကား” ဟု မျက်လုံးတော်ကို မမှိတ်ဘဲ မဟာဗောဓိပင်ကို

ခုနစ်ရက်ပတ်လုံး စူးစူးစိုက်စိုက် ကြည့်ရှုနေတော်မူသည်။ ဤသည်ကို ‘အနိမိသသတ္တာဟ’ ဟု ခေါ်သည်။ ထိုနေရာတွင် အထိမ်းအမှတ်အဖြစ် တည်ထားသော အနိမိသစေတီရှိသည်။ စေတီတော်သည် ဉာဏ်တော်အမြင့် ၅၅ ပေ ရှိသည်။



ထို့နောက်မြတ်စွာဘုရားရှင်သည်အပရာဇိတပလ္လင်တော်နှင့် အနိမိသသတ္တာဟတို့အကြားရှိ အရှေ့အနောက် အလျားရှိသော နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သည့် ရတနာစင်္ကြံ၌ ခုနစ်ရက်ပတ်လုံး လူးလာတုံ့ခေါက် စင်္ကြံလျှောက်၍ တရားတော်ကို ဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားလျက် နေတော်မူသည်။ ဤသည်ကို ‘စင်္ကမသတ္တာဟ’ဟု ခေါ်သည်။ ထိုနေရာတွင် ရတနာစင်္ကြံအထိမ်းအမှတ်အဖြစ် ကျောက်တုံးများကို ညီညီညာညာ ချောချောမွတ်မွတ် ဖြတ်၍ ကြာပွင့်ပုံဖော်ကာ ပူဇော်ထားလေသည်။ ကြာပွင့် ၁၉ ပွင့်ရှိသည်။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ပူဇော်ထားသော ရတနာစင်္ကြံအသစ်တစ်ခုလည်း ရှိသည်။ ယင်းစင်္ကြံနှစ်ခုကို နှိုင်းယှဉ်ကြည့်လျှင် အသောကမင်းကြီး ပူဇော်ပြုလုပ်ထားသော စင်္ကြံသည် စေတီရင်ပြင်ထက် အနည်းငယ်သာ မြင့်၍၊ လျှောက်လမ်းကျဲ၏။ ဗုဒ္ဓသာသနာတော် ၂၅၀၀ ပြည့်အထိမ်းအမှတ်စင်္ကြံသည် ခါးအထိ မြင့်၍၊ လျှောက်လမ်းစိပ်၏။



ထို့နောက် မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်၏ အနောက်မြောက်ထောင့်အရပ်ဝယ် နတ်၊ ဗြဟ္မာတို့ ဖန်ဆင်းအပ်သော ရတနာရွှေအိမ်၌ ခုနစ်ရက်ပတ်လုံး ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသည်။ ဤသည်ကို ‘ရတနာဃရသတ္တာဟ’ဟု ခေါ်သည်။ ထိုနေရာတွင် အုတ်တိုက်စေတီငယ်တစ်ဆူ ရှိသည်။ အနုပညာလက်ရာမြောက်လှသော ကျောက်တိုင်များဖြင့် ဝန်းရံလျက်ရှိသည်။

ရတနာရွှေအိမ်၌ စံနေတော်မူစဉ် ရှေးဦးစွာ သီလကို ပြဆိုသော ‘ဝိနည်းပိဋက’ကို သုံးသပ်ဆင်ခြင်တော်မူသည်။ ထို့နောက် သမာဓိကို ပြဆိုသော ‘သုတ္တန်ပိဋက’ကို သုံးသပ်ဆင်ခြင်တော်မူသည်။ ထို့နောက် ပညာကို ပြဆိုသော ‘အဘိဓမ္မာပိဋက’ကို သုံးသပ်ဆင်ခြင်တော်မူသည်။ အဘိဓမ္မာပိဋကတွင် ခြောက်ခုမြောက် ယမိုက်ကျမ်းကို ဆင်ခြင်သုံးသပ်တော်မူသည်အထိ မြတ်ဗုဒ္ဓ၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော်များ ကွန့်မြူးလာခြင်း

မရှိသေးချေ။ ခုနစ်ခုမြောက် ပဋ္ဌာန်းကျမ်းတော်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါမှသာ ရောင်ခြည်တော်များ ကွန့်မြူးလာလေသည်။



ထို့နောက် မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်၏ အရှေ့အရပ်၌ရှိသော အဇပါလ ညောင်ပင်ရင်းသို့ ကြွတော်မူပြီးလျှင် ခုနစ်ရက်ပတ်လုံး တရားတော်ကို ဆင်ခြင်၍ ဖလသမာပတ်ကို ဝင်စားကာဖြင့် အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူသည်။ ဤသည်ကို 'အဇပါလ သတ္တာဟ'ဟု ခေါ်သည်။ မြတ်စွာဘုရားရှင်သည် ထိုသတ္တာဟတွင် စံနေတော်မူစဉ် မာရ်နတ်နှင့် မာရ်နတ်၏ သမီးသုံးယောက်တို့ကို အောင်မြင်တော်မူလေသည်။ ယခု အခါ မူလညောင်ပင်သည် မရှိတော့ပေ။ အထိမ်းအမှတ် ကျောက်တိုင်သာ ရှိတော့သည်။ ယင်းကျောက်တိုင်သည် မဟာဗောဓိစေတီတော်၏ ရှေ့မျက်နှာစာ လှေကားအဆင်း၊ ပေ ၂၀၀ အကွာတွင်ရှိသည်။ ကျောက်တိုင်မှာ ကျိုးနေပြီး ၁၂ ပေ ခန့်သာ မြင့်တော့သည်။

ထိုအဇပါလညောင်ပင်ရင်း၌ ခုနစ်ရက်ပြည့်မြောက်သောအခါ မဟာဗောဓိပင်၏ အရှေ့တောင်ဘက်ရှိ မုစလိန္ဒရေအိုင်အနီး ကျည်းပင်ရင်းသို့ ကြွတော်မူပြီးလျှင် အရဟတ္တဖိုလ်ချမ်းသာကို စံစားတော်မူကာ ခုနစ်ရက်ပတ်လုံး ထိုကျည်းပင်ရင်း၌ တင်ပလ္လင်ခွေ ထိုင်နေတော်မူသည်။ ထိုကဲ့သို့ ထိုင်နေတော်မူစဉ် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် နဂါးမင်းက မြတ်စွာဘုရားရှင်ကို မိမိ ခန္ဓာကိုယ်ဖြင့် ခုနစ်ပတ်ပတ်ကာ အုပ်မိုးထားလေသည်။ မြတ်စွာဘုရားရှင်သည် နဂါးမင်း၏ အခွေခုနစ်ထပ် အတွင်းတွင် ခုနစ်ရက်ပတ်လုံး အရဟတ္တဖိုလ် ချမ်းသာကို စံစားလျက် သီတင်းသုံးနေတော်မူသည်။ ဤသည်ကို 'မုစလိန္ဒသတ္တာဟ'ဟု ခေါ်သည်။ ယခုအခါ ရေအိုင်ကြီးအလယ်တွင် နဂါးရုံဘုရားတစ်ဆူရှိသည်။ ရေကန်ကြီးကို ကွန်ကရစ်ဘောင်များဖြင့် ကာရံထား သည်။



ထို့နောက် မြတ်စွာဘုရားရှင်သည် မဟာဗောဓိ ပင်၏ တောင်ဘက်ရှိ ရာဇာယတနအမည်ရှိသော လင်းလွန်းပင်ရင်းသို့ ကြွတော်မူ၍ ထိုလင်းလွန်း

ပင်ရင်း၌အရဟတ္တဖိုလ်ချမ်းသာကိုပင်စံစားတော်မူကာခုနစ်ရက်ပတ်လုံးသီတင်းသုံးထိုင်နေတော်မူသည်။ ဤသည်ကို 'ရာဇာယတနသတ္တာဟ'ဟု ခေါ်သည်။ ထိုနေရာတွင် ယခုအခါ မူလလင်းလွန်းပင် မရှိတော့ဘဲ အသစ်စိုက်ပျိုးထားသော လင်းလွန်းပင်သာ ရှိတော့သည်။ အထိမ်းအမှတ်အုတ်စေတီတစ်ဆူလည်း ရှိသည်။

ဤသို့ဖြင့် မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ ၄၉ ရက် စံနေတော်မူခဲ့သည်။ ထို ၄၉ ရက်လုံးတွင် မြတ်စွာဘုရားရှင်သည် ခံတွင်းဆေးတော်မူခြင်း၊ မျက်နှာတော်သစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း(ကျင်ကြီး၊ ကျင်ငယ်စွန့်ခြင်း)၊ ရေချိုးတော်မူခြင်း၊ ဆွမ်းဘုဉ်းပေးတော်မူခြင်း၊ ရေသုံးဆောင်တော်မူခြင်း၊ လျောင်းစက်တော်မူခြင်းကိစ္စများ



ပြုလုပ်ဆောင်ရွက်တော်မူခြင်း အလျှင်းမရှိပေ။ ထိုသို့နေနိုင်ခြင်းမှာ ဘုရားဖြစ်တော်မမူမီ ဘုဉ်းပေးတော်မူခဲ့သော နို့ဃနာဆွမ်း ၄၉လုတ်၏ အစွမ်းသတ္တိကြောင့် ဖြစ်နိုင်ပေသည်။ ထိုနို့ဃနာဆွမ်းသည် နတ်သြဇာတို့ဖြင့် ပြည့်သောဆွမ်းဖြစ်၍ များစွာသောအင်အားကို ဖြစ်စေ၏။ အညစ်အကြေး ကျင်ကြီးကျင်ငယ်အဖြစ်သို့ ရောက်မသွားပေ။

၄၉ ရက်ပြည့်မြောက်သော ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့တွင် မြတ်စွာဘုရားရှင်သည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူစဉ် မျက်နှာသစ်လိုသော စိတ်ဆန္ဒတော်

ဖြစ်ပေါ်လာလေသည်။ ထိုအခါ သိကြားမင်းသည် ဆေးကြဖုသီးကို ဆက်ကပ်လေသည်။ ဆေးကြဖုသီးကို ဘုဉ်းပေးပြီးလျှင်ပြီးချင်း မြတ်စွာဘုရားရှင်သည် ကျင်ကြီးကျင်ငယ်စွန့်ခြင်း ကိစ္စ ဖြစ်ပေါ်လေသည်။ ထို့နောက် မြတ်စွာဘုရားရှင်သည် သိကြားမင်း ကပ်လှူအပ်သော ကွမ်းရိုးဒန်ပူကို ဝါးကာ အနောတတ်အိုင်မှ ရေဖြင့် ခံတွင်းဆေးတော်မူ၍ မျက်နှာသစ်တော်မူသည်။ ထို့နောက် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦး လှူဒါန်းသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို အလှူခံယူတော်မူ၍ ဘုဉ်းပေးတော်မူလေသည်။




**ခက်ဆစ်အဖွင့်**

အရဟတ္တဖိုလ် = ရဟန္တာဖြစ်ခြင်း။
(သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် ဟူ၍ ဖိုလ်လေးပါးရှိသည်။)

ဈာန် = စူးစူးစိုက်စိုက် အထူးမြဲမြဲစွာ ရှုခြင်း။

သမာပတ် = ဈာန်စိတ်များ ဆက်တိုက်ဖြစ်ပေါ်နေခြင်း၊ ဖိုလ်စိတ်များ ဆက်တိုက် ဖြစ်ပေါ်နေခြင်း။

ဖလသမာပတ်ဝင်စားခြင်း = နိဗ္ဗာန်ကို အာရုံပြု၍နေခြင်း။

အဇပါလ = ဆိတ်ကျောင်းသား။

အဇပါလညောင်ပင် = ဆိတ်ကျောင်းသားတို့ အရိပ်ခိုနားသော ညောင်ပင်။

ကြဖုပင် (ကြစုပင်) = အသီးကို ဆေးဖော်ရသော သစ်ပင်ကြီး။

# သင်ခန်းစာ (၃)
# ထူးထွေဆန်းပြား ရောင်ခြည်တော်ခြောက်ပါး



မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ စံနေတော်မူစဉ် လေးခုမြောက် ရတနာဃရသတ္တာဟ၌ ပဋ္ဌာန်းဒေသနာ ကျမ်းမြတ်ကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ဘုရားရှင်၏ ခန္ဓာကိုယ်မှ ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးလာလေသည်။ ထိုရောင်ခြည်တော် ခြောက်သွယ်တို့မှာ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌနှင့် ပဘဿရ ရောင်ခြည်တော်တို့ ဖြစ်ကြသည်။

မြတ်စွာဘုရားရှင်၏ ဆံတော်နှင့် မျက်လုံးတော်အတွင်းရှိ မျက်နက်ဝန်းတော်တို့သည် အညိုရောင်တောက်ကြ၍ တင့်တယ်ကြကုန်သည်။ ပင်ကိုအားဖြင့် ညိုမှောင်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့မှ နီလရောင်ခြည်တော်များ ထွက်တော်မူကြသည်။ ဤနီလရောင်ခြည် ထွက်တော်မူသောအခါ ဣန္ဒနီလာကျောက်ရတနာအဆင်း၊ ရွှဲညိုအဆင်း၊ တဖိတ်ဖိတ်တောက်သော

ဖဲပဝါညိုအဆင်း၊ ကြာညိုပွင့်ချပ်အဆင်း စသည်တို့နှင့်တူစွာ အလွန်ကြည်နူးဖွယ်ကောင်းသော အရောင်တော်တို့သည် ရှင်တော်ဘုရား၏ ဝဲယာဘက်နှင့် အထက်အောက်အရပ်တို့၌ အနှံ့အပြား ပျံ့သန်းကွန့်မြူးလျက် ဘုရားရှင်၏ ခန္ဓာကိုယ်တော်သည် အထူးကျက်သရေ ရှိတော်မူပါပေသည်။

မြတ်စွာဘုရားရှင်၏ ကိုယ်အရေတော်၊ မျက်လုံးတော်နှင့် အထက်မျက်ခွံတော် စသည်တို့သည် ဝါဝါဝင်းဝင်း ရွှေအဆင်းကဲ့သို့ လွန်မင်းစွာ တင့်တယ်ကြကုန်သည်။ ထိုသို့ပင်ကိုအားဖြင့် ရွှေအဆင်းရှိသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့မှ ပီတရောင်ခြည်တော်များ ထွက်တော်မူကြသည်။ ဤပီတရောင်ခြည် ထွက်တော်မူသောအခါ သိင်္ဂီရွှေစင် ရွှေနှစ်အဆင်း၊ တသွင်သွင်စီးသွားသော ရွှေရည်အဆင်း၊ ရွှေပန်းအဆင်းတို့နှင့်တူစွာ အလွန်ကြည်နူးဖွယ်ရှိသော ဝါရွှေရွှေအရောင်တော်တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင်၌ ပျံ့သန်းကွန့်မြူးလျက် အထူး ကျက်သရေ ရှိတော်မူပါပေသည်။

မြတ်စွာဘုရားရှင်၏ ကိုယ်အရေတော်အတွင်းမှ အသားတော်၊ အသွေးတော်နှင့် နှုတ်ခမ်းတော် စသည်တို့မှာ လွန်စွာ နီမြန်းကုန်၏။ ထိုသို့ပင်ကိုအားဖြင့် နီနီတွေးတွေး ကိုယ်အင်္ဂါအစိတ်အပိုင်းတို့မှ လောဟိတရောင်ခြည်တော်များ ထွက်တော်မူကြသည်။ ဤလောဟိတ ရောင်ခြည် ထွက်တော်မူသောအခါ 'သန္တာ'နှင့် တူသော ရတနာနီအဆင်း၊ ကြာနီပွင့်အဆင်းစသည် တို့နှင့်တူစွာ ကြည်နူးဖွယ်ကောင်းသော အနီရောင်တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင်တစ်ဝိုက် တွင် ပျံ့သန်းကွန့်မြူးလျက် အထူးကျက်သရေ ရှိတော်မူပါပေသည်။

မြတ်စွာဘုရားရှင်၏ အသားတော်အတွင်းရှိ အရိုးတော်၊ သွားတော်နှင့် မျက်ဖြူတော် စသည်တို့မှာ လွန်စွာဖြူစင်သန့်ရှင်း တင့်တယ်တော်မူပါပေသည်။ ထိုသို့ပင်ကိုအားဖြင့် ဖြူဝင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့မှ ဩဒါတရောင်ခြည်တော်များ ထွက်တော် မူကြသည်။ ဤဩဒါတရောင်ခြည် ထွက်တော်မူသောအခါ ငွေရောင်တောက်ပသော လရောင် အဆင်း၊ ငွေပြား ငွေထည်အဆင်း၊ ကူးသန်းသွားလာသော ငွေရည်အယဉ်နှင့် ငွေပန်းအဆင်း စသည်တို့နှင့်တူစွာ အလွန်ကြည်နူးဖွယ် ဖြူဝင်းသောအရောင်တို့သည် ဘုရားရှင်၏ အထက် အောက် ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့သန်းကွန့်မြူးလျက် အထူးကျက်သရေ ရှိတော်မူပါပေသည်။

မဉ္ဇိဋ္ဌရောင်ခြည်တော်များကား အဝါဖက်လည်းမကျ၊ အနီရင့်ဖက်လည်းမကျ၊ နီကြင်ကြင် ဝါကြင့်ကြင့်ရှိသော ကိုယ်အင်္ဂါတော်တို့မှ ထွက်တော်မူကြသည်။ ဤမဉ္ဇိဋ္ဌရောင်ခြည် ထွက်တော်မူ သောအခါ အဝါရင့်၊ ပန်းရောင်အစု၊ အနီနုအရောင်တို့ ကြဲဖြန့်၍ထားသကဲ့သို့ အလွန်ကြည်နူးဖွယ် ကောင်းသော ရောင်ခြည်တော်တို့သည် ဘုရားရှင်၏ ထက်ဝန်းကျင်အရပ်တို့၌ အနှံ့အပြား ကွန့်မြူးလျက် အထူးကျက်သရေ ရှိတော်မူပါပေသည်။

ပြိုးပြိုးပြက်ပြက်ထွက်သောပဘဿရရောင်ခြည်တော်တို့၏ အဆင်းမှာရှေ့ကဆိုခဲ့ပြီးသော

ရောင်ခြည်တော်ငါးသွယ်တို့ စုပေါင်းဖြစ်ပေါ်လာသော ရောင်ခြည်တော်ဖြစ်ပြီး ထိုရောင်ခြည်တော်တို့သည် အဆက်မပြတ် ကြီးကြီးမားမား ကျယ်ဝန်းစွာပျံ့သန်းကွန့်မြူးလျက် ထွက်တော်မူကြသည်။ ပဘဿရရောင်ခြည်တော်သည် ကောင်းကင်ဝယ် လျှပ်စီးပြက်သကဲ့သို့ ပြိုးခနဲ၊ ပြက်ခနဲ၊ လက်ခနဲဖြစ်ကာ အရောင်အမျိုးမျိုးဖြာလျက် ထွက်တော်မူကြသည်။ ထိုကဲ့သို့ လင်းခနဲ၊ လက်ခနဲ၊ ပြိုးပြိုးပြက်ပြက် ထွက်တော်မူရာဝယ် ပိုးစုန်းကြူးကောင်လေးများကဲ့သို့ မှေးမှေးမှိန်မှိန် လင်းလက်သည်မဟုတ်ဘဲ ကြီးကြီးမားမား ထင်ထင်ရှားရှား လင်းလက်တော်မူခြင်းဖြစ်သည်။

ဤရောင်ခြည်တော်ခြောက်ပါးတို့သည် ဘုရားရှင်၏ ကိုယ်ခန္ဓာ၌ တည်ရှိသော အဆင်းတော်နှင့်တူစွာ အတွင်းစိတ်တော်၏ ကြည်လင်သန့်ရှင်းမှုကြောင့် အဆက်ဆက်ဖြာ၍ ထွက်သော အရောင်များပင်ဖြစ်သည်။ ထိုအချိန်မှစ၍ ရောင်ခြည်တော်ခြောက်သွယ်တို့သည် မြတ်စွာဘုရားရှင်၏ ထက်ဝန်းကျင်၌ အဝန်းအဝိုင်းပုံသဏ္ဌာန်ဖြင့် တစ်လံမျှလောက် အထိ အမြဲတစေ ပျံ့နှံ့တည်ရှိတော်မူလေသည်။ ဤသည်ကိုရည်ရွယ်၍ ပန်းချီဆရာတို့က မြတ်စွာဘုရားရှင်၏ ရုပ်ပုံတော်ကို ရေးဆွဲရာတွင် ဦးခေါင်းတော်တစ်ဝိုက်၌ ရောင်ခြည်တော် အဝန်းအဝိုင်းဖြင့် ထူးကဲစွာ ပုံဖော်ကြခြင်းဖြစ်ပေသည်။

ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသော သာသနာ့အလံသည် သီရိလင်္ကာနိုင်ငံ၌ ၁၈၈၅ ခုနှစ်တွင် ဗုဒ္ဓဘာသာပညာရှင်များပါဝင်သော ကိုလံဘို ကော်မတီက မြတ်စွာဘုရားရှင်၏ ရောင်ခြည်တော်ခြောက်ပါးကို ရည်ညွှန်းကာ တီထွင်ခဲ့ခြင်း ဖြစ်သည်။ သို့သော် အလံအရွယ်အစားမှာ အနည်းငယ်ရှည်လျားနေသဖြင့် နိုင်ငံတော်အလံများနှင့် အရွယ်အစားတူထားရှိရန် အမေရိကန်လူမျိုး ဗုဒ္ဓဘာသာဝင် အငြိမ်းစား ဗိုလ်မှူးကြီး ဟင်နရီစတီးလ်အော်လ်ကော့က အကြံပြုခဲ့သည်။

ဗုဒ္ဓသာသနာ့ အလံတော်ကို ၁၈၈၅ ခုနှစ် 'ကဆုန်လပြည့်ဗုဒ္ဓနေ့'တွင် သီရိလင်္ကာ နိုင်ငံ၌ စတင်လွှင့်ထူခဲ့သည်။ ၁၉၅၀ ပြည့်နှစ် သီရိလင်္ကာနိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီးတွင် ဤအလံတော်ကို ဗုဒ္ဓသာသနာ့အလံတော်အဖြစ် အတည်ပြုခဲ့ကြသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာဝင်တို့သည် ထေရဝါဒ၊ မဟာယာနဟု မခွဲခြားဘဲ ဤအလံတော်ကို ဗုဒ္ဓသာသနာ့အလံတော်အဖြစ် အသိအမှတ်ပြုပြီး မြတ်မြတ်နိုးနိုး လက်ခံအသုံးပြုခဲ့ကြသည်။ ဗုဒ္ဓသာသနာ့အလံတော်ကို မြန်မာနိုင်ငံ၌ ၁၉၅၄ ခုနှစ်က ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် စတင်လွှင့်ထူခဲ့သည်။

**ခက်ဆစ်အဖွင့်**

နီလ = ညိုမှောင်သောအရောင် (အပြာရောင်)။

ပီတ = ရွှေဝါရောင်။

လောဟိတ = နီတွေးတွေးအရောင်၊ အနီရောင်။

ဩဒါတ = အဖြူရောင်။

မဉ္ဇိဋ္ဌ = ပန်းနုရောင် (အဘိဓာန်များ၌ မဉ္ဇိဋ္ဌကို ညိုမောင်းသော အရောင်ဟု ဖွင့်ဆို ကြသည်။)

ပဘဿရ = ပြိုးပြက်သောအရောင် (ရှေ့ငါးရောင်ပေါင်း၍ ထွက်သောအရောင်)။

ဣန္ဒနီလာ = မရမ်းရောင်အခံတွင် အနီရောင်၊ အပြာရောင်သန်းသော နီလာ။

ရွှဲညို = အညိုရောင်တောက်သော ကျောက်မျက်ရတနာ။

**ရောင်ခြည်တော် ခြောက်ပါး**

မြရောင်ပီသ – နီလခေါ်ဆို၊ စိမ်းပြာမှောင်ခဲ – အောင်မဲအညို၊

ထွက်ကွန့်မြူးတော့ – ကြည်နူးဖွယ်ကို၊ နီလာယပ် – လွှဲခတ်နေသလို။

အရေတော်ပါး – ရွှေသားသဏ္ဌာန်၊ ဝါလျှံထိန်ဝင်း – ကိုယ်တွင်းအဆီ၊

ကြည်ကြည်ပလို့ – ပီတရုံသီ၊ တလက်လက် – ပေါ်ထွက်ပြန်ကြပြီ။

လျှာတော်နှုတ်ခမ်း – နီးမြန်းစုံညီ၊ ခြေလက်နှစ်ပါး – ဖဝါးအနီ၊

ကိုယ်တော်အသွေး – တွေးတွေးရုံသီ၊ ထွက်ကွန့်မြန်း – ခက်ပန်းခိုင်နှင်းဆီ။

စွယ်တော်လေးဆတ် – သွားမြတ်လေးဆယ်၊ ဥဏ္ဏာလုံမွေး – ဖြူဖွေးအနွယ်၊

မျက်ဖြူတော်မြတ် – ရိုးဓာတ်သွယ်သွယ်၊ ဩဒါတ – ဖြူစွ လွန်စင်ကြယ်။

ဆံတော်အဖျား – ဖဝါးတော်တိုင်၊ ရွှေကိုယ်တော်လုံး – ပတ်ကုံးတပြိုင်၊

အစိတ်စိတ်မှ – ဖိတ်ဖိတ်ရောင်ဆိုင်၊ မဉ္ဇိဋ္ဌ – ထွက်ကြွ ကွန့်မြူးလှိုင်။

နီတွေးနုထွား – ဖဝါးတော်စုံ၊ ရောင်လျှံတော်ဆုံး – ကိုယ်လုံးအကုန်၊

အစိတ်စိတ်မှ – ဖိတ်ဖိတ်ရောင်ဟုန်၊ ပြိုးပြိုးပြက် – မြန်းထွက်လေကြပုံ။

**(လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ရောင်ခြည်တော်ဘွဲ့မှ ကောက်နုတ်ထားပါသည်။)**

## သာသနာ့အလံတော် အသုံးပြုပုံ -

မြန်မာနိုင်ငံ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ သံဃနာယကလက်စွဲ၊ အခန်း (၂၉) ၌ သာသနာ့အလံတော် အသုံးပြုပုံကို အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။

### (က) အသုံးပြုရမည့် အခါကြီးရက်ကြီးများ

၁။ ကဆုန်လပြည့် (ဗုဒ္ဓနေ့)

၂။ နယုန်လပြည့် (မဟာသမယနေ့)

၃။ ဝါဆိုလပြည့် (ဓမ္မစကြာနေ့)

၄။ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)

၅။ တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)

၆။ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)

၇။ တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)

၈။ တပို့တွဲလပြည့် (ဩဝါဒပါတိမောက်အခါတော်နေ့)

### (ခ) အသုံးပြုရမည့် ပွဲတော်နှင့် အခမ်းအနားများ

၁။ ဝါဆိုပွဲတော်အခမ်းအနား

၂။ အဘိဓမ္မာအခါတော်နေ့

၃။ ကထိန်ပွဲတော်

၄။ ရဟန်းခံရှင်ပြုပွဲ

၅။ ဆွမ်းကြီးလောင်းလှူပွဲ

၆။ စာပြန်ပွဲနှင့် ဘွဲ့နှင်းသဘင်

၇။ နိကာယစာမေးပွဲ၊ တိပိဋကစာမေးပွဲနှင့် ပူဇော်ပွဲ

၈။ ခွင့်ပြုချက်ရရှိပြီးသည့် တရားပွဲများ

၉။ ဘုရားထီးတင်ပွဲ

၁၀။ ဗုဒ္ဓပူဇနိယပွဲတော်

၁၁။ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

၁၂။ သံဃာ့အစည်းအဝေး

၁၃။ သံဃဝိနိစ္ဆယအဖွဲ့ စစ်ဆေးဆုံးဖြတ်ရာဌာန

၁၄။ ဘာသာရေး၊ သာသနာရေးနှင့် စပ်ဆိုင်သော သင်တန်းများ

## (ဂ) လွှင့်ထူအသုံးပြုနည်း

အထိမ်းအမှတ်အလံအားလုံး၏ အလယ်တွင် ဖြစ်စေရမည်။ လက်ယာအစွန်းမှ အရောင်ငါးမျိုး ရောယှက်အရောင်တွင် အပြာရင့်ရောင်သည် အပေါ်လက်ျာဘက်တွင် ရှိနေစေရမည်။ မော်တော်ယာဉ်တွင် စိုက်ထူပါက ကားကြီးများ၏ အမိုးရှေ့ပိုင်းတွင် ဖြစ်ရမည်။ ကားငယ်များတွင် လက်ယာဘက် ရှေ့ပိုင်းတွင် ဖြစ်ရမည်။ သံဃာတော်များကို ကြိုဆိုသည့်အခါ သံဃာပါလာမှသာ တပ်ဆင်အသုံးပြုရမည်။

## (ဃ) ရှောင်ကြဉ်ရမည့်အချက်များ

၁။ ရဟန်းသံဃာ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မည်သည့်ဘုရားဖူးယာဉ်တွင်မှ မသုံးစွဲရ။

၂။ လမ်းဘေး၊ လမ်းခွ၊ ယာဉ်ဆိပ်၊ သင်္ဘောဆိပ်များတွင် မသုံးရ။

၃။ မော်တော်ကားလမ်းများတွင် ယာဉ်များကို သာသနာ့အလံတော်များဖြင့် ရပ်တန့်တားဆီး၍ ခရီးသွားများထံမှ အလှူခံခြင်းမျိုး၌ အသုံးမပြုရ။





# သင်ခန်းစာ (၄)
# သဟမ္ပတိဗြဟ္မာကြီးက မြတ်စွာဘုရားရှင်အား တရားဟောတော်မူရန် တောင်းပန်လျှောက်ထားခြင်း



မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ရောက်၍ သတ္တသတ္တာဟ စံနေတော်မူပြီးနောက် တစ်ပါးတည်း နေတော်မူစဉ် "ငါဘုရား သိမြင်ပြီးသော တရားတော်တို့သည် နက်နဲသိမ်မွေ့လှ၏၊ ဉာဏ်ပညာဖြင့်သာ သိမြင်နိုင်သော တရားဖြစ်၏၊ အကျင့်မှန်ကို ကျင့်ကြံကြသော ပညာရှိသူတော်ကောင်းတို့သာ သိမြင်နိုင်သော တရားဖြစ်၏၊ သတ္တဝါတို့သည် အာရုံငါးပါး ကာမဂုဏ်တရားတို့၌မွေ့လျော်သူများဖြစ်ကြ၏၊ထိုသတ္တဝါအပေါင်းအားငါဘုရားဟောကြားလျှင် သိမြင်နိုင်ခဲလှပေလိမ့်မည်၊ ကိလေသာအားလုံးတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားတော်ကို နားလည်ရန် ပို၍ခက်ခဲကြပေလိမ့်မည်၊ အကယ်၍ ငါဘုရားသည် ထိုတရားတော်တို့ကို ဟောကြားအံ့၊ သတ္တဝါအပေါင်းတို့သည် နားမလည်နိုင်ကြသည်ဖြစ်၍ ငါဘုရားအတွက် ဆင်းရဲပင်ပန်းရုံသာ ဖြစ်ပေလိမ့်မည်"ဟု စိတ်အကြံ ဖြစ်တော်မူ၏။

ထိုအချိန်တွင် သဟမ္ပတိဗြဟ္မာကြီးသည် မြတ်စွာဘုရား၏ စိတ်အကြံတော်ကို သိ၍ "မြတ်စွာဘုရား၏ တရားတော်ကို မနာကြားရသည်ရှိသော် တစ်လောကလုံး အကျိုးဆုတ်ယုတ်ချေတော့မည်"ဟု စဉ်းစားမိလေသည်။ ထို့ကြောင့် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား . . . မြတ်စွာဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားဟောကြားတော်မူပါဘုရား၊ ဉာဏ်ပညာမျက်စိ၌ ကိလေသာ မြူမှုန် နည်းပါးကုန်သော သတ္တဝါတို့သည် များစွာရှိကြပါ၏၊ ထိုသတ္တဝါတို့သည် မြတ်စွာဘုရား၏ တရားတော်ကို မနာကြားရသည်ရှိသော် မိမိတို့ရသင့်ရထိုက်သော မဂ်ဖိုလ်တရားထူးမှ ဆုတ်ယုတ်ဆုံးရှုံးကြရပါလိမ့်မည်"ဟု လျှောက်ထားလေသည်။

ထို့နောက် သဟမ္ပတိဗြဟ္မာကြီးက ဆက်လက်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား . . . ရှင်တော်ဘုရား ပွင့်ထွန်းတော်မမူမီ ရှေးအခါက မဂဓတိုင်းတို့၌ ကိလေသာအညစ်အကြေး ရှိကြသည့် ပူရဏကဿပ စသော တိတ္ထိဆရာကြီးခြောက်ဦးတို့၏ မစင်ကြယ်သော အယူဝါဒတို့ ပေါ်ပေါက်ခဲ့ပါသည်၊ သို့ဖြစ်၍ အရှင်မြတ်ဘုရားသည် အမြိုက်နိဗ္ဗာန်တံခါးကို ဖွင့်လှစ်တော်မူပါဘုရား၊ ရှင်တော်မြတ်ဘုရား ထိုးထွင်းသိမြင်တော်မူသော သစ္စာလေးပါး မြတ်တရားကို သတ္တဝါအပေါင်းတို့အား ဟောကြားတော်မူပါဘုရား"

"ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရား . . . တောင်ထိပ်၌ ရပ်နေသူသည် တောင်အောက်ရှိ လူအပေါင်းကို ကြည့်ရှုသကဲ့သို့ စိုးရိမ်ပူဆွေးခြင်း ကင်းတော်မူသော မြတ်စွာဘုရားသည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စသည်တို့၏ နှိပ်စက်ခြင်းကို ခံနေရပြီး ပူဆွေးသောကရောက်နေသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါဘုရား"

"ဝေနေယျသတ္တဝါအပေါင်းကို ဇာတိ၊ ဇရာ ခရီးကြမ်းတို့မှ လွတ်မြောက်စေကာ နိဗ္ဗာန်တည်းဟူသော အရပ်သို့ ပို့ဆောင်တော်မူနိုင်သော လှည်းကုန်သည်မှူးနှင့်တူတော်မူသော မြတ်စွာဘုရား . . . လောက၌ တရားသဘင်ဆင်ယင်ကျင်းပရန် ဒေသစာရီကြွချီတော်မူပါဘုရား၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား သစ္စာလေးပါး မြတ်တရားကို ဟောကြားတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်လေသည်။

ဤသို့ သဟမ္ပတိဗြဟ္မာကြီးက အကြောင်းအကျိုးပြ၍ တောင်းပန်လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ဉာဏ်မျက်စိဖြင့် လောကကို ကြည့်ရှုတော်မူသည်။ ထိုအခါ ဉာဏ်မျက်စိ၌ ကိလေသာနည်းသူ ကိလေသာများသူ၊ ဉာဏ်ထက်သူ ဉာဏ်မထက်သူ၊ အကျင့်ကောင်းသူ အကျင့်မကောင်းသူ၊ တရားထူးကို သိလွယ်မည့်သူ မသိလွယ်မည့်သူ၊ ဘဝသံသရာ၌ ခံစားရမည့်အပြစ်ကို ကြောက်ရွံ့သူ မကြောက်ရွံ့သူအားဖြင့် နှစ်မျိုးနှစ်စားစီ ကွဲပြားသော သတ္တဝါတို့ကို မြင်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သဟမ္ပတိဗြဟ္မာကြီး၏

တရားဟောရန် တောင်းပန်လျှောက်ထားချက်ကို လက်ခံတော်မူလေသည်။

ထိုအခါ သဟမ္ပတိဗြဟ္မာကြီးသည် "မြတ်စွာဘုရားသည် တရားဟောရန် ငါ့ကို ဝန်ခံစကား မိန့်ကြားတော်မူလေပြီ"ဟု လွန်စွာ ရွှင်လန်းဝမ်းမြောက်ခြင်းဖြစ်၍ မြတ်စွာဘုရားရှင်အား ရိုသေစွာ ရှိခိုးကန်တော့ကာ ဗြဟ္မာပြည်သို့ ပြန်သွားလေတော့သည်။

**ခက်ဆစ်အဖွင့်**

ဝေနေယျ = ဆုံးမသင့် ဆုံးမထိုက်သော (သတ္တဝါ)။

**တရားနာခြင်း အကျိုးငါးပါးလင်္ကာ**

မကြားဖူးငြား၊ တရားများ၊ နာကြားရပေသည်။

ကြားဖူးပြီးတာ၊ ထပ်လို့နာ၊ သေချာရှင်းပေသည်။

ယုံမှားကင်းကွာ၊ ယူဖြောင့်စွာ၊ စိတ်မှာကြည်လင်သည်။

တရားနာက၊ ကျိုးငါးဝ၊ မုချရပေသည်။

**(ချမ်းမြေ့ဆရာတော်ဘုရားကြီး)**

# သင်ခန်းစာ (၅)
# မြတ်စွာဘုရားရှင်နှင့် ကုန်သည်ညီနောင်နှစ်ဦး



မြတ်စွာဘုရားရှင်သည် သတ္တသတ္တာဟ ၄၉ ရက် စံနေတော်မူပြီးသောအခါ ခံတွင်းဆေးတော်မူခြင်း၊ မျက်နှာသစ်တော်မူခြင်းအမှုတို့ကို ပြုတော်မူ၍ လင်းလွန်းပင်ရင်း၌ ထိုင်နေတော်မူသည်။

ထိုအချိန်တွင် တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့သည် လှည်းအစီး ၅၀၀ တို့ဖြင့် ဥက္ကလာပမှ မဇ္ဈိမဒေသသို့ ကုန်ကူးသန်းရောင်းဝယ်ရန် သွားကြစဉ် မြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်တော်မူရာ လင်းလွန်းပင်အနီးမှ ဖြတ်သွားကြလေသည်။ ထိုသို့ဖြတ်သွားနေစဉ် ရွံ့ညွန် ရေမရှိဘဲ ညီညွတ်သောမြေပြင်၌ ကုန်တင်လှည်းများသည် ရွံ့ညွန်၌ နစ်နေသကဲ့သို့ ရပ်တန့်နေတော့သည်။

ညီနောင်နှစ်ဦးတို့လည်း အဘယ့်ကြောင့် လှည်းများရပ်နေရသနည်းဟု ကြံစည်တွေးတောနေစဉ် သူတို့နှင့် ဆွေမျိုးရင်းချာတော်စပ်ခဲ့ဖူးသော နတ်သားသည် ကိုယ်ထင်ရှားပြလျက် “မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး သတ္တသတ္တာဟ ၄၉ ရက် စံနေတော်မူသည်၊ ဆွမ်းအစာအာဟာရ သုံးဆောင်တော်မမူဘဲ အရဟတ္တဖိုလ်ချမ်းသာကိုသာ

စံစားတော်မူလျက် ယခုအခါ လင်းလွန်းပင်ခြေရင်း၌ သီတင်းသုံးနေထိုင်တော်မူသည်၊ သို့ဖြစ်၍ အမောင်တို့သည် မြတ်စွာဘုရားရှင်ကို ဆွမ်းအစာအာဟာရတို့ဖြင့် မြတ်နိုးကော်ရော်ပူဇော်ကြပါ၊ ထိုကဲ့သို့ပူဇော်ခြင်းကြောင့် အမောင်တို့အတွက် ကောင်းကျိုးချမ်းသာ ဖြစ်ပေလိမ့်မည်”ဟု ပြောဆိုလေသည်။ နတ်သား၏ တိုက်တွန်းစကားကြောင့် ကုန်သည်ညီနောင်နှစ်ဦးတို့သည် မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်၍ မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို အလှူခံရန် တောင်းပန်ကြသည်။ ထိုအခါ ဗုဒ္ဓဘုရားရှင်၏ စိတ်တော်တွင် “ရှေးရှေးဘုရားရှင်တို့သည် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို လက်ဖြင့် ခံယူတော်မူလေ့မရှိကြ၊ ငါသည် မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို အဘယ်သို့ အလှူခံရပါမည်နည်း”ဟု စဉ်းစားကြံစည်တော်မူ၏။

မြတ်စွာဘုရားရှင်၏ စိတ်အကြံတော်ကို သိသော ဓတရဋ္ဌ၊ ဝိရုဠ္ဟက၊ ဝိရူပက္ခနှင့် ကုဝေရ ဟူသော စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့သည် ဣန္ဒနီလာ ကျောက်ညိုသပိတ်လေးလုံးတို့ကို မြတ်စွာဘုရားအား ရိုသေစွာ ဆက်ကပ်လှူဒါန်းကြသည်။ မြတ်စွာဘုရားသည် ထိုသပိတ်လေးလုံးတို့ကို အလှူခံတော်မမူပေ။ သို့ဖြစ်၍ နတ်မင်းကြီးလေးပါးတို့သည် ကျောက်သပိတ်လေးလုံးတို့ကို ဆက်ကပ်လှူဒါန်းပြန်သည်။ မြတ်စွာဘုရားသည် နတ်မင်းကြီးလေးပါးတို့ကို ချီးမြှောက်သောအားဖြင့် ကျောက်သပိတ်လေးလုံးတို့ကို အလှူခံတော်မူပြီးလျှင် ထိုသပိတ်လေးလုံးတို့ကို ထပ်လျက် တစ်လုံးတည်းဖြစ်အောင် အဓိဋ္ဌာန်ပြုတော်မူသည်။ သပိတ်လေးလုံးတို့သည် အနားလေးရစ်ရှိသော သပိတ်တစ်လုံးတည်းအဖြစ်သို့ ရောက်လေသည်။ ထိုသပိတ်ဖြင့် ကုန်သည်ညီနောင်နှစ်ဦး လှူဒါန်းသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို အလှူခံယူတော်မူ၍ ဘုဉ်းပေးသုံးဆောင်တော်မူသည်။ ဘုဉ်းပေးတော်မူပြီးသောအခါ ကုန်သည်ညီနောင်တို့နှင့် သင့်လျော်သော အနုမောဒနာတရားကို ဟောကြားတော်မူလေသည်။

တရားတော်ပြီးဆုံးလျှင် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့သည် ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းကာ “အရှင်ဘုရား...တပည့်တော်တို့သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြပါကုန်၏၊ မြတ်စွာဘုရားရှင်သည် တပည့်တော်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ဥပါသကာဟူ၍ မှတ်ယူတော်မူပါဘုရား”ဟု လျှောက်တင်ကြလေသည်။ ဤသို့ဖြင့် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်နှစ်ဦးတို့သည် ဘုရား၊ တရားတည်းဟူသော ရတနာနှစ်ပါးတို့အား ကိုးကွယ်ဆည်းကပ်ခြင်း “ဒွေဝါစိက သရဏဂုံ”ကို ပထမဦးဆုံး ဆောက်တည်သူများ ဖြစ်လာကြသည်။

ဥပါသကာနှစ်ဦးတို့က “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား . . . မြတ်စွာဘုရားအား အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ပူဇော်ရန် ပူဇော်ဖွယ်ဝတ္ထုတစ်ခုခုကို တပည့်တော်တို့အား ကရုဏာရှေ့ထား ပေးသနားတော်မူပါဘုရား”ဟု လျှောက်ထားကြသဖြင့် မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို လက်ယာလက်တော်ဖြင့် သုံးသပ်တော်မူပြီး လက်တွင်ပါလာသော

ဆံတော်ရှစ်ဆူကို ချီးမြှင့်ပေးသနားတော်မူလိုက်သည်။ ကုန်သည်ညီနောင်တို့သည် ဆံတော်တို့ကို ရရှိ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သူတို့နေထိုင်ရာ ဥက္ကလာပသို့ ပင့်ဆောင်ခဲ့ကြပြီး ရွှေကြုတ်အတွင်း ထည့်သွင်း၌ာပနာ၍ ပူဇော်ကာ စေတီတော်တည်ထား ကိုးကွယ်ခဲ့ကြလေသည်။ ထိုစေတီတော်မှာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီး ဖြစ်လာသည်။



# သင်ခန်းစာ (၆)
## ယုံကြည်အားထားဖွယ်ရာ ဓမ္မရတနာ



မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့သည် ရေတွက်၍ မကုန်နိုင်လောက်အောင် များပြားလှ၏။ ထိုဂုဏ်တော်အပေါင်းတို့တွင် အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးသည် အထင်ရှားဆုံးဖြစ်၏။ ထို့အတူ မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်တို့၏ ဂုဏ်တော်တို့သည်လည်း အတိုင်းအဆမရှိ များပြားလှ၏။ ထိုဂုဏ်တော်အပေါင်းတို့တွင် သွာက္ခာတ အစရှိသော ဂုဏ်တော်ခြောက်ပါးသည် အထင်ရှားဆုံးဖြစ်၏။ ထိုဂုဏ်တော်ခြောက်ပါးတို့ကို အောက်ပါအတိုင်း ပါဠိဘာသာဖြင့် ရွတ်ဆိုပူဇော်လေ့ရှိကြ၏။

သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော အကာလိကော
ဧဟိ ပဿိကော ဩပနေယျိကော
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

မြတ်စွာဘုရားရှင်၏ တရားတော်တို့ကို ကြားနာရစဉ်၌လည်းကောင်း၊ လက်တွေ့ကျင့်သုံးစဉ်၌လည်းကောင်း၊ ကျင့်သုံးပြီးနောက်၌လည်းကောင်း ပုပင်သောကများ ကင်းဝေး၍ ငြိမ်းအေးခြင်းအရသာကို ခံစားရ၏။ ထို့ကြောင့် "မြတ်စွာဘုရားရှင်၏ တရားတော်တို့သည် ကြားနာရခြင်းတည်းဟူသော အစ၏ကောင်းခြင်း၊ လက်တွေ့ကျင့်ကြံအားထုတ်ခြင်းတည်းဟူသော အလယ်၏ကောင်းခြင်း၊ ကျင့်ကြံပြီးသောအခါ တရားထူးကိုရ၍ ဒုက္ခချုပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို မြင်ခြင်းဟူသော အဆုံး၏ကောင်းခြင်း"ဟူသော **သွာက္ခာတဂုဏ်**နှင့် ပြည့်စုံ၏။

ဘုရားရှင် ဟောတော်မူအပ်သော တရားတော်တို့သည် လက်တွေ့ကျင့်ကြံအားထုတ်သူကို ပုပင်သောကတို့မှ ချက်ချင်းလက်ငင်း ငြိမ်းအေးစေနိုင်၏။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်အထိလည်း ပေါက်ရောက်စေနိုင်၏။ မဂ်၊ ဖိုလ်ကိုရလျှင် နိဗ္ဗာန်ကို ကိုယ်တိုင်သိမြင်နိုင်၏။ သို့ဖြစ်၍ မြတ်စွာဘုရားရှင်၏ တရားတော်တို့သည် "ကိုယ်တိုင်ကိုယ်ကျ သိမြင်သဘောပေါက်ရခြင်း" ဟူသော **သန္ဒိဋ္ဌိကဂုဏ်**နှင့် ပြည့်စုံ၏။

တရားကျင့်ကြံအားထုတ်ခြင်း၏ အကျိုးတရားတို့ကို ရရှိခံစားရန် နောက်ဘဝအထိ စောင့်စရာမလိုပေ။ ယခုဘဝတွင်လည်း အချိန်အခါမရွေး အကျိုးပေးနိုင်သည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ တရားတော်တို့သည် "အချိန်အခါမရွေး အကျိုးပေးနိုင်ခြင်း"ဟူသော **အကာလိကဂုဏ်**နှင့် ပြည့်စုံ၏။

လောက၌ သေတ္တာစသည်တို့၏အတွင်းဝယ် ဘာမျှမရှိလျှင် "လာစမ်းပါ၊ ကြည့်စမ်းပါ" ဟု ခေါ်ယူပြသခြင်းငှာ မထိုက်၊ ရှိပင်ရှိသော်လည်း ထိုဝတ္ထုက အဖိုးတန်လှပသော အရာဝတ္ထုမျိုး မဟုတ်ဘဲ သာမန်ဝတ္ထုမျိုး ဖြစ်နေပြန်လျှင်လည်း အရေးတကြီး ခေါ်ငင်ပြသခြင်းငှာ မထိုက်။ ဘုရားရှင်၏ တရားတော်တို့ကား ပတ္တမြားရတနာသဖွယ် အလွန်စင်ကြယ်သန့်ရှင်း၍ အပြစ်ကင်းသည့်အပြင် အမှန်ပင် ထင်ရှားရှိသောကြောင့် "လိုက်ခဲ့စမ်းပါ၊ မည်မျှအဖိုးတန်၍ အကျိုးများသည့် တရားဖြစ်သည်ကို ကိုယ်တိုင်သိရအောင် ကျင့်ကြည့်စမ်းပါ၊ ကိုယ်တိုင်လာ အားထုတ်ကြည့်စမ်းပါဟု ခေါ်ယူတိုက်တွန်းခြင်းငှာ ထိုက်တန်ခြင်း"ဟူသော **ဧဟိပဿိကဂုဏ်**နှင့် ပြည့်စုံ၏။

တရားတော်တို့ကို စိတ်ထဲ၌ အမြဲနှလုံးသွင်း၍ ကျင့်ကြံအားထုတ်နေသူသည် ကိလေသာ အပူတို့မှ ငြိမ်းအေး၏။ အပါယ်ဆင်းရဲမှ လွတ်မြောက်ပြီး လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုလည်း ရရှိခံစားရ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ တရားတော်တို့သည် "စိတ်ထဲ၌ အမြဲမပြတ် နှလုံးသွင်းဆောင်ထားထိုက်ခြင်း"ဟူသော **ဩပနေယျိကဂုဏ်**နှင့် ပြည့်စုံ၏။

သစ္စာလေးပါးမြတ်တရားကို ပညာရှိတို့သာ အပြည့်အဝ နားလည်သဘောပေါက်နိုင်၏။ ဤနေရာ၌ ပညာရှိဟူသည် သစ္စာလေးပါးကို သိမြင်ပြီးသော အရိယာပညာရှိ သူတော်ကောင်း

တို့ကိုသာ ဆိုလိုပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏တရားတော်တို့သည် "ပညာရှိတို့ ကိုယ်စီကိုယ်ငှ အပြည့်အဝ သိမြင်ခံစားနိုင်ခြင်း"ဟူသော **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်**နှင့် ပြည့်စုံ၏။

မြတ်စွာဘုရားရှင်၏ တရားတော်တို့သည် ကျင့်ကြံအားထုတ်သူတို့အား စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းဟူသော ပူပင်သောကတို့မှ ချက်ချင်းလက်ငင်း ကင်းဝေးစေနိုင်ခြင်း၊ အပါယ်ဆင်းရဲတို့မှလည်း လွတ်မြောက်စေနိုင်ခြင်း၊ ယခုဘဝ၌ပင် ထာဝရအငြိမ်းဓာတ် နိဗ္ဗာန်မြတ်ကို ပေးစွမ်းနိုင်ခြင်းစသည့် များပြားစွာသော အကျိုးတရားတို့ကြောင့် ယုံယုံကြည်ကြည် နာယူကျင့်သုံးရန် ထိုက်တန်သော ဓမ္မရတနာအစစ်များပင် ဖြစ်ပါသည်။

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| မဂ်ဉာဏ် | = ကိလေသာတို့ကိုပယ်သတ်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုသောဉာဏ်။ (မဂ်ဉာဏ်လေးပါး = သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်။) |
| ဖိုလ် | = မဂ်ဖြင့်ရအပ်သော အကျိုး။ (ဖိုလ်လေးပါး = သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်။) |
| နိဗ္ဗာန် | = ဒုက္ခခပ်သိမ်းတို့၏ကုန်ဆုံးရာ အေးငြိမ်းချမ်းသာခြင်းသဘောတရား။ |
| ကိလေသာ | = စိတ်ကို ညစ်ညူးစေတတ်၊ ပူပန်စေတတ်သောတရား။ |
| အရိယာ(ပညာရှိ) | = စင်ကြယ်သောအကျင့်ရှိသူ၊ မဂ်ဖိုလ်ရပြီးသော ပုဂ္ဂိုလ်။ |
| ရတနာ | = နှစ်သက်မြတ်နိုး တန်ဖိုးထားအပ်သောအရာ။ |

# သင်ခန်းစာ (၇)
## ဗြဟ္မဝိဟာရတရားလေးပါး





ဗြဟ္မဝိဟာရဟူသည် ဗြဟ္မာကဲ့သို့နေထိုင်ခြင်း၊ မြင့်မြတ်သောနေခြင်းဟု အဓိပ္ပာယ်ရ၏။ ဗြဟ္မဝိဟာရသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူ၍ လေးပါးရှိသည်။ လောကတွင် ဤလေးပါးနှင့် ပြည့်စုံအောင် နေထိုင်ခြင်းသည် မြင့်မြတ်သောနေခြင်းဖြစ်သည်။ ဤဗြဟ္မဝိဟာရတရားလေးပါးကို ပွားများကျင့်သုံးမည့်သူသည် ဖြောင့်မတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ တည်ငြိမ်ခြင်းစသည့် မြင့်မြတ်ကောင်းမွန်သော အရည်အသွေးများ လိုအပ်သည်။

မေတ္တာဟူသည် သက်ရှိသတ္တဝါအားလုံးတို့၏ အကျိုးစီးပွားကို လိုလားခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းဖြစ်၏။ သို့ဖြစ်၍ မေတ္တာကို အဆင့်မြင့်မြင့် ပွားများထားသူတို့သည် ချစ်သူ၊ မုန်းသူ၊ မချစ်မမုန်းသူဟူ၍ ခွဲခြားမှုမရှိတော့ဘဲ သက်ရှိသတ္တဝါအားလုံးကို မေတ္တာဖြင့် ဆက်ဆံကြသည်။

မေတ္တာသည် မနောကံမေတ္တာ၊ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာဟူ၍ သုံးမျိုးရှိ၏။

ထိုတွင် မနောကံမေတ္တာသည် ပွားများရသော မေတ္တာဖြစ်၏။ မေတ္တာပွားများရာတွင် "အကျွန်ုပ်သည် ဘေးအန္တရာယ်ကင်းရပါလို၏"ဟု မိမိမှစ၍ ပွားများသင့်သည်။ ထို့နောက် မိဘစသည့် မိမိချစ်ခင်နှစ်သက်သူများကိုဆက်၍ပွားများသင့်သည်။နောက်ဆုံးတွင်မိမိအားမုန်းနေသူများနှင့် မိမိ၏ ရန်သူများကိုလည်း ပွားများသင့်သည်။ ထိုကဲ့သို့ မိမိကိုယ်မှစ၍ ပွားမှသာ "အကျွန်ုပ်သည် ဘေးရန်ကင်း၍ ချမ်းချမ်းသာသာ နေလိုသည့်နည်းတူ အခြားသတ္တဝါများသည်လည်း အကျွန်ုပ်ကဲ့သို့ နေလိုကြပေလိမ့်မည်"ဟု ကိုယ်ချင်းစာစိတ်များ ဖြစ်ပေါ်လာပေမည်။ ထိုအခါ မိမိချစ်ခင်နှစ်သက်သူ၊ မုန်းသူနှင့် မချစ်မမုန်းသူတို့အပေါ် ချမ်းသာကြပါစေဟု အပိုင်းအခြားမရှိ ပွားများနိုင်ပေမည်။ ဤသည်မှာ မြတ်စွာဘုရားအလိုကျ မနောကံမေတ္တာပွားခြင်းဖြစ်၏။ ဤသို့ဖြင့် မေတ္တာတရားသည် အမျက်ဒေါသကို အောင်နိုင်၍ လောက၏ငြိမ်းချမ်းမှုအတွက် အခြေခံအုတ်မြစ်ဖြစ်၏။

အနိမ့်ဆုံးအားဖြင့် မိမိနှင့် ဆက်စပ်နေသူတို့၏ ကောင်းကျိုးကို ကိုယ်၊ နှုတ်တို့ဖြင့် ဆောင်ရွက်ခြင်းသည် မေတ္တာကို လက်တွေ့ကျင့်သုံးခြင်းဖြစ်၏။ စွမ်းနိုင်ပါက မိမိလူမျိုး၊ မိမိနိုင်ငံသူနိုင်ငံသား၊ ကမ္ဘာသူကမ္ဘာသား၊ သက်ရှိသတ္တဝါအားလုံးတို့၏ အကျိုးကို ဆောင်ရွက်ခြင်းဖြင့် မေတ္တာကိုပို၍ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးသင့်ပေသည်။ဤသည်မှာ ကာယကံမေတ္တာနှင့် ဝစီကံမေတ္တာကို ကျင့်သုံးခြင်းဖြစ်၏။

ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲခြင်းတို့နှင့် ကြုံတွေ့နေရသူများ၊ အစားအသောက်၊ အဝတ်အစား၊ နေရာထိုင်ခင်း၊ ဆေးဝါးစသည်တို့ လိုအပ်နေသူများကို တွေ့မြင်ရလျှင် သနားကြင်နာစိတ်ဖြစ်ခြင်းသည် ကရုဏာဖြစ်၏။ ကရုဏာသည် သူတစ်ပါးတို့ တွေ့ကြုံနေရသော ဆင်းရဲကို ပယ်ဖျောက်လိုသည့် သဘောဖြစ်၏။

ကရုဏာအရာတွင် မြတ်စွာဘုရား၏ ကရုဏာသည် အကြီးမားဆုံးဖြစ်၏။ မိမိ၏ အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းကို ပြုရုံမျှမကဘဲ မိမိအား သေရာသေကြောင်း ကြံစည်အားထုတ်ခဲ့သော အရှင်ဒေဝဒတ်ကိုပင် သားတော်ရာဟုလာနှင့် ညီတူညီမျှ ကရုဏာထားတော်မူပါသည်။ မြတ်စွာဘုရားရှင်သည် သတ္တဝါအားလုံးကို မျက်မှောက်ဘဝ ဆင်းရဲခြင်းကိုသာ မဟုတ်ဘဲ သံသရာတစ်လျှောက်လုံးတွင် တွေ့ကြုံရမည့် ဆင်းရဲခြင်းများကိုပါ မျှော်မြင်၍ ကရုဏာဖြစ်တော်မူပါသည်။

မုဒိတာဟူသည် သူတစ်ပါးတို့ ကြီးပွားချမ်းသာခြင်း၊ အခြွေအရံပေါများခြင်း၊ ရုပ်ရည်အဆင်းလှပခြင်း၊ အတတ်ပညာကြွယ်ဝခြင်းနှင့် ရာထူးဌာနန္တရတိုးခြင်းတို့ကို ကြည်ဖြူနှစ်ခြိုက်ဝမ်းမြောက်သည့်သဘောဖြစ်၏။ မနာလိုစိတ် အားကြီးသည့်သူများသည် မုဒိတာကို ကျင့်သုံးရန် ခဲယဉ်းလှ၏။ ပင်ကိုသဘာဝအားဖြင့် လူတို့သည် မနာလိုစိတ် အားကြီးလေ့ရှိကြရာ မုဒိတာသည် မေတ္တာ၊ ကရုဏာတို့ထက် ကျင့်သုံးရန် ပို၍ခက်ခဲသည်။ သို့သော် အဖွဲ့အစည်းတစ်ခု၊

နိုင်ငံတစ်ခုတွင် မုဒိတာတရား ထွန်းကားမှသာ ကြီးပွားတိုးတက်နိုင်ပေသည်။

ဥပေက္ခာဟူသည် ချစ်ခြင်း မုန်းခြင်းမရှိဘဲ အညီအမျှသဘောထားခြင်း၊ အသင့်အတင့်နှလုံးသွင်းခြင်းနှင့် သူတစ်ပါးတို့၏အပြစ်ကို နားလည်ခွင့်လွှတ်ပေးခြင်းဖြစ်၏။ ဥပေက္ခာကို ကျင့်သုံးသူသည် အမျက်ဒေါသနှင့် တွယ်တာမှု နှစ်မျိုးကို စွန့်ပယ်ကာ ကံ၊ ကံ၏ အကျိုးတရားကို နားလည်ရန်လိုအပ်သည်။ ဥပေက္ခာသဘောသည် အလွန် နူးညံ့သိမ်မွေ့၏။ မိတ်ဆွေနှင့် ရန်သူ၊ ချစ်သူနှင့် မုန်းသူဟု မခွဲခြားဘဲ တန်းတူထားကာ ဥပေက္ခာပွားနိုင်ရန်မှာ လွန်စွာ ခက်ခဲလှပေသည်။ စိတ်ဓာတ်မြင့်မြတ် ကြံ့ခိုင်သူတို့သာ ကျင့်သုံးနိုင်ကြသည်။

ဗြဟ္မဝိဟာရတရားလေးပါးသည် လူ့ဘဝတွင် မြင့်မြတ်သော နေထိုင်နည်းကို ပေး၏။ ငြိမ်းချမ်းရေး အခြေခံတရားတော်လည်း ဖြစ်၏။ ထို့အပြင် ဗြဟ္မဝိဟာရတရားလေးပါးကို ပွားများကျင့်သုံးသူသည် ကိုယ်စိတ်နှလုံး ချမ်းမြေ့ပျော်ရွှင်၍ လူအများ၏ချစ်ခင်လေးစားခြင်းကို ခံယူရရှိသည်။ သို့ဖြစ်၍ လူသားတစ်ဦးစီသည် မိမိတို့၏ နေ့စဉ်ဘဝတွင် ဗြဟ္မဝိဟာရတရားလေးပါးကို တတ်စွမ်းသမျှ ပွားများကျင့်သုံး၍ မြင့်မြတ်စွာ နေထိုင်ကြမည်ဆိုပါက မိမိကိုယ်တိုင်၊ မိမိ၏မိသားစု၊ မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာလောကကြီးသည် ငြိမ်းချမ်းသာယာလာမည်ဖြစ်သည်။





# သင်ခန်းစာ (၈)
# ခြိုးခြံစွာ ကျင့်ခြင်းမင်္ဂလာ



သားငယ်ရွှေ . . .

သားကို ခြိုးခြံစွာ ကျင့်ခြင်းမင်္ဂလာ အကြောင်းကို အမေ ရှင်းပြချင်တယ်။ ခြိုးခြံစွာ ကျင့်ခြင်းဆိုတာ မျက်စိ၊ နား၊ နှာ စသော ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ ဓုတင်အကျင့်ကိုကျင့်ခြင်း၊ ကြိုးစားအားထုတ်ခြင်းတို့ ဖြစ်တယ်လို့ ကျမ်းဂန်မှာ ဆိုတယ်။ အဲဒီအထဲက သား လက်တွေ့ကျင့်သုံးနိုင်မယ့် အကြောင်းအရာလေးတွေကို ကဗျာလေးနဲ့ အစပြုပြီး ရှင်းပြချင်တယ်။

**လောကီအာရုံ ဖိမ်ယစ်မူးလို့**
**အပျော်မကြူးနဲ့ ခြိုးခြံလေ။**

နေ့စဉ်နေ့တိုင်း တွေ့ကြုံနေတဲ့ လောကီအာရုံတွေအပေါ်မှာ ဖိမ်ယစ်မနေဘဲ၊ လွန်လွန်ကဲကဲ သာယာပျော်ရွှင်မနေဘဲ သင့်တင့်မျှတစွာ သုံးစွဲနေထိုင်တာကို ခြိုးခြံစွာ ကျင့်ခြင်းမင်္ဂလာနဲ့အညီ နေထိုင်တယ်လို့ ဒီကဗျာလေးက ဆိုလိုတယ် သား . . .။ အခုအချိန်မှာ သားက ကျောင်းသားတစ်ယောက် ဖြစ်နေတော့ ဒီမင်္ဂလာကို လက်တွေ့ကျင့်မယ်ဆိုရင် သားရဲ့ ပညာရေးအတွက်သာမက ဘဝတစ်ခုလုံးအတွက်ပါ အကျိုးရှိမှာ သေချာတယ်။

နေ့စဉ်တွေ့ကြုံနေရတဲ့ လောကီအာရုံတွေဖြစ်တဲ့ မျက်စိနဲ့ မြင်တွေ့ရတဲ့ အဆင်းမျိုးစုံ၊ နားနဲ့ကြားရတဲ့ အသံမျိုးစုံ၊ နှာခေါင်းနဲ့ ရှူလို့ရတဲ့ အမွှေးနံ့သာမျိုးစုံ၊ လျှာနဲ့ အရသာခံလို့ရတဲ့ အရသာမျိုးစုံ (သို့) အစားအသောက်မျိုးစုံ၊ ကိုယ်နဲ့ ကိုင်တွယ်ထိတွေ့ခံစားလို့ရတဲ့ အရာမျိုးစုံတွေနဲ့ ပတ်သက်လို့ ခြိုးခြံနိုင်ရမယ်။ ပြီးတော့ မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ လိုချင်လောဘစိတ်၊ ဒေါသစိတ်စတဲ့ မကောင်းတဲ့စိတ်တွေကိုလည်း သတိနဲ့ ထိန်းနိုင်ရမယ်။

သားနားလည်အောင် ဥပမာအနေနဲ့ပြောရရင် . . . မျက်စိနဲ့ မြင်တွေ့ရတဲ့ အဆင်းမျိုးစုံတွေအပေါ်မှာ ခြိုးခြံစွာကျင့်မယ်ဆိုရင် တီဗွီတွေ၊ ဗွီဒီယိုတွေ၊ ရုပ်ရှင်တွေ ဘောလုံးပွဲတွေကို အလွန်အကျွံ မကြည့်ဘဲ သင့်တင့်မျှတရုံလောက်ပဲ ကြည့်တာ။ ဂိမ်းဆော့တာတွေကို အလွန်အကျွံ မလုပ်ဘဲ သင့်တင့်မျှတရုံလောက်ပဲ ဆော့တာ။ နားနဲ့ကြားရတဲ့ အသံမျိုးစုံတွေအပေါ်မှာဆိုရင် သီချင်းနားထောင်တာတွေကို သင့်တင့်မျှတရုံလောက်ပဲ နားထောင်တာ။

နှာခေါင်းနဲ့ရှူလို့ရတဲ့ အမွှေးနံ့သာမျိုးစုံတွေအပေါ်မှာဆိုရင် ဈေးကြီးတဲ့ ရေမွှေး၊ မိတ်ကပ်စတာတွေကို သင့်တင့်မျှတရုံလောက်ပဲ ဝယ်ယူသုံးစွဲတာ။ လျှာနဲ့ အရသာခံလို့ရတဲ့ အရသာမျိုးစုံ (သို့) အစားအသောက်မျိုးစုံတွေအပေါ်မှာဆိုရင် မဆင်မခြင် လွန်လွန်ကဲကဲ မစားသောက်ဘဲ သင့်တင့်မျှတရုံလောက်ပဲ စားတာ။ ကိုယ်နဲ့ ကိုင်တွယ်ထိတွေ့ခံစားလို့ရတဲ့ အရာတွေမှာဆိုရင် ဈေးကြီးတဲ့ အဝတ်အစားတွေနဲ့ အလှကုန်ပစ္စည်းတွေကို သင့်တင့်မျှတရုံလောက်ပဲ ဝယ်ယူသုံးစွဲတာတွေပေါ့။

ပြီးတော့ ကိုယ့်အခြေအနေ၊ ကိုယ့်မိသားစုအခြေအနေကို မသိဘဲ ကစားစရာတွေ အသုံးအဆောင်ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ဝယ်ချင်တယ်။ မုန့်ဖိုးတွေ အများကြီး လိုချင်တယ်ဆိုတဲ့ လောဘစိတ်၊ ကိုယ်လိုတာမရလို့၊ ကိုယ့်အလိုမကျလို့ဖြစ်တဲ့ ဒေါသစိတ်တွေကို မဖြစ်အောင် စောင့်ထိန်းရမယ် သား . . . ။



သားအနေနဲ့ အဲဒီလို လောကီအာရုံတွေအပေါ်မှာ စောင့်စည်းလိုက်မယ်ဆိုရင် ကျောင်းစာအတွက်သာမက ဘဝတိုးတက်ရေးစာပေတွေ၊ တရားစာတွေ ဖတ်ဖို့အတွက်ပါ အချိန်တွေ အများကြီး ရလာမယ်။ ကျောင်းစာကို မှန်မှန်လုပ်သွားမယ်ဆိုရင် စာမေးပွဲမှာလည်း လွယ်လွယ်ကူကူ ဖြေနိုင်မယ်။ ဘဝတိုးတက်ရေးစာတွေ တရားစာတွေဖတ်ရင် ဘဝအတွက် ဆောင်ရန်ရှောင်ရန်တွေ၊ ဘဝအတွက် အင်အားတွေ၊ တရားတော်နဲ့အညီ ကျင့်ကြံနေထိုင်နည်းတွေကို ရရှိမှာဖြစ်လို့ အချိန်တန်အရွယ်ရောက်လာတဲ့အခါ အောင်မြင်တဲ့ ဘဝတစ်ခုကို တည်ဆောက်နိုင်မယ် သား . . . ။

တကယ်တော့ ခြိုးခြံတယ်ဆိုတာ စိတ်ကို စောင့်စည်းခြင်းပဲဖြစ်တယ်။ စိတ်ကို မစောင့်စည်းနိုင်ကြလို့ လျှာကိုအလိုလိုက်ပြီး အစားအသောက်တွေကို အတိုင်းအဆမရှိစားရင်၊

ကိုယ်လက်လှုပ်ရှား အားကစားမလုပ်ရင်၊ ဆေးလိပ်သောက်၊ ကွမ်းစား၊ အရက်၊ ဘီယာ သောက်စားမူးယစ်နေရင်၊ မူးယစ်ဆေးတွေ သုံးစွဲရင် ရောဂါမျိုးစုံဝင်လာမယ်။ ဆေးကုသစရိတ်တွေ ကုန်မယ်၊ မိသားစုစီးပွားရေးကို ထိခိုက်မယ်။



ပြီးတော့ စိတ်မထိန်းနိုင်ကြလို့ လူတွေ တရားရုံးရောက်၊ အချုပ်ခန်း ရောက်၊ ထောင်ထဲရောက် ဖြစ်ကြရ တယ်။ ဒါက ပစ္စုပ္ပန်မှာ ခံရတဲ့ အပြစ် တွေပေါ့။ သံသရာမှာ ခံရမယ့် အပြစ် တွေလည်း ရှိသေးတယ်။ ဒုက္ခဆင်းရဲ က ဘဝအဆက်ဆက် ပါသွားတယ်။ လက်ရှိဘဝမှာလည်း ပြုလုပ်သူ သာမက မိသားစု၊ ဆွေမျိုးတွေပါ ဒုက္ခ ရောက်စေတယ်။

"စိတ်ကိုနိုင်ရင် လောကကြီးကို နိုင်တယ်"တဲ့။ စိတ်ကို ထိန်းနိုင်ရင်ပဲ ကျန်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတာတွေကိုလည်း စောင့်စည်းပြီးသား ဖြစ်သွားတယ်။ ဒီတော့ အောင်မြင်မှု တွေ ချမ်းသာသုခတွေ ရတာပေါ့။ ဘဝသက်ဆုံးတိုင် စိတ်အေးချမ်းတယ်။ လိုရင်းတိုရှင်း ပြောရရင်တော့ သတိနဲ့ထိန်းပြီး ပျော်သင့်သလောက်သာ ပျော်ပါ။ ကြီးပွားကြောင်းကို သတိ၊ ဝီရိယနဲ့ ကြိုးစားအားထုတ်ပါ။ နေ့စဉ်လူမှုကိစ္စတွေ ကြိုးစားဆောင်ရွက်ရင်းနဲ့ ကိုယ်ကျင့်သီလ စောင့်ထိန်းရမယ်။ အများအကျိုးကို ဆောင်ရွက်ရမယ်။ ကုသိုလ်တရားတွေ တိုးပွားအောင် အားထုတ်ရမယ်။ ကိုယ့်ဘဝ၊ ကိုယ့်ပတ်ဝန်းကျင်ကို ပိုကောင်းအောင် ပြောဆိုလုပ်ကိုင်ရမယ်။

ဒီလိုကျင့်ကြံနေထိုင်သွားမယ်ဆိုရင် လူတစ်ယောက်ဟာ ဘဝမှာ အောင်မြင်မှုတွေ အလီလီ ဆွတ်ခူးရရှိမှာဖြစ်တယ် သား . . . ။

မင်္ဂလာတရားနဲ့အညီ ကျင့်ကြံနေထိုင်နိုင်ပါစေလို့ အမေ ဆန္ဒပြုလိုက်ပါတယ်။

ချစ်သော . . .

အမေ

**ခက်ဆစ်အဖွင့်**

ခုတင် (ခုတင်) = ကိလေသာကို ဖယ်ရှားနိုင်သော အကျင့်။

## မြိုးခြံစွာ ကျင့်ခြင်းစသော မင်္ဂလာ

လောကီအာရုံ ဓိမ်ယစ်မူးလို့၊

အပျော်မကြူးနဲ့ ခြိုးခြံလေ။

မေတ္တာ ဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊

သူမြတ်ကျင့်ထုံး ယွင်းမသွေ။

လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊

အမှန်သိအောင် ကြိုးစားလေ။

ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊

အလင်းပေါက်နိုင်စေ။

အဲဒါမှ ‘ဗုဒ္ဓဝါဒ’ ကမ္ဘာ့မင်္ဂလာတွေ။

# သင်ခန်းစာ (၉)
# မြတ်သောအကျင့်ကို ကျင့်ခြင်းမင်္ဂလာ



ဇွဲ ။ ။ ဖေဖေ . . . မြတ်စွာဘုရားဟောကြားခဲ့တဲ့ မင်္ဂလာတရားတော်တွေထဲက ခြိုးခြံစွာကျင့်ခြင်းမင်္ဂလာအကြောင်းကို မေမေ ပြောပြလို့သိပြီးပါပြီ။ မြတ်သော အကျင့်ကိုကျင့်ခြင်းမင်္ဂလာအကြောင်းကိုလည်း သား သိချင်ပါတယ်။

ဦးအောင်စိုး ။ ။ မြတ်သောအကျင့်ကို ကျင့်ခြင်းဆိုတာ မေထုန်မှရှောင်ကြဉ်ခြင်း၊ ဗြဟ္မစိုရ်တရားပွားများခြင်း၊ ဘာဝနာတရား ပွားများအားထုတ်ခြင်းဖြစ်တယ်။ ဒီမင်္ဂလာနဲ့ ပတ်သက်ပြီး သားတို့အရွယ်မှာ လက်တွေ့လိုက်နာနိုင်တာလေးတွေကို ဖေဖေ ပြောပြမယ်နော်။

ဇွဲ ။ ။ ဗြဟ္မစိုရ်တရားဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ လေးပါးကို ပြောတာမဟုတ်လား ဖေဖေ။

ဦးအောင်စိုး ။ ။ ဟုတ်တာပေါ့ သားရဲ့၊ သားက သိပ်တော်တာပဲနော်၊ ကဲ သားက သိနေပြီဆိုတော့ အဲဒီလေးပါးရဲ့ အဓိပ္ပာယ်တွေကို အဖေ့ကို အရင်ပြောပြပါဦး။

ဇွဲ ။ ။ ၁။ မေတ္တာဆိုတာ သတ္တဝါအားလုံးကို ချစ်ခင်ခြင်း၊

၂။ ကရုဏာဆိုတာ ဆင်းရဲဒုက္ခရောက်နေတဲ့ သတ္တဝါတွေကိုသနားကြင်နာခြင်း၊

၃။ မုဒိတာဆိုတာ သူတစ်ပါးအောင်မြင်နေတာ၊ ကြီးပွားချမ်းသာနေတာတွေကို ဝမ်းမြောက်ခြင်း၊

၄။ ဥပေက္ခာဆိုတာ သတ္တဝါအားလုံးကို ချစ်ခြင်း မုန်းခြင်းမရှိဘဲ အညီအမျှ သဘောထားခြင်းဖြစ်တယ်လို့ မကြာသေးခင်က သားတို့ ဓမ္မစကူးလ်မှာ သင်ခဲ့ရတယ် ဖေဖေ။

ဦးအောင်စိုး ။ ။ ဟုတ်တယ်သား . . . ဗြဟ္မစိုရ်တရားလေးပါးကို ပွားများကျင့်သုံးရင် လူသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး အလွှာမရွေး၊ အဆင့်အတန်းမရွေး သင့်မြတ်ပြီး အဆင်ပြေတယ်၊ နှလုံးစိတ်ဝမ်း အေးချမ်းတယ်။ ဒါကြောင့် ဗြဟ္မစိုရ်တရားလေးပါးကို အမြဲမပြတ် ပွားများသင့်တယ်။

ဖွဲ့ ။ ။ ပြီးတော့ ဖေဖေ . . . မြတ်သောအကျင့်ကို ကျင့်ရာမှာ ဘာဝနာတရားပွားများဖို့လည်း လိုတယ်လို့ ဖေဖေပြောခဲ့တယ်နော်။ အဲဒါက ဘာကိုဆိုလိုတာလဲ။ ဘယ်လိုပွားများရမှာလဲ။ သားသိသလောက်ပြောရရင် ဘာဝနာတရား ပွားများတယ်ဆိုတာ အသက်ကြီးတဲ့လူတွေ လုပ်ရတာ မဟုတ်ဘူးလား ဖေဖေ။

ဦးအောင်စိုး ။ ။ တကယ်တော့ ဘာဝနာတရား ပွားများအားထုတ်ဖို့ ဘယ်အရွယ်က အကောင်းဆုံးဆိုတာ ခွဲခြားသတ်မှတ်ထားတာ မရှိပါဘူး၊ ဘယ်အရွယ်မဆို အားထုတ်သင့်တယ်၊ ငယ်ငယ်ကတည်းကစပြီး အားထုတ်နိုင်ရင် ပိုကောင်းတာပေါ့။ ဘာဝနာတရား ပွားများအားထုတ်တာဟာ စိတ်တည်ကြည်အောင်လုပ်ရတဲ့ အလုပ်ဆိုတော့ ဉာဏ်ရည်ဉာဏ်သွေး ပိုပြီးထက်မြက်စေတယ်၊ စိတ်ကိုလည်း ပိုမိုကြည်လင်ရွှင်ပျစေတယ်။ ဒီတော့ စာကျက်တဲ့အခါ မြန်မြန်ရစေတာပေါ့။ သားတို့နဲ့ အကိုက်ညီဆုံး ဘာဝနာပွားများနည်းကတော့ အာနာပါနကမ္မဋ္ဌာန်းပဲ သား။

ဖွဲ့ ။ ။ အာနာပါန ဆိုတာ ဘာလဲ ဖေဖေ။

ဦးအောင်စိုး ။ ။ အာနာပါနဆိုတာ အာနနဲ့ အပါနဆိုတဲ့ ပုဒ်နှစ်ပုဒ်ကို ပေါင်းထားတာ၊ အာနဆိုတာက ထွက်လေ၊ အပါနဆိုတာက ဝင်လေ၊ အာနနဲ့အပါန ပေါင်းလိုက်တော့ ထွက်လေဝင်လေလို့ အဓိပ္ပာယ်ရတယ်။

ဖွဲ့ ။ ။ ဒီလိုဆိုရင် အာနာပါနကမ္မဋ္ဌာန်းကို ဘယ်လိုရှုမှတ်ရမယ်ဆိုတာ သားကိုရှင်းပြပါလား ဖေဖေ။

ဦးအောင်စိုး ။ ။ အရင်ဆုံး တင်ပျဉ်ခွေထိုင်ရမယ်။ ပြီးတော့ ခါးကို ဖြောင့်ဖြောင့်ထားရမယ်၊ တောင့်တောင့်ကြီးမထားဘဲ သက်သောင့်သက်သာနဲ့ လေဝင်လေထွက်ကောင်းအောင် ထားရမယ်။ မျက်စိမှိတ်ပြီး အာရုံတွေမပျံ့လွင့်အောင် စိတ်ကို တည်တည်ငြိမ်ငြိမ် ထားရမယ်။ လေကို ပုံမှန်အတိုင်း ရှူထုတ်ရမယ်။ လေရှူထုတ်လိုက်တဲ့အခါမှာ လေကနှာသီးဝကိုထိပြီး ထွက်သွားလိမ့်မယ်။ လေထိသွားတဲ့နေရာမှာ စိတ်ကို ကပ်ထားပြီးတော့ လေထွက်သွားတာလေးကို

သိနေအောင် ကြိုးစားပြီး မှတ်နေရမယ်။ လေရှူသွင်းလိုက်တဲ့အခါမှာ လေက နှာသီးဝကို ထိပြီး ဝင်လာလိမ့်မယ်။ လေထိသွားတဲ့နေရာမှာ စိတ်ကို ကပ်ထားပြီးတော့ လေဝင်လာတာလေးကို သိနေအောင် ကြိုးစားပြီး မှတ်နေရမယ်။ ဒါဟာ အာနာပါနကမ္မဋ္ဌာန်း ရှုမှတ်တဲ့နည်းပဲ သား။

ဖွဲ့။ ။ နေ့စဉ်နေ့တိုင်း အချိန်ဘယ်လောက် ရှုမှတ်ရမှာလဲ ဖေဖေ။ အဲဒီလို ရှုမှတ်တဲ့အတွက် ဘယ်လိုကောင်းကျိုးတွေ ရနိုင်တယ်ဆိုတာ သားသိချင်တယ်။

ဦးအောင်စိုး။ ။ နေ့စဉ် ဆယ်မိနစ်လောက် ဒီအာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်မယ်ဆိုရင် သိသိသာသာ စိတ်ကြည်လင်လန်းဆန်းလာမယ်။ စိတ်တည်ငြိမ်လာမယ်။ စိတ်တည်ငြိမ်လာတော့ မှတ်ဉာဏ်တွေ ကောင်းလာမယ်။ သားတို့လို ကျောင်းသားအရွယ် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေး အကောင်းဆုံးအချိန်မှာ လောကီပညာနဲ့ လောကုတ္တရာပညာတွေကို တွဲပြီး လေ့လာဆည်းပူးသင့်တယ် သား။

ဖွဲ့ ။ ။ သား သဘောပေါက်သွားပါပြီ ဖေဖေ။ သားတို့လို ပညာသင်ယူနေဆဲအရွယ်မှာ မြတ်သောအကျင့်နဲ့အညီ နေထိုင်ဖို့အတွက် ဗြဟ္မစိုရ်တရားတွေကို ပွားများကျင့်သုံးရမယ်။ ဘာဝနာတရားကိုလည်း တတ်နိုင်သလောက် ပွားများအားထုတ်ရမယ်။ ဒီအချက်တွေကို ကိုယ်တိုင်လိုက်နာကျင့်သုံးရင် လက်ရှိဘဝအတွက်သာမက နောက်ဘဝအတွက်ပါ ကောင်းကျိုးများစွာ ရရှိမယ်ဆိုတာ နားလည်သွားပါပြီ။ သားကို အခုလို စိတ်ရှည်ရှည်နဲ့ ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဖေဖေ။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| မေထုန် | = | ကာမဆက်ဆံခြင်း။ |
| လောကီ | = | လောကရေးရာ။ |
| ပညာ | = | ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်။ အတတ်။ |
| လောကုတ္တရာ | = | လောကမှ လွန်မြောက်ကြောင်းဖြစ်သော တရား။ |

# သင်ခန်းစာ (၁၀)

## ပထမသင်္ဂါယနာ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး ခုနစ်ရက်မြောက်သောနေ့တွင် အရှင်မဟာကဿပသည် တပည့်ရဟန်း ၅၀၀ နှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွတော်မူသည်။ လမ်းခရီးတွင် အာဇီဝကတက္ကတွန်းတစ်ယောက်သည် မန္ဒာရဝနတ်ပန်းကို ထီးသဖွယ်ဆောင်း၍ ကုသိနာရုံပြည်မှ ပါဝါပြည်သို့ လာလျက်ရှိ၏။ အရှင်မဟာကဿပက ထိုတက္ကတွန်းကို "ငါ့ရှင် . . . ငါတို့ဆရာ မြတ်စွာဘုရားကို သိပါ၏လော"ဟု မေးရာ တက္ကတွန်းက "သင်တို့ဆရာ ရဟန်းဂေါတမကို ငါ သိပါ၏၊ သူ ပရိနိဗ္ဗာန်ပြုသည်မှာ ယနေ့ ခုနစ်ရက်ရှိပါပြီ၊ ထိုပရိနိဗ္ဗာန်ပြုရာအရပ်မှ ဤမန္ဒာရဝနတ်ပန်းကို ယူလာခဲ့ပါသည်"ဟု ပြော၏။ ထိုစကားကို ကြားသောအခါ ပုထုဇဉ်ရဟန်းတို့သည် လူးလိမ့်ငိုကြွေးကြ၏။



ထိုအခါ နောက်ပါရဟန်းပရိသတ်ထဲမှ သုဘဒ္ဒအမည်ရှိသော တောထွက်ရဟန်းကြီးက "ငါ့ရှင်တို့ . . မငိုကြကုန်လင့်၊ ယခုအခါ ငါတို့သည် ရဟန်းကြီးဂေါတမ၏ လက်အောက်မှ ကောင်းစွာ လွတ်မြောက်ကြပေပြီ၊ ရဟန်းကြီးဂေါတမသည် ငါတို့ကို အရာရာ၌ ချုပ်ချယ်ခဲ့၏၊

ယခုမူကား ငါတို့ လုပ်ချင်ရာကို လုပ်ကြကုန်အံ့၊ မလုပ်ချင်သည်ကို မလုပ်ဘဲ နေကြကုန်အံ့" ဟုဆို၏။

အရှင်မဟာကဿပသည် ထိုသို့မဖျော်လင့်သော စကားကို ကြားရသဖြင့် အံ့ဩတုန်လှုပ်တော်မူသည်။ "ဤရဟန်းယုတ်သည် သူနှင့်သဘောချင်းတူသော နောက်လိုက်အပေါင်းပါများ ရရှိခဲ့လျှင် မြတ်စွာဘုရားရှင် ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်၍ တည်ထောင်ခဲ့သော သာသနာတော်ကြီး ဆုတ်ယုတ်နိုင်သည်"ဟု ဆင်ခြင်မိကာ များစွာ စိတ်မကောင်းဖြစ်တော်မူသည်။ "ဤရဟန်းယုတ်ကဲ့သို့ အဓမ္မဝါဒီရဟန်းဆိုးများ အင်အားမများမီ၊ ဓမ္မဝါဒီရဟန်းကောင်းများ အင်အားမနည်းမီ သင်္ဂါယနာတင်လျှင် ရဟန်းဆိုးများ ခေါင်းထောင်နိုင်တော့မည်မဟုတ်သဖြင့် သာသနာတော်ကြီး စည်ပင်ပြန့်ပွားလတ္တံ့"ဟု အကြံဖြစ်တော်မူသဖြင့် သင်္ဂါယနာတင်ရန် အားထုတ်တော်မူသည်။

မြတ်စွာဘုရားရှင်၏ သရီရရုပ်အလောင်းတော်ကို မီးသင်္ဂြိုလ်၍ ဓာတ်တော်မွေတော်တို့ကို ခွဲဝေပြီးနောက် ကုသိနာရုံပြည်၌ များပြားလှသော ရဟန်းသံဃာတော်များ စည်းဝေးနေကြသည်။ ထိုအခါ အရှင်မဟာကဿပသည် သုဘဒ္ဒရဟန်း၏ ရိုင်းပျသောစကားကို ရဟန်းသံဃာတော်တို့အား ပြန်လည်မိန့်ကြား၍ သာသနာတော် အဓွန့်ရှည်တည်တံ့စေရန်အတွက် သင်္ဂါယနာတင်ရန် တိုက်တွန်းနှိုးဆော်တော်မူသည်။သင်္ဂါယနာတင်ရန် နေရာအဖြစ် ကျောင်းတိုက်များစွာရှိ၍ ပစ္စည်းလေးပါး ထောက်ပံ့မည့် ပုဂ္ဂိုလ်များစွာရှိသော ရာဇဂြိုဟ်မြို့ကို ရွေးချယ်တော်မူကြသည်။

ရာဇဂြိုဟ်ဘုရင် အဇာတသတ်မင်းကြီးက "သင်္ဂါယနာတင်ပွဲကို ရဲရဲကြီး ပြုလုပ်တော်မူကြပါဘုရား၊ တပည့်တော်က အာဏာစက်ဖြင့် ကူညီပါမည်၊ သံဃာတော်အရှင်မြတ်တို့ဘက်က ဓမ္မစက်တည်အောင် ကြိုးပမ်းတော်မူကြပါဘုရား"ဟု လျှောက်ထား၏။ ထိုအခါ မထေရ်ကြီးတို့က သံဃာစည်းဝေးရာဌာန အလိုရှိကြောင်း မိန့်ကြားသဖြင့် အဇာတသတ်မင်းကြီးက သံဃာတော် ၅၀၀ စည်းဝေးရန် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်အနီး သတ္တပဏ္ဏိလိုဏ်ဂူ၌ မဏ္ဍပ်ဆောက်လုပ်၍ လှူဒါန်းတော်မူသည်။

သင်္ဂါယနာတင်ပွဲ၌ ပါဝင်ဆောင်ရွက်နိုင်မည့် ရဟန်းများကို အရှင်မဟာကဿပကိုယ်တိုင် ရွေးချယ်တော်မူရန် သံဃာ့ခေါင်းဆောင်အားလုံးက တောင်းပန်ကြသည်။ ဤတောင်းပန်ချက်အရ အရှင်မဟာကဿပသည် ပိဋကသုံးပုံဆောင် အဆင့်မြင့်ပညာရှင် ရဟန္တာပုဂ္ဂိုလ် ၄၉၉ ပါးကို သင်္ဂါယနာတင်ပွဲ၌ ပါဝင်ရန် ရွေးချယ်တော်မူသည်။ ၅၀၀ ပြည့်အောင် မရွေးဘဲ တစ်ပါးလျော့ထားခြင်းမှာ ရဟန္တာမဟုတ်သေးသော အရှင်အာနန္ဒာကို ရွေးချယ်လိုသောကြောင့်ဖြစ်သည်။ အရှင်အာနန္ဒာသည် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀သော တရားတော်တို့ကို မြတ်စွာဘုရားရှင်ထံမှ ကိုယ်တိုင်နာကြားခဲ့ရသည့် ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် အရှင်အာနန္ဒာမပါဘဲ သင်္ဂါယနာတင်ရန်

မဖြစ်နိုင်ချေ။ ၅၀၀ ပြည့်ရန်လိုနေသော တစ်ပါးအတွက် အစည်းအဝေးရှိ မထေရ်များက အရှင်အာနန္ဒာကိုသာ ရွေးချယ်ရန် အဆိုပြုကြသဖြင့် အရှင်အာနန္ဒာကို ရွေးချယ်ရာ မထေရ် ၅၀၀ ပြည့်လေသည်။ အရှင်အာနန္ဒာသည်လည်း သောတာပန်အဆင့်ဖြင့် သင်္ဂါယနာတင်ပွဲသို့ မဝင်လိုသောကြောင့် မအိပ်မနေ ကြိုးစားအားထုတ်လေရာ သင်္ဂါယနာတင်ပွဲ အကြိုညမှာပင် ရဟန္တာဖြစ်တော်မူသည်။

သင်္ဂါယနာတင်ထေရ်အရှင် ၅၀၀တို့ စုံလင်စွာ စည်းဝေးပြီးသောအခါ အရှင်မဟာကဿပသည် သံဃနာယကမဟာထေရ်အဖြစ် ဆောင်ရွက်တော်မူ၍ သင်္ဂါယနာတင်ခဲ့ကြသည်။

ဝိနည်းပိဋကကို သင်္ဂါယနာတင်ရာ၌ အရှင်မဟာကဿပက ဝိနည်းသိက္ခာပုဒ်တစ်ပုဒ်စီ ဖြစ်ပေါ်လာပုံကို အသေးစိတ်မေးမြန်းရာ အရှင်ဥပါလိက ရှင်းလင်းပြတ်သားစွာ ဖြေတော်မူသည်။ ဤနည်းအားဖြင့် သိက္ခာပုဒ်တစ်ခုချင်းကို မေး ဖြေ စိစစ်ပြီးတိုင်း ရဟန္တာမထေရ် ၅၀၀ တို့က သံပြိုင်ရွတ်ဆို၍ အတည်ပြုလက်ခံတော်မူကြသည်။

သုတ္တန်ပိဋကကို သင်္ဂါယနာတင်ရာ၌ သုတ္တန်တစ်ခုစီကို မေးမြန်းစိစစ်ရာ အရှင်အာနန္ဒာက ရှင်းလင်းပြတ်သားစွာ ဖြေတော်မူသည်။ သုတ္တန်တစ်ခုစီကို မေး ဖြေ စိစစ်ပြီးသောအခါ ရဟန္တာမထေရ် ၅၀၀ တို့က သံပြိုင်ရွတ်ဆို အတည်ပြုလက်ခံတော်မူကြသည်။ ထို့နောက် အဘိဓမ္မာပိဋကကို သင်္ဂါယနာတင်ရာ အရှင်အာနန္ဒာကပင် ဖြေဆိုတော်မူ၍ အဘိဓမ္မာကျမ်းတို့ကို အစီအစဉ်တကျ ခွဲခြားကာ သင်္ဂါယနာတင်တော်မူကြသည်။

သင်္ဂါယနာတင်ခြင်းဆိုသည်မှာ မြတ်စွာဘုရားရှင်၏ တပည့်သားသံဃာတော်များက မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များကို စုစည်းခြင်း၊ စိစစ်ခြင်း ပြုလုပ်ပြီးနောက် မြတ်စွာဘုရားရှင် ဟောကြားခဲ့သောတရား စစ်မှန်ကြောင်း ကျေနပ်သဖြင့် စုပေါင်း၍ ရွတ်ဆိုလက်ခံအတည်ပြုကြခြင်းဖြစ်သည်။ 'သံ' ဆိုသည်မှာ အတူတကွ၊ 'ဂါယနာ' ဆိုသည်မှာ ရွတ်ဆိုခြင်းဖြစ်၍ 'သင်္ဂါယနာ' ဆိုသည်မှာ စုပေါင်းရွတ်ဆိုအတည်ပြုခြင်းဖြစ်သည်။

ဤသို့ဖြင့် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး သုံးလခန့်အကြာ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့မှစ၍ ခုနစ်လခန့် အချိန်ယူကာ ဘုရားဟောတရားဒေသနာတော်များကို ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကဟူ၍ သုံးမျိုးခွဲခြားလက်ခံ အတည်ပြုပြီး ပထမသင်္ဂါယနာကို တင်တော်မူခဲ့သည်။



**ခက်ဆစ်အဖွင့်**

တက္ကတွန်း = လွဲမှားသောအယူရှိသည့် အဝတ်မဝတ်သော ရဟန်း။
မန္တာရဝနတ်ပန်း = ဘုရားအလောင်း ပဋိသန္ဓေယူသောအခါစသည့် ထူးခြားထင်ရှားသောအခါတို့၌ ပွင့်သော မန္တာရဝအမည်ရသော ပန်း။
ရာဂ = တပ်မက်မှု။
ဓမ္မက္ခန္ဓာ = မြတ်စွာဘုရားဟောတော်မူအပ်သော တရားအစုအပေါင်း။
ဝိနည်း = ရဟန်းတို့ လိုက်နာရသည့် ဥပဒေ (စည်းကမ်း)။
သုတ္တန် = ပုဂ္ဂိုလ်အားလျော်စွာ မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်များ။
အဘိဓမ္မာ = လွန်ကဲထူးမြတ်သောတရား၊ နက်နဲသော သဘောတရား။
ဓမ္မဝါဒီ = ဖြောင့်မှန်သော အယူဝါဒရှိသူ။
ပိဋကသုံးပုံ = မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားတော်များ။

**ဓမ္မစကူးလ်ဆီသို့**

♪ သားသား မီးမီး မောင်မယ်တွေ၊ တနင်္ဂနွေဆိုရင် သွားကြမလေ၊
ဓမ္မစကူးလ်ဆီ လှမ်းစို့ သွားစို့လေ။
စိတ်ဓာတ်နဲ့ ဉာဏ်ရည်တွေ၊ မြင့်သည်ထက်မြင့်အောင်၊
အကောင်းဆုံးကို ပေးတဲ့ ဓမ္မစကူးလ်ပေ။

♪ တိုင်းရင်းသား မောင်မယ်တွေ၊ တနင်္ဂနွေဆိုရင် သွားကြမလေ၊
ဓမ္မစကူးလ်ဆီ လှမ်းစို့ သွားစို့လေ။
နည်းလမ်းနဲ့ အကြံဉာဏ်တွေ၊ ကောင်းသည်ထက်ကောင်းအောင်၊
လမ်းပြညွှန်ပေးတဲ့ ဓမ္မစကူးလ်ပေ။

♪ ဗုဒ္ဓဂုဏ်ရည် သင်ကြားခဲ့ပြီ၊ ကြည်ညိုသဒ္ဓါ ပွားနိုင်ခဲ့ပေပြီ၊
ဗုဒ္ဓ ရတနာ ကြီးမြတ်ပါပေသည်၊ ရင်မှာထာဝစဉ် ကိန်းဝပ်သွားခဲ့ပြီ။
ဓမ္မဂုဏ်ရည် သင်ကြားခဲ့ပြီ၊ ကြည်ညိုသဒ္ဓါပွားနိုင်ခဲ့ပေပြီ၊
ဓမ္မ ရတနာ ကြီးမြတ်ပါပေသည်၊ သံဃာတော်တွေ လက်ဆင့်ကမ်းခဲ့ပြီ။
သံဃာ့ဂုဏ်ရည် သင်ကြားခဲ့ပြီ၊ ကြည်ညိုသဒ္ဓါပွားနိုင်ခဲ့ပေပြီ၊
သံဃ ရတနာ ကြီးမြတ်ပါပေသည်၊ သရဏဂုံသုံးပါး တို့ဆောက်တည်။

♪ အမျိုးအတွက်မျှော်ရည်၊ တို့အားထားမည်၊ ဘာသာစာပေ တောက်ပြောင်ရစေမည်။
တို့ဓမ္မအမွေ၊ လက်ဆင့်လာလေပြီ၊ ဓမ္မစကူးလ်ကပေးတဲ့ တို့ရဲ့ အမွေ။

# သင်ခန်းစာ (၁၁)
## သစ်ပင်စိုက်ပျိုးရေး



သစ်ပင်တို့သည် လူတို့အသက်ရှင်နေထိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည်။ သစ်ပင်တို့သည် လူတို့အသက်ရှင်ရန် မရှိမဖြစ်လိုအပ်သော အောက်စီဂျင်ဓာတ်ကို ထုတ်ပေးပြီး လူတို့ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို ပြန်လည်စုပ်ယူကြသည်။

လူတို့၏ စား၊ ဝတ်၊ နေရေးအတွက် သစ်ပင်တို့က ထောက်ကူပေးကြသည်။ လူတို့စားသုံးရန် အသီး၊ အရွက်၊ အစေ့၊ အနှံ၊ အခေါက် စသည်တို့ကို သစ်ပင်များမှ ရရှိသည်။ အဝတ်အထည်အတွက် လိုအပ်သော ချည်မျှင်၊ လျှော်မျှင်၊ ဆိုးဆေး စသည်တို့ကို သစ်ပင်များမှ ရရှိသည်။ နေထိုင်ရန် အဆောက်အအုံအတွက် လိုအပ်သော အခင်း၊ အကာ၊ အမိုး စသည်တို့ကိုလည်း သစ်ပင်၊ ဝါးပင်များမှ ရရှိသည်။ အနာရောဂါကို ကာကွယ်ကုသနိုင်သော ဆေးဝါးများကိုလည်း သစ်ပင်၊ နွယ်ပင်တို့မှ ထုတ်လုပ်နိုင်သည်။ ထို့အပြင် အေးမြသော အရိပ်အာဝါသကိုလည်း သစ်ပင်တို့က ပေးစွမ်းနိုင်သည်။

သစ်ပင်တို့သည် မြေဆီလွှာများကို ထိန်းသိမ်းပေးသည်။ သစ်ရွက်ခြောက်များသည် သဘာဝမြေဩဇာများဖြစ်သည်။ ရေစီးရေလာနှင့် ရေအစိုဓာတ်ကိုလည်း သစ်ပင်တို့က ထိန်းသိမ်းပေးသည်။ သစ်တောတို့၌ ကျေးငှက်သတ္တဝါတို့ အသက်ဆက်ခိုအောင်းနိုင်သည်။

သဘာဝသစ်တောကြီးများသည် မုန်တိုင်းဒဏ်ကို ကာကွယ်နိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သစ်ပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးကြရမည်။ သို့မှသာ လူနှင့်သစ်ပင်တို့သည် အပြန်အလှန် အမှီသဟဲပြုနိုင်ကြမည်။

ဗုဒ္ဓတရားတော်များ၌ အမြဲထာဝရကုသိုလ်တွင် ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ် စိုက်ပျိုးလှူဒါန်းခြင်း၊ အရိပ်ရပင်၊ စားသုံးပင်များ စိုက်ပျိုးလှူဒါန်းခြင်းတို့ ပါဝင်သည်။ ရှေးအခါက ဗုဒ္ဓဘာသာဝင်တို့သည် သစ်ပင်ဥယျာဉ် စိုက်ပျိုး၍ ရဟန်းသံဃာတော်တို့အား လှူဒါန်းကြကြောင်း ကမ္ပည်း ကျောက်စာများတွင် တွေ့ရသည်။

ဗုဒ္ဓဘုရားရှင်အဆူဆူတို့သည် သစ်ပင်ကြီးများအောက်တွင် သစ္စာလေးပါးမြတ်တရားကို ထိုးထွင်းသိမြင်ပြီး သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူကြသည်။ ဘုရားရှင်တို့ ပွင့်ထွန်းရာ သစ်ပင်မှန်သမျှကို ဗောဓိပင်ဟု ခေါ်ဆိုကြသည်။ ဗုဒ္ဓဝင်ကျမ်းများတွင် ဘုရားရှင်တို့သည် သခွတ်ပင်၊ ပေါက်ပင်၊ ညောင်ကြတ်ပင်၊ ကံ့ကော်ပင်၊ ကြောင်လျှာပင်၊ ထင်းရှူးပင်၊ ကြခတ်ဝါးပင်၊ စကားပင်၊ ပိတောက်ပင်၊ သရက်ဖြူပင်၊ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်နှင့် ညောင်ဗုဒ္ဓဟေပင် စသည်တို့အောက်တွင် ပွင့်တော်မူခဲ့ကြသည်ဟု ဖော်ပြထားသည်။

သစ်ပင်တစ်ပင်ကို စိုက်၍ ချက်ချင်း ခူးယူစားသုံးရန် မဖြစ်နိုင်ပါ။ သို့သော် ကျွန်ုပ်တို့၏ ဘိုးဘေးများ စိုက်ပျိုးခဲ့သော သစ်ပင်များမှ အသီးအပွင့်များကို ယခု ကျွန်ုပ်တို့ စားသုံးနေကြရသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကလည်း အနာဂတ်မျိုးဆက်တို့အတွက် သစ်ပင်များကို ရှင်သန်ပွားများအောင် စိုက်ပျိုးသင့်ပေသည် ။



## ကမ္ဘာကြီးအေးမြ

သစ်ပင်စိုက်စို့ ညီထွေးရယ်
အရိပ်ရပါတယ်၊
အသီးစားမယ်ဆိုပါတော့၊
ချိုချဉ် စုံလှပေါ့။
တောင်ကုန်းမော့မော့ မြေပြောင်ပြောင်၊
မိုးမရွာဘဲ ခေါင်။
မိုးခေါင်တဲ့အခါ နေရှိန်ပြင်း၊
သောက်ရေ သုံးရေ ကင်း။
လယ်ယာမြေတွင်း ခြောက်ကာလေ၊
ပပ်ကြားအက်လို့နေ။
တောကောင်လေးတွေ သေကျေကြ၊
အိုးအိမ်မဲ့နေရ။
စိုက်ကြပျိုးကြ သစ်ပင်တွေ၊
နေရာ အနှံ့လေ၊
မြေဆီလွှာကို ထိန်းသိမ်းမှ၊
သတ္တဝါတွေ ချမ်းသာကြ၊
ကမ္ဘာကြီးအေးမြ။

**(မောင်မောင်ငြိမ်းအေး)**



# သင်ခန်းစာ (၁၂)
## သဗ္ဗညုဂူဘုရား



မွန်မွန်နှင့် ကိုကိုတို့မိသားစုသည် သီတင်းကျွတ်ကျောင်းပိတ်ရက်၌ ပုဂံသို့ ဘုရားဖူးထွက်ခဲ့ကြသည်။ 'မြန်မာမှန်ရင် ပုဂံရောက်ဖူးရမယ်'ဆိုသော စကားကြောင့် မွန်မွန်တို့ မောင်နှမ ပုဂံကို ရောက်ဖူးချင်ကြသည်။ ယခု ဆန္ဒပြည့်ဝ၍ မွန်မွန်တို့ ပျော်နေကြသည်။

ပုဂံရှိ ဘိုးဘွားယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ဘုရားစေတီများနှင့် အနုပညာလက်ရာများကို မွန်မွန်တို့ဖေဖေက ရှင်းပြပေးသည်။ ရွှေစည်းခုံနှင့် အာနန္ဒာဘုရားကို ဖူးမြော်ပြီးနောက် သဗ္ဗညုဂူဘုရားအရောက်တွင် –

မွန်မွန် ။ ။ ဖေဖေ . . . သဗ္ဗညုဂူဘုရားကို ဘယ်သူတည်ခဲ့တာလဲ။

ဖေဖေ ။ ။သဗ္ဗညုဂူဘုရားကိုအလောင်းစည်သူမင်းကြီးကမြန်မာသက္ကရာဇ် ၄၈၆ ခုနှစ်မှာ တည်ထားကိုးကွယ်ခဲ့တယ်။ သဗ္ဗညုဂူဘုရားဟာ အလောင်းစည်သူမင်းကြီး တည်ထားခဲ့တဲ့ စေတီ ၁၅ ဆူထဲက တစ်ဆူပေါ့ သမီးရဲ့၊ သဗ္ဗညုဂူဘုရားကြီးကို ဘုရားရှင်လက်ထက်က ဝိသာခါကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ပုဗ္ဗာရုံကျောင်းတော်ကြီးရဲ့ ပုံသဏ္ဌာန်ကို ယူပြီး ၁၁ နှစ်ကြာအောင် တည်ခဲ့ရတယ်။

ကိုကို ။ ။ ဘာဖြစ်လို့ သဗ္ဗညုလို့ခေါ်တာလဲ ဖေဖေ။

ဖေဖေ ။ ။ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့အလုံးစုံသိမြင်တော်မူသောသဗ္ဗညုတဉာဏ်တော်ကို ပူဇော်တဲ့အနေနဲ့ တည်ထားခဲ့လို့ 'သဗ္ဗညု' ဘုရားလို့ ခေါ်ဝေါ်သမုတ်ခဲ့တာ ဖြစ်တယ်။

မွန်မွန် ။ ။ ဘုရားကြီးက တော်တော်မြင့်တယ်နော် ဖေဖေ။ ပုဂံဘုရားတွေထဲမှာ အမြင့်ဆုံးလား။

ဖေဖေ ။ ။ ဟုတ်တယ်သမီး၊ ပုဂံဘုရားတွေနဲ့ ပတ်သက်ပြီး 'ထုတွင်ဓမ္မရံ၊ ဉာဏ်တွင် သဗ္ဗညု၊ အနုတွင် အာနန္ဒာ၊ တန်ခိုးတွင် ရွှေစည်းခုံ'လို့ အဆိုရှိတယ်။ ထုထည်အကြီးမားဆုံးက ဓမ္မရံကြီးဘုရား၊ ဉာဏ်တော်အမြင့်ဆုံးက သဗ္ဗညုဂူဘုရား၊ အနုပညာလက်ရာ အပြောင်မြောက်ဆုံးက အာနန္ဒာဘုရားကြီး၊ တန်ခိုးအကြီးဆုံးက ရွှေစည်းခုံဘုရားကြီးလို့ ဆိုကြတာပေါ့။

မွန်မွန် ။ ။ပုဂံမှာ အမြင့်ဆုံးဘုရားဆိုတော့ ဉာဏ်တော် ဘယ်လောက်မြင့်တယ်ဆိုတာ သမီး သိချင်တယ် ဖေဖေ။ အာနန္ဒာဘုရားကြီးနဲ့ ဘယ်လောက်ဝေးလဲ။

ဖေဖေ ။ ။ ဉာဏ်တော်အမြင့်က ဖိနပ်တော်ကနေ ငှက်မြတ်နားတော်အထိ ၂၁၀ ပေ ရှိတယ်။ ပုဂံမှာ ဉာဏ်တော်အမြင့်ဆုံးဘုရားဖြစ်တော့ အခြားစေတီပုထိုးတွေကို လွှမ်းမိုးနေသလို ရှိနေတဲ့အတွက် ပုဂံမျှော်စင်လို့လည်း ခေါ်ကြတယ်။ ဒီဘုရားက အာနန္ဒာဘုရားကြီးရဲ့အနောက်တောင်ဘက် ကိုက် ၅၀၀ လောက် အကွာမှာ ရှိတယ်။

ထို့နောက် မွန်မွန်တို့မိသားစုသည် ဘုရားအတွင်းသို့ ဝင်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ကိုကို ။ ။ဖေဖေရေ . . . သားတို့ အပြင်ကကြည့်တော့ နှစ်ထပ်ဂူဘုရားကြီး ပုံသဏ္ဍာန် တည်ထားတယ်လို့ထင်ရပေမယ့် အထဲဝင်ကြည့်တော့မှ အဆင့်ငါးဆင့်တောင် ရှိနေပါလား။

ဖေဖေ ။ ။ ဟုတ်တယ်သားရဲ့။ ပထမအဆင့်နဲ့ ဒုတိယအဆင့်က ရဟန်းတော်တွေ သီတင်းသုံးဖို့ဖြစ်ပြီး တတိယအဆင့်မှာတော့ ရုပ်ပွားတော်တွေကို ထားရှိတယ်။ စတုတ္ထအဆင့်ကို ပိဋကတ်တိုက်အတွက် အသုံးပြုပြီး ပဉ္စမအဆင့်မှာတော့ နိုင်ငံအသီးသီးက ဆက်သတဲ့ ဓာတ်တော်တွေကို ဌာပနာပြီး စေတီတည်ထားတယ်လေ။

မွန်မွန် ။ ။ဖေဖေ . . . အထပ်တိုင်းမှာ ကျယ်ပြန့်တဲ့ စကြံပတ်လမ်းတွေ ရှိတယ်ဆိုတာ ဟုတ်လား။

ဖေဖေ ။ ။ ဟုတ်တယ်သမီး၊ အရင်တုန်းကတော့ စတုတ္ထထပ်စကြံပတ်လမ်းကနေ ပုဂံတစ်ဝိုက်က ရှုခင်းတွေနဲ့ ပုဂံရဲ့နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်တယ်။

ကိုကိုနှင့်မွန်မွန် ။ ။ အခု တက်ကြည့်လို့မရဘူးလား ဖေဖေ။

မေမေ ။ ။ ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် အပေါ်ကို တက်ရောက် ဖူးမြော်ခွင့်မပြုတော့ဘူး။ ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ရဲ့ ပံ့ပိုးမှု၊

စေတနာရှင်တွေရဲ့လှူဒါန်းမှု၊ ဂေါပကအဖွဲ့ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေနဲ့ ပေါင်းစပ်ပြီး ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြလို့ ယနေ့တိုင် ကမ္ဘာလှည့်ခရီးသွားတွေနဲ့ ရပ်နီး ရပ်ဝေးမှ ဘုရားဖူးများ လှေ့လာကြည်ညိုနေကြရတာပေါ့။ အပြင်နံရံမှာရှိတဲ့ အင်္ဂတေ ပန်းတွေကတော့ ခေတ်အဆက်ဆက် ကုသိုလ်ရှင်တွေက ထုံးသုတ်ခဲ့ကြလို့ မရှိတော့ဘူး။

ကိုကို ။ ။ ဘာဖြစ်လို့ ထုံးသုတ်တာလဲ ဖေဖေ။

ဖေဖေ ။ ။ ကြည်ညိုဖွယ် ဖြစ်စေချင်လို့ပေါ့။ ရှေးဟောင်း အနုပညာလက်ရာတွေရဲ့ တန်ဖိုးကို နားမလည်ကြလို့ဘဲ။ သာသနာရေးကိစ္စတွေ လုပ်တဲ့အခါမှာ သဒ္ဓါကောင်းပေမယ့် ပညာဆင်ခြင်ဉာဏ်မပါရင် အကျိုးမဲ့ဖြစ်တတ်တယ်ဆိုတာ မီးမောင်းထိုးပြတဲ့ သမိုင်းသာဓက တစ်ခုပေါ့။ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တွေကို မပျက်စီးအောင် စနစ်တကျ ထိန်းသိမ်း သင့်တယ်။

ဤသို့ဖြင့် မွန်မွန်တို့မိသားစုသည် ဘုရားဝတ်ပြုပြီး ဘုရားအတွင်းမှ ထွက်လာစဉ် ဘုရားကြီးနှင့် ကပ်လျက်တွင်ရှိသော ဘုရားတစ်ဆူကို ကြည့်၍ မွန်မွန်က မေးသည်။

မွန်မွန် ။ ။ ဖေဖေ . . . အဲဒါဘာဘုရားလဲ။

ဖေဖေ ။ ။ အဲဒါ 'ဂရို့ချိုးဘုရား'လို့ ခေါ်တယ်၊ သဗ္ဗညုတဘုရားကြီး တည် တဲ့အခါ အုတ်ဖိုတစ်ဖိုကို အုတ်တစ်သောင်းဖုတ်တယ်။ အုတ်ဘယ်နှဖို ဖုတ်ရတယ်ဆိုတာ မှတ်သားဖို့အတွက် အုတ်တစ်သောင်းပါတဲ့ အုတ်ဖိုတစ်ဖိုကနေ တစ်ချပ်စီနုတ်ပြီး မှတ်သားတာကို ဂရို့ချိုးတယ် (တာလီချိုး) တယ်လို့ ခေါ်တယ်။ အဲဒီလို ဂရို့ချိုး (တာလီချိုး) ထားတဲ့ အုပ်တစ်ချပ် စီကို စုပြီး တည်ထားတဲ့ဘုရားဖြစ်လို့ ဂရို့ချိုးဘုရားလို့ခေါ်တာ သမီးရဲ့။

မွန်မွန် ။ ။ ဒီဘုရားကြီးကို အုတ်တွေအများကြီးနဲ့ တည်ထားခဲ့တယ်ဆိုတာ ဂရို့ချိုး ဘုရားက သက်သေပြနေတာပေါ့နော်။

ဖေဖေ ။ ။ ဟုတ်တာပေါ့ သမီးရဲ့။ ဒီဂရို့ချိုးဘုရားဟာလည်း သဗ္ဗညုတဘုရားကြီးနဲ့ ပတ်သက်တဲ့ ထူးခြားချက်တွေထဲက တစ်ခုပေါ့။

မွန်မွန်။ ။ ဒီကပြန်ရောက်ရင် သမီးရဲ့သူငယ်ချင်းတွေကို ဘုရားဖူးအတွေ့အကြုံတွေကို ပြန်ပြောပြရမယ်။ ပြီးတော့ မြန်မာတို့ရဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ စုဝေးရာ ပုဂံမြေမှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး အနုပညာလက်ရာမြောက်လှတဲ့ သဗ္ဗညုတဘုရားကြီးကို သွားရောက်ဖူးမြော်ကြဖို့ တိုက်တွန်းရမယ်။



# သင်ခန်းစာ (၁၃)
# သူတော်ကောင်းဥစ္စာနှင့် ပြည့်စုံသူ



မြတ်စွာဘုရားရှင် လက်ထက်တော်အခါက သုပ္ပဗုဒ္ဓဟုခေါ်သည့် သူတောင်းစားလူနူ တစ်ယောက်ရှိသည်။ တစ်နေ့တွင် သူသည် မြို့ထဲ၌ အစားအစာများကို လှည့်လည်တောင်းရမ်း နေစဉ် မြတ်စွာဘုရားရှင် တရားဟောသော နေရာအနီးသို့ ရောက်သွားသည်။ သုပ္ပဗုဒ္ဓသည် လူအုပ်ကြီးကို တွေ့သည့်အတွက် "ငါတော့ စားစရာ ရတော့မယ်"ဟု တွေး၍ ဝမ်းသာအားရဖြင့် ထိုနေရာသို့သွားရာ အနားသို့ရောက်သောအခါမှ မြတ်စွာဘုရားရှင် တရားဟောနေမှန်း သိလိုက်ရသည်။

ဤနေရာတွင် အစားအသောက် မရနိုင်သော်လည်း အခွင့်အရေးကြုံခိုက် မြတ်စွာ ဘုရားရှင်၏ တရားတော်ကို နာကြားလိုက်ဦးမည်ဟု တွေးကာ သုပ္ပဗုဒ္ဓသည် လူအုပ်ကြီး၏ အစွန်အဖျားတစ်နေရာတွင် ထိုင်၍တရားနာလေသည်။ မြတ်စွာဘုရားရှင်သည် တရားဟောနေရင်း တရားထူးရနိုင်မည့်သူကို ဉာဏ်တော်ဖြင့် ကြည့်လိုက်သောအခါ သုပ္ပဗုဒ္ဓကို တွေ့မြင်တော် မူသည်။ သို့ဖြစ်၍ သုပ္ပဗုဒ္ဓကို ရည်ညွှန်းကာ ဒါနအကျိုး၊ သီလအကျိုးများကို ဟောကြားတော်မူရာ

တရားပြီးဆုံးသောအခါ သုပ္ပဗုဒ္ဓသည် တရားထူးရ၍ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားလေသည်။ သုပ္ပဗုဒ္ဓသည် မိမိတရားထူးရရှိသည်ကို မြတ်စွာဘုရားရှင်အား အသိပေးလျှောက်ထားလိုသော်လည်း လူပရိသတ် များပြားနေသည့်အတွက် မြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်တော်မူသော ကျောင်းတော်သို့ လိုက်သွားလေသည်။

ထိုအကြောင်းကို သိကြားမင်း သိသွားရာ သုပ္ပဗုဒ္ဓသည် ဘုရား၊ တရား၊ သံဃာကို စွဲမြဲစွာ ယုံကြည်ခြင်း ရှိ၊ မရှိ စမ်းသပ်ကြည့်ဦးမည်ဟုဆိုကာ "အို မိတ်ဆွေ . . . သင်ဟာ လူ့လောကမှာ နေရပေမယ့် အလွန်ကို ဆင်းရဲတဲ့သူပဲ၊ လှည့်လည်ပြီး တောင်းရမ်းစားသောက်ရတဲ့ အထီးကျန်တဲ့သူပဲ၊ ဒါကြောင့် သင် သုံးလို့မကုန်နိုင်တဲ့ စည်းစိမ်ဥစ္စာကို ငါပေးမယ်၊ ဒါပေမယ့် ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်၊ ဘုရား၊ တရား သံဃာဟာ ငါ့အတွက် အကျိုးမရှိဘူးဆိုတာကိုတော့ ပြောပေးရမယ်"ဟု ပြောလိုက်သည်။

ထိုစကားကို ကြားလိုက်ရသဖြင့် သုပ္ပဗုဒ္ဓသည် "သင်ဘယ်သူလဲ"ဟု မေးမြန်းလိုက်သောအခါ သိကြားမင်းက "အကျွန်ုပ် သိကြားမင်းဖြစ်တယ်"ဟု ပြန်ဖြေလိုက်သည်။ ထိုအခါ သုပ္ပဗုဒ္ဓက "ဟယ် သိကြားမင်း . . . သင်ဟာ အလွန်ကို မိုက်မဲတဲ့သူ၊ အလွန်အရှက်မရှိတဲ့သူပဲ၊



အခု သင်နဲ့ စကားပြောနေရတာတောင် မသင့်တော်ဘူး၊ သင်ဟာ ကျွန်ုပ်ကို အလွန်ဆင်းရဲ အထီးကျန်တဲ့သူလို့ ပြောခဲ့တယ်၊ တကယ်တော့ ကျွန်ုပ်ဟာ ဆင်းရဲအထီးကျန်တဲ့သူ မဟုတ်ဘူး၊ အလွန်ကို ချမ်းသာကြွယ်ဝတဲ့သူဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်ဟာ (၁) သဒ္ဓါ = ရတနာသုံးပါးနဲ့ ကံ ကံရဲ့အကျိုးကိုယုံကြည်ခြင်း၊ (၂) သီလ = ကိုယ်ကျင့်သီလနဲ့ ပြည့်စုံခြင်း၊ (၃) ဟိရီ = မကောင်းမှုလုပ်ရမှာကို ရှက်ခြင်း၊ (၄) ဩတ္တပ္ပ = မကောင်းမှု လုပ်ရမှာကို ကြောက်ခြင်း၊ (၅) သုတ = အကြားအမြင်များခြင်း၊ (၆) စာဂ = ပေးကမ်းစွန့်ကြဲခြင်း၊ (၇) ပညာ = ပညာနဲ့ပြည့်စုံခြင်းဆိုတဲ့ သူတော်ကောင်းဥစ္စာခုနစ်ပါးတို့နဲ့ ပြည့်စုံလို့ပဲဖြစ်တယ်၊ အဲဒီလို သူတော်ကောင်းဥစ္စာခုနစ်ပါးနဲ့ ပြည့်စုံတဲ့သူကို ပညာရှိတို့က ချမ်းသာသူလို့ ပြောကြတယ်”ဟု ပြန်ပြောလိုက်သည်။

ထိုအခါ သိကြားမင်းသည် သုပ္ပဗုဒ္ဓထံမှ ထွက်ခွာသွားပြီး ထိုအကြောင်းကို မြတ်စွာဘုရားထံသို့ သွားရောက်လျှောက်တင်လေသည်။ ဤတွင် မြတ်စွာဘုရားရှင်က “ဒကာတော် သိကြားမင်း . . . ဒကာတော်က သုပ္ပဗုဒ္ဓကို ဆင်းရဲသားလို့ ထင်နေတယ်၊ တကယ်တော့ သုပ္ပဗုဒ္ဓဟာ ချမ်းသာအစစ်ကို ရရှိပိုင်ဆိုင်သူဖြစ်နေပြီ၊ ဒါကြောင့် ဒကာတော်လို သိကြားမင်းပေါင်း အထောင်အသောင်း အသိန်းကပင် ဘုရားကို ဘုရားမဟုတ်၊ တရားကို တရားမဟုတ်၊ သံဃာကို သံဃာမဟုတ်လို့ သုပ္ပဗုဒ္ဓအား ပြောခိုင်းသော်လည်း ပြောမှာမဟုတ်ဘူး” ဟု မိန့်ကြားတော်မူလိုက်လေသည်။

**ခက်ဆစ်အဖွင့်**

လူနူ = ခန္ဓာကိုယ်တွင် အရေပြားရောဂါ စွဲကပ်နေသူ။

# သင်ခန်းစာ (၁၄)

## မဟာဒုက်



ကဿပဘုရားရှင်လက်ထက်က ဗာရာဏသီမြို့တွင် အလွန်ဆင်းရဲသော မဟာဒုက်တို့ ဇနီးမောင်နှံ ရှိ၏။ မဟာဒုက်သည် သူတစ်ပါးခိုင်းစေသည့် အခစားအလုပ်ကိုလုပ်၍ အသက်မွေးရသည်။ အလုပ်မလုပ်ရသောနေ့တွင် ဘုရားရှင်ကျောင်းတော်သို့ သွား၍ ဆွမ်းကျန်ဟင်းကျန်များကို တောင်းရမ်းစားသောက်ရသည်။

တစ်နေ့တွင် ကဿပဘုရားရှင်သည် ရဟန်း ၂၀၀၀၀ နှင့်အတူ ဗာရာဏသီမြို့သို့ ကြွချီတော်မူလာရာ နိဗ္ဗာန်ဆော်တစ်ယောက်က ကဿပဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းနိုင်ရန် မြို့သူမြို့သားများကို နှိုးဆော်ပေးနေ၏။ မဟာဒုက်လည်း သံဃာတစ်ပါးစာ တာဝန်ယူမည်ဟု စာရင်းပေးခဲ့သည်။ မဟာဒုက်တို့ ဇနီးမောင်နှံမှာ အလွန်ဆင်းရဲလှသဖြင့် အိမ်တွင် ဆန်၊ ဆီ၊ ဆားမှာလည်း တစ်ခါချက်အပြင် အပိုမရှိပေ။ သို့သော် ထိုကဲ့သို့ သံဃာတစ်ပါးစာ တာဝန်ယူခဲ့သည့်အကြောင်း ဇနီးသည်ကိုပြောရာ ဇနီးသည်ကလည်း အပြစ်မဆိုသည့်အပြင် ဝမ်းမြောက်ဝမ်းသာပင် လက်ခံလိုက်၏။

ထို့နောက် မဟာဒုက်တို့ ဇနီးမောင်နှံသည် သံဃာတစ်ပါးစာ ဆွမ်းကပ်လှူနိုင်ရေးအတွက် အလုပ်မရွေး လုပ်ကြလေသည်။ ရဟန်းတော်တစ်ပါးကို ဆွမ်းကပ်လှူမည်ဟူသော စိတ်စေတနာဖြင့် ပင်ပန်းသည်ကို အမှုမထားဘဲ တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်ကြ၏။ စေတနာအကျိုးပေးကြောင့် ဆီပေးသူ၊ ဆန်ပေးသူ၊ ငါးပေးသူများ ရှိလာပြီး

သံဃာတစ်ပါးစာ ချက်ပြုတ်ရန် လုံလောက်သွားလေသည်။ မဟာဒုက်တို့ ဇနီးမောင်နှံ၏ စေတနာထက်သန်မှုကြောင့် သိကြားမင်းက ဆင်းရဲသားအသွင်ဆောင်ကာ ဆွမ်းချက်ရာတွင် ကူညီလုပ်ကိုင်ပေးသည်။ ထိုအချိန်တွင် မဟာဒုက်သည် မိမိအိမ်သို့ ဆွမ်းစားကြွမည့်ရဟန်းကို နိဗ္ဗာန်ဆော်ထံ သွားရောက်တောင်းခံလေ၏။ နိဗ္ဗာန်ဆော်က စာရင်းမှတ်ရန် မေ့လျော့သွားသဖြင့် မဟာဒုက်အတွက် ရဟန်းတစ်ပါးမျှ မကျန်တော့ကြောင်း ပြောပြရာ မဟာဒုက်သည် ဝမ်းနည်းခြင်း ကြီးစွာဖြင့် လူးလိမ့်ငိုကြွေးလေ၏။




ထိုအခါ နိဗ္ဗာန်ဆော်ကြီးက မဟာဒုက်ကို "မြတ်စွာဘုရားသည် ဆင်းရဲနွမ်းပါးသူများကို သနားချီးမြှောက်လေ့ရှိ၏၊ ထို့ကြောင့် မြတ်စွာဘုရားထံသို့သွားကာ တပည့်တော်၏ ဆွမ်းအလှူကို လက်ခံတော်မူပါဟု လျှောက်တင်၍ ဆွမ်းပင့်ဖိတ်ပါလော့၊ သို့သော်လည်း မြတ်စွာဘုရားကို ဆွမ်းလှူရန် ပြည့်ရှင်မင်း၊ မင်းညီမင်းသား၊ စစ်သူကြီးနှင့် သူဌေးသူကြွယ်တို့လည်း မြတ်စွာဘုရား ထွက်အလာကို စောင့်ဆိုင်းနေကြ၏၊ သင့်မှာ ဘုန်းကံရှိပါက မြတ်စွာဘုရား၏ သပိတ်တော်ကို ရပါလိမ့်မည်"ဟု အကြံပေးလိုက်သည်။ မဟာဒုက်လည်း နိဗ္ဗာန်ဆော် အကြံပေးသည့်အတိုင်း မြတ်စွာဘုရားကျောင်းတော်သို့ သွား၍ အရဲစွန့်ကာ မြတ်စွာဘုရားအား ပင့်လိုက်သည်။ မြတ်စွာဘုရားရှင်လည်း မဟာဒုက်၏ ပင့်ဖိတ်မှုကို လက်ခံတော်မူပြီး သပိတ်တော်ကို မဟာဒုက်အား ချီးမြှင့်လိုက်လေသည်။

ထိုအခါ မင်း၊ အမတ်၊ စစ်သူကြီးနှင့် သူဌေးတို့က "မဟာဒုက် . . . အသင်ဟာ ဆင်းရဲလှတယ်၊ သင့်ကို အသပြာများစွာ ပေးပါ့မယ်၊ သပိတ်တော်ကို ရောင်းပါ"ဟု ပြောကြားရာ



မဟာဒုက်က “ကျွန်ုပ်သည် ဥစ္စာကို အလိုမရှိ၊ မြတ်စွာဘုရားရှင်ကိုသာ ဆွမ်းလုပ်ကျွေးလို၏”ဟု ပြန်ပြော၍ ဝမ်းမြောက်ဝမ်းသာဖြင့် ဘုရားရှင်ကို အိမ်သို့ပင့်ဆောင်ခဲ့သည်။ အိမ်၌ ဘုရားရှင်အား ရွှင်လန်းဝမ်းမြောက်စွာ ဆွမ်းလုပ်ကျွေးလှူဒါန်း၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းအနုမောဒနာတရား ဟောတော်မူသည်။ ထို့နောက် မဟာဒုက်သည် သပိတ်ပိုက်၍ ဘုရားရှင်ကို ကျောင်းတော်သို့ လိုက်ပို့ခဲ့သည်။ ထိုစဉ် သူ့အိမ်၌ ကောင်းကင်မှ ရတနာခုနစ်ပါး မိုးကြီး ရွာချလေ၏။ မဟာဒုက် အိမ်ပြန်ရောက်သောအခါ သူ့အိမ်တစ်အိမ်လုံး ရတနာများဖြင့် ပြည့်နေသည်ကို အံ့သြဖွယ် တွေ့ရလေသည်။

ဗာရာဏသီပြည့်ရှင် ဘုရင်ကြီးသည် မဟာဒုက်တို့အကြောင်းကို သိရှိသွားရာ မဟာဒုက်အား သူဌေးကြီးအရာ ပေးလိုက်လေသည်။ ဘုရင်ကြီးက ယခင်သူဌေးကြီး နေခဲ့သော အိမ်နေရာဟောင်းကို မဟာဒုက်အား ပေးလိုက်သည်။ ထိုအိမ်မြေနေရာကို ရှင်းလင်းသောအခါ ရွှေအိုးများကို ထပ်မံတွေ့ရသဖြင့် မဟာဒုက်သည် ဗာရာဏသီပြည်၏ အချမ်းသာဆုံး သူဌေးကြီး ဖြစ်သွားလေသည်။

မဟာဒုက်သူဌေးကြီးသည် အိမ်ဆောက်ပြီးသောအခါ ဘုရားရှင်နှင့်တကွ သံဃာတော်များအား အလှူကြီးပေးပြန်သည်။ ဤသို့ဖြင့် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုများ တိုးသည်ထက်တိုးကာ ပြုလုပ်သွားပြီး သေလွန်သောအခါ နတ်ပြည်၌ နတ်သား ဖြစ်သွားခဲ့လေသည်။ ထိုသို့ဖြစ်ရခြင်းမှာ အလှူဒါနကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ပြုလုပ်သောကြောင့် ဖြစ်ပေသည်။



**ခက်ဆစ်အဖွင့်**

နိဗ္ဗာန်ဆော် = နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတို့ကို အခြားသူများ ပြုလုပ်နိုင်စေရန် တိုက်တွန်းနိုးဆော်ပေးသူ။

ဆွမ်းအနုမောဒနာတရား = ဆွမ်းလှူဒါန်းမှုကို ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန် ဟောကြားသောတရား။

# သင်ခန်းစာ (၁၅)
## အရပ်မျက်နှာအားလုံးသို့ မွှေးပျံ့သောဂုဏ်သတင်း



မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာအား ပရိနိဗ္ဗာန်စံတော်မူမည့်အကြောင်း အသိပေးပြောကြားပြီးနောက် သွေးဝမ်းသွန်သော ရောဂါ ခံစားနေရသည်။ ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရားရှင်၏ သီလတန်ခိုးတော်ကြောင့် နတ်ပြည်မှ သိရှိပြီး သတင်းမေးမြန်းရန် မြတ်စွာဘုရားရှင်ထံ ရောက်လာသည်။ ထိုအခါ မြတ်စွာဘုရားရှင်က "သင်ဘယ်သူလဲ"ဟု မေးတော်မူသည်။

သိကြားမင်းက "တပည့်တော် သိကြားမင်းပါဘုရား"ဟု ပြန်လည်လျှောက်ထားသည်။ မြတ်စွာဘုရားရှင်က "ဘာကိစ္စနဲ့ရောက်လာတာလဲ"ဟု ထပ်မေးတော်မူသောအခါ သိကြားမင်းက "မြတ်စွာဘုရားရှင်ကို ပြုစုဖို့လာပါတယ်ဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားရှင်က "ငါ့မှာ ပြုစုမယ့်သူတွေ ရှိတယ်၊ သင် ပြန်တော့၊ သင်တို့ဟာ လူနဲ့ဆိုရင် ခွေးသေကောင်ပုပ်ကို လည်ပင်းမှာ ဆွဲထားရသလို ယူဇနာတစ်ရာဝေးတဲ့ အရပ်ကတောင်မှ နံကြတယ်မဟုတ်လား"ဟု မေးတော်မူသောအခါ သိကြားမင်းက "မြတ်စွာဘုရား . . . အဲဒါက သီလမရှိသူတွေရဲ့ အနံ့သာ ဖြစ်ပါတယ်ဘုရား၊ မြတ်စွာဘုရားရှင်တို့လို သီလရှိသူတွေရဲ့ အနံ့ကတော့ ကိုယ်နံ့ကို

မပြောပါနဲ့၊ ချွေးနံ့၊ ကျင်ကြီး ကျင်ငယ်နံ့ကိုပင် တပည့်တော်တို့အဖို့ မွှေးပျံ့တဲ့ပန်းတစ်ပွင့်လို ဦးထိပ်မှာ ပန်ဆင်နိုင်ပါတယ်ဘုရား”ဟု လျှောက်ထားပြီး မြတ်စွာဘုရားရှင်၏ ကျင်ကြီးအိုးကို ခေါင်းပေါ်ရွက်ကာ သေးငယ်သော သတ္တဝါလေးများနှင့် မြက်ပင်စိမ်းများ မရှိသည့် နေရာသို့ သွား၍သွန်လေသည်။ ဘုရားရှင် ကျန်းမာတော်မူလာမှသာလျှင် နတ်ပြည်သို့ ပြန်သွားလေသည်။

တစ်နေ့တွင် အရှင်အာနန္ဒာမထေရ်က မြတ်စွာဘုရားရှင်အား “အရှင်ဘုရား . . . အနှစ်၊ အမြစ်၊ အပွင့်တို့ရဲ့အနံ့ဟာ လေစုန် လေအောက်သို့သာ သွားပါတယ်၊ လေညာ လေဆန်သို့ မသွားပါ၊ အရှင်ဘုရား . . . လေအောက်လေညာသို့ ပျံ့နှံ့၍ သွားနိုင်တဲ့ရနံ့ ရှိပါသလား”ဟု လျှောက်ထားသောအခါ “အာနန္ဒာ . . . ရှိပေတယ်”ဟု မြတ်စွာဘုရားရှင်က ပြန်လည်ဖြေကြားတော်မူပါသည်။

ထိုအခါ အရှင်အာနန္ဒာက “အရှင်ဘုရား . . . အဘယ်ရနံ့မျိုးပါလဲဘုရား”ဟု ဆက်လက် လျှောက်ထားသောအခါ “အာနန္ဒာ . . . ဒီလောကမှာ အမျိုးသား၊ အမျိုးသမီးတစ်ဦးဦးဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မယ်၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစတဲ့ ငါးပါးသီလနဲ့ပြည့်စုံမယ်၊ ပေးကမ်းခြင်း ဒါနကောင်းမှုရှိမယ်ဆိုရင် အရပ်လေးမျက်နှာရှိ လူ၊ နတ်များက ချီးမွမ်းကြမယ်၊ အဲဒီကောင်းသတင်းရနံ့ဟာ လေအောက် လေညာ ပျံ့နှံ့လိမ့်မယ်”ဟု ဘုရားရှင်က မိန့်ကြားတော်မူပါသည်။

မြတ်စွာဘုရားရှင်က ဆက်လက်၍ “အာနန္ဒာ . . . စန္ဒကူး၊ တောင်ဇလပ်၊ စံပယ်၊ ကြက်ရုံးပန်း အနံ့တွေဟာ လေဆန်လေညာသို့ မသွားနိုင်ဘူး၊ သို့သော် သူတော်ကောင်းတို့ရဲ့ ဂုဏ်သတင်းရနံ့ကတော့ လေဆန် လေညာသို့သာမက အရပ်မျက်နှာအားလုံးသို့ ပျံ့နှံ့ကြိုင်လှိုင် ပေတယ်”ဟု မိန့်တော်မူသည်။

ဤတွင် အရှင်အာနန္ဒာက ပကတိအနံ့ကို မေးသော်လည်း ဘုရားရှင်က သီလရှိခြင်း စသည့်ကြောင့် နာမည်ကောင်းထွက်ခြင်း၊ ဂုဏ်သတင်းကျော်ကြားခြင်းကို မွှေးပျံ့သောရနံ့နှင့် နှိုင်းယှဉ်ကာ ဖြေဆိုခြင်းဖြစ်သည်။

မြန်မာစာပေတွင် မကောင်းသတင်း၊ ကောင်းသတင်းနှင့်ပတ်သက်၍ ‘ဟုတ်လို့ ကျော်၊ ပုပ်လို့ ပေါ်’၊ ‘ပန်းသတင်း လေညှင်းဆောင်၊ လူသတင်း လူချင်းဆောင်’ဟု တင်စား ပြောဆို ကြသည်။



# သင်ခန်းစာ (၁၆)
# ဗုဒ္ဓါနုဿတိဘာဝနာ ပွားများအားထုတ်နည်း



မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကို အမှတ်ရနေခြင်းသည် ဗုဒ္ဓါနုဿတိဖြစ်၍ အချိန်ကြာမြင့်စွာ အဖန်ဖန်အထပ်ထပ် အမှတ်ရနေခြင်း၊ မိမိစိတ်၌ ဖြစ်ပေါ်နေစေခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများခြင်းဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့သည် နေ့စဉ်နေ့တိုင်း မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလေ့ရှိကြ၏။ နှုတ်ကရွတ်ဆို၍ ပွားများခြင်းသည်လည်း ဗုဒ္ဓါနုဿတိဘာဝနာပင်ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများခြင်းသည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့စဉ်အလုပ်တစ်ခုဟုပင် ဆိုနိုင်ပါသည်။

ဗုဒ္ဓါနုဿတိဘာဝနာ ပွားများသူသည် ကိုယ်ကျင့်သီလ စင်ကြယ်အောင် ရှေးဦးစွာ ပြုလုပ်သင့်သည်။ သီလစင်ကြယ်လျှင် စိတ်နှလုံးကြည်ရွှင်၏။ စိတ်ကြည်ရွှင်လျှင် ဝမ်းမြောက်နှစ်သက်မှု ဖြစ်၏။ ထိုအခါ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးချမ်းသာလာ၏။ ငြိမ်းအေးချမ်းသာ ဖြစ်လာသောအခါ

စိတ်တည်ကြည်မှု ဖြစ်၏။ ထိုသို့ စိတ်တည်ကြည်နေလျှင် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကို ကြည်ကြည်လင်လင် အာရုံပြုနိုင်မည်ဖြစ်သည်။

**ဂုဏ်တော် ၉ ပါးကို ပွားများခြင်း**

မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့သည် ရေတွက်၍ မကုန်နိုင်လောက်အောင် များပြားလှပေ၏။ ထိုဂုဏ်တော်အပေါင်းတို့တွင် ဂုဏ်တော်ကိုးပါးသည် အလွန်ထင်ရှားလှ၏။ ဂုဏ်တော်ကိုးပါးသည် ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရန် အကောင်းဆုံးဂုဏ်တော်များ ဖြစ်၏။

ထိုတွင် **အရဟံ** – လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းနှင့်တကွ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊ **သမ္မာသမ္ဗုဒ္ဓေါ** – သစ္စာလေးပါးတရားကို ဆရာမကူ ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား၊ **ဝိဇ္ဇာစရဏသမ္ပန္နော** – ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ **သုဂတော** – ဟုတ်မှန်၍ အကျိုးရှိသော စကားကိုသာ ဆိုတော်မူပြီး အေးချမ်းရာအမှန်မြတ်နိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရား၊ **လောကဝိဒူ** – သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု ဆိုအပ်သော လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား၊ **အနုတ္တရော ပုရိသဒမ္မသာရထိ** – မယဉ်ကျေးသော သတ္တဝါများကို ယဉ်ကျေးအောင် ဆုံးမရာ၌ သူမတူအောင် ကျွမ်းကျင်တော်မူသော မြတ်စွာဘုရား၊ **သတ္ထာဒေဝမနုဿာနံ** – လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းနှင့်တကွ သတ္တဝါအားလုံးတို့၏ ဆရာတစ်ဆူဖြစ်တော်မူသောမြတ်စွာဘုရား၊ **ဗုဒ္ဓေါ** – သစ္စာလေးပါး မြတ်တရားကို မိမိကိုယ်တိုင်လည်း သိတော်မူ၊ ဝေနေယျတို့ကိုလည်း သိစေတော်မူသော မြတ်စွာဘုရား၊ **ဘဂဝါ** – ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားဟု စိတ်က အာရုံပြုလျက် ပွားများနိုင်ပါသည်။

**ရုပ်ပုံတော်ကို အာရုံပြု၍ ပွားများခြင်း**

ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရာ၌ ဂုဏ်တော်ကိုသာ အာရုံပြုပွားများ၍ ရသည်မဟုတ်ပါ၊ မြတ်စွာဘုရားရှင်၏ ပုံတော်ကို အာရုံပြု၍လည်း ပွားများနိုင်သည်။

မြတ်စွာဘုရားရှင်၏ ရုပ်ပုံတော်ကို အာရုံပြု၍ ပွားများရာ၌ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပာယ်တော်မူသော မြတ်စွာဘုရားရှင် မိမိရှေ့မှောက် မနီးမဝေး၌ ရောက်နေပုံကို အာရုံယူ၍ ပွားများနိုင်သည်။ ထို့နောက် ရှေးရှေးပါရမီကောင်းမှုများကြောင့် မြတ်စွာဘုရားရှင်၏ မျက်နှာတော်စသော ကိုယ်အင်္ဂါကြီးငယ် အသွယ်သွယ်တို့၏ ထူးထူးခြားခြား ကြည်လင်တင့်တယ်နေပုံကို အာရုံယူ၍ ပွားများနိုင်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် အများအားဖြင့် ရုပ်ပွားတော်၊ စေတီတော်များကိုသာ အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများလေ့ရှိကြ၏။ ထိုအခါ အာရုံ၌ ရုပ်ပွားတော်၊ စေတီတော်တို့လောက်သာ ထင်လာတတ်၏။ ထိုအာရုံများ ထင်လာခြင်းသည်လည်း ပွားများသူအား စိတ်ကြည်လင်မှုကို

ဖြစ်စေနိုင်၍ အကျိုးရှိပါသည်။ သို့သော် ထိုအာရုံများမှတစ်ဆင့် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကို အာရုံယူနိုင်မှသာလျှင် ဗုဒ္ဓါနုဿတိဘာဝနာကို စနစ်တကျ ပွားများရာ ရောက်ပါသည်။

သို့ဖြစ်၍ မြတ်စွာဘုရားရှင်၏ အရဟံအစရှိသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံခြင်း၊ ကောင်းမှုပါရမီတော်တို့ကြောင့် လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့၏ ကြည်လင်တင့်တယ်ခြင်း၊ သတ္တဝါတို့၏အပေါ်၌ ကြီးမားသော သနားကြင်နာခြင်း မဟာကရုဏာတော်ဖြင့် ဆိုဆုံးမတော်မူခြင်း စသည့် မြတ်စွာဘုရားရှင်၏ ဉာဏ်ပညာ အရည်အသွေး၊ ကိုယ်ရည်ကိုယ်သွေး၊ စိတ်ဓာတ်အရည်အသွေး စသည်တို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ အမှတ်ရလျက် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနိုင်ကြပေသည်။

### ဘုရားဂုဏ်တော် ၉ ပါး ကဗျာ

ဘုရားဂုဏ်တော် သေချာမှတ်ဖို့၊ ကဗျာစပ်လို့ ဆိုကြမယ်။

၁။ ကိလေသာတွေ ကင်းစင်ပြတ်လို့၊ လူနတ်ဗြဟ္မာ ပူဇော်တယ်။

၂။ တရားအလုံးစုံ ကိုယ်တိုင်သိလို့၊ ဆရာမရှိသူ ဖြစ်ပါတယ်။

၃။ ထူးတဲ့အသိဉာဏ် အကျင့်မှန်များလည်း၊ ကောင်းစွာထင်ရှား ပြည့်စုံတယ်။

၄။ ကောင်းတဲ့စကားကို ပြောဆိုတတ်လို့၊ နိဗ္ဗာန်မြတ်သို့ ကြွသွားတယ်။

၅။ သတ္တ သင်္ခါ ဩကာသတဲ့၊ လောကသုံးပါး သိမြင်တယ်။

၆။ မယဉ်ကျေးသူ ယဉ်အောင်ပြုတဲ့၊ ဆုံးမမှုမှာ သာလွန်တယ်။

၇။ လူနတ်ဗြဟ္မာ သတ္တဝါများရဲ့၊ ဆရာထင်ရှား ဖြစ်ပါတယ်။

၈။ လေးပါးသစ္စာ စိတ်ဖြာသိတဲ့၊ ဉာဏ်မြင်ရှိသူ ဖြစ်ပါတယ်။

၉။ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်မြတ်နှင့်၊ တစ်စမလပ် ပြည့်စုံတယ်။

ဘုရားဂုဏ်တော် ကိုးဖြာပဲကွဲ့၊ အသည်းစွဲအောင် မှတ်ကြကွယ်

မှတ်ကွယ် . . . မှတ်ကွယ်။ **(အရှင်သုနန္ဒ)**

# သင်ခန်းစာ (၁၇)
## ကျန်းမာလိုလျှင် အစားဆင်ခြင်



မြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ သာဝတ္ထိပြည်ကို အုပ်ချုပ်သော ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်ကို အလွန်ကြည်ညိုသူဖြစ်သည်။ မြတ်စွာဘုရားရှင်ထံသို့ နေ့စဉ်လာရောက်၍ သိလိုသည်များကို မေးမြန်းလေ့ရှိပြီး တရားဓမ္မများကိုလည်း ဆွေးနွေးလေ့ရှိသည်။ သို့သော် မင်းကြီးသည် အစားကြီးသည်။ အစားအစာကို အတိုင်းအဆမရှိ စားလေ့ရှိသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် သတိပေးရသည်အထိ အစားကြူးသည်။

ကောသလမင်းကြီးသည် တစ်ကြိမ်ပွဲတော်တည်လျှင် ဆန်တစ်စိတ်(လေးပြည်) ချက်နှင့် ဆိတ်တစ်ကောင်ချက်စာ စားလေ့ရှိသည်။ ဟင်းခွက်များကိုလည်း မြောက်မြားစွာ စီမံပေးရသည်။ ပွဲတော်တည်ပြီးသောအခါ တစ်ရေးအိပ် အနားယူရလေ့ရှိသည်။ တစ်နေ့တွင် ပွဲတော်တည်ပြီးစမှာပင် မြတ်စွာဘုရားထံ ရောက်လာခဲ့ရာ ထမင်းဆီယစ်နေသည့်အတွက် (ထမင်းဆိပ်တက်နေသည့်အတွက်) ဘုရားရှင်ရှေ့တော်၌ နေမထိထိုင်မသာ ဖြစ်နေခဲ့သည်။ ဘုရားရှင်၏ ရှေ့တော်မှောက်၌ ဖြစ်နေ၍ ဣန္ဒြေမပျက်အောင် ဟန်ဆောင်နေခဲ့သော်လည်း

ဘုရားရှင်က မင်းကြီး၏အမူအရာကို သတိပြုမိတော်မူသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်က "မင်းကြီး . . . ဘယ်လိုဖြစ်တာလဲ၊ အပန်းမဖြေဘဲ လာခဲ့တာလား"ဟု မေးတော်မူလိုက်၏။ မင်းကြီးက "မှန်ပါ မြတ်စွာဘုရား၊ ပွဲတော်တည်ပြီးတဲ့ အချိန်ကစပြီး တပည့်တော် နေရထိုင်ရတာ မအီမလည် ဖြစ်နေပါတယ်ဘုရား"ဟု ပြန်လည် လျှောက်တင်လိုက်သည်။ ထိုအခါ ဘုရားရှင်က "မင်းကြီး . . . အစားအစာတွေကို အလွန်အမင်း စားသောက်ခြင်းဟာ အခုလို အိပ်ချင်ငိုက်မျဉ်းခြင်းကို ဖြစ်စေသလို ဆင်းရဲခြင်းကိုလည်း ဖြစ်စေတတ်တယ်၊ အစာအများကြီး ကျွေးပြီး မွေးမြူထားတဲ့ဝက်လိုပဲ အမြဲအိပ်နေတတ်ပြီး တရားဓမ္မတွေကို ဆင်ခြင်အားထုတ်နိုင်မှာ မဟုတ်ဘူး၊ ပညာဉာဏ်နည်းပါးတဲ့သူဟာ သံသရာမှာ ဘဝပေါင်းများစွာ ကျင်လည်ရတတ်တယ်၊ ဒါကြောင့် အစားအသောက်ကို ချင့်ချိန်ပြီး စားသောက်တတ်ရမယ်၊ ဒါမှ ရောဂါဝေဒနာနည်းပါးပြီး အသက်ရှည်မယ်"ဟု မိန့်တော်မူလိုက်၏။



ကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်၏ တရားစကားများကို နှစ်သက်သဘောကျသော်လည်း ကိုယ်တိုင် ဂရုတစိုက် မှတ်သားထားခြင်း မရှိပေ။ မှတ်သားထားရန် တူတော်ကို အမိန့်ပေးလိုက်၏။ မြတ်စွာဘုရားရှင်က ဤဆုံးမစကားကို မည်သည့်အချိန်အခါ၌ သတိပေးရွတ်ဆိုပြရမည်ကိုလည်း တူတော်ကို လမ်းညွှန်ပေးတော်မူလိုက်၏။

ထိုနေ့မှစ၍ မင်းကြီး ပွဲတော်တည်သောအခါ နောက်ဆုံးထမင်းလုတ်ကို နှိုက်ရန် ပြင်လိုက်သည့်အခါတိုင်း မြတ်စွာဘုရားရှင်၏ ဆုံးမစကားကို တူတော်က ရွတ်ဆိုပြလေသည်။ ထိုရွတ်ဆိုသံကို ကြားသောအခါ မင်းကြီးသည် ဆင်ခြင်မိပြီး နောက်ဆုံးထမင်းလုတ်ကို မစားတော့ဘဲ ထားလိုက်လေသည်။ နောက်ရက်များတွင် နောက်ဆုံးတစ်လုတ်စာဆန်ကိုလည်း လျှော့ချက်စေသည်။ ဤသို့ဖြင့် ကောသလမင်းကြီးသည် ထမင်းတစ်လုတ်စာ လျှော့စားလာခဲ့ရာ တစ်စလယ်ချက်(နို့ဆီဘူးနှစ်လုံးချက်)သာ စားသည်အထိ လျှော့ချလာနိုင်ခဲ့သည်။

တစ်နေ့သောအခါ မင်းကြီးသည် ဘုရားရှင်ထံတော်မှောက်သို့ ရောက်လာခဲ့ပြီး ကျန်းမာရေးအတွက် မျှတစွာ စားသုံးနေပြီဖြစ်ကြောင်း၊ ပိုမို၍ ပေါ့ပါးသွက်လက်လာပြီဖြစ်ကြောင်း၊ ယခင်ကထက် ချမ်းသာစွာ နေထိုင်နိုင်ပြီဖြစ်ကြောင်း လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က "ဒကာတော်မင်းကြီး . . . အနာရောဂါကင်းခြင်းဟာ အမြတ်ဆုံးလာဘ်ဖြစ်တယ်၊ ရောင့်ရဲခြင်းဟာ အမြတ်ဆုံးဥစ္စာဖြစ်တယ်၊ ချစ်ကျွမ်းဝင်သူသည် အမြတ်ဆုံးဆွေမျိုးဖြစ်တယ်၊ နိဗ္ဗာန်ဟာ အမြတ်ဆုံးချမ်းသာဖြစ်တယ်"ဟု ဟောကြားတော်မူလေသည်။

# သင်ခန်းစာ (၁၈)
# ပါယာသိမြို့စားကြီး



မြတ်စွာဘုရားရှင် လက်ထက်တော်က ပါယာသိမြို့တွင် ရဟန်း၊ ပုဏ္ဏားနှင့် တောင်းရမ်းစားသောက်သူများကို နေ့စဉ်နေ့တိုင်း လှူဒါန်းပေးကမ်းသော မြို့စားကြီးတစ်ဦးရှိသည်။ သို့သော် မြို့စားကြီးသည် ဆန်ကွဲထမင်း၊ ပုန်းရည်ဟင်းနှင့် အလွန်ကြမ်းတမ်းသော အဝတ်အထည်များကိုသာ လှူဒါန်းပေးကမ်းလေ့ရှိသည်။ ထိုအလှူဒါနများကို ဥတ္တရလုလင်က စီမံဆောင်ရွက်ပေးရသည်။ လှူပြီးတိုင်း လုလင်က "ကျွန်ုပ်ဟာ ဒီဘဝမှာသာ ပါယာသိမြို့စားကြီးနဲ့ တွေ့ဆုံပါရစေ၊ နောက်ဘဝတွေမှာ မတွေ့ဆုံပါရစေနဲ့"ဟု အမြဲဆုတောင်းလေ့ရှိသည်။

ထိုအကြောင်းကို ပါယာသိမြို့စားကြီး ကြားသိသွားသောအခါ ဥတ္တရလုလင်ကို ခေါ်၍ "ဘာလို့ ဒီဆုကို တောင်းရတာလဲ"ဟု မေးလေရာ ဥတ္တရလုလင်က "မြို့စားကြီးဟာ ညံ့ဖျင်းတဲ့ ပစ္စည်းဝတ္ထုတွေကိုသာ လှူဒါန်းတဲ့အတွက် ဒီလိုဆုတောင်းရတာဖြစ်တယ်" ဟု ပြန်ပြောလိုက်သည်။ ထိုအခါ မြို့စားကြီးက မိမိစားသုံးသော ထမင်း ဘောဇဉ်နှင့် မိမိဝတ်ဆင်သော အဝတ်ထည်မျိုးကိုသာ လှူဒါန်းရန် ညွှန်ကြားလေသည်။ သို့သော်လည်း အလှူခံပုဂ္ဂိုလ်များကို ရိုရိုသေသေ လေးလေးစားစားဖြင့် ကိုယ်ထိလက်ရောက် လှူဒါန်းလေ့



မရှိပေ။ ထို့ကြောင့် မြို့စားကြီး ကွယ်လွန်သောအခါ အထက်နတ်ဘုံများသို့ မရောက်ဘဲ အခြွေအရံပရိသတ်ကင်းမဲ့သည့် သေရိသကဗိမာန်တွင် စတုမဟာရာဇ်နတ်များ၏ အဖော် နောက်လိုက် နတ်သားတစ်ပါးအဖြစ်ကိုသာ ရရှိခဲ့သည်။ မြို့စားကြီး၏ အလှူဒါနများကို စီမံဆောင်ရွက်ရသော ဥတ္တရလုလင်မှာ အလှူခံပုဂ္ဂိုလ်များကို ရိုသေလေးစားစွာဖြင့် ကိုယ်ထိ လက်ရောက် ပေးလှူခဲ့သည့်အတွက် သေလွန်သောအခါ တာဝတိံသာနတ်ပြည်တွင် နတ်သား ဖြစ်သွားလေသည်။

တစ်နေ့တွင် အရှင်ဂဝံပတိမထေရ်မြတ်သည် သေရိသကနတ်ဗိမာန်သို့ ကြွရောက်သီတင်း သုံးသောအခါ ပါယာသိနတ်သားနှင့် တွေ့ဆုံသည်။ ထိုအခါ ပါယာသိနတ်သားက သူနှင့် ဥတ္တရလုလင်တို့ အကျိုးပေးခြားနားပုံကို အရှင်ဂဝံပတိမထေရ်မြတ်အား ဖွင့်ဟလျှောက်တင်သည်။ ထို့အပြင် ပါယာသိနတ်သားက "အရှင်ဘုရား . . . လူ့ပြည်ကို ပြန်ရောက်တဲ့အခါ အလှူဒါနကို ရိုရိုသေသေ ကိုယ်ထိလက်ရောက် လှူဒါန်းကြဖို့ တိုက်တွန်းဟောကြားတော်မူပါ"ဟုလည်း မှာကြားလျှောက်ထားလိုက်သည်။

အရှင်ဂဝံပတိမထေရ်မြတ်သည် လူ့ပြည်သို့ ပြန်ရောက်သောအခါ ပါယာသိမြို့စားကြီးနှင့် ဥတ္တရလုလင်တို့၏အကြောင်းကို သာဓကပြဟောကြားပြီး အလှူဒါနကို ရိုသေလေးစားစွာ ပြုလုပ်ကြရန် လူပရိသတ်တို့အား အမြဲတိုက်တွန်းဆုံးမလေသည်။



# သင်ခန်းစာ (၁၉)
## ရန်ငြိုးထားက ပျက်စီးရ



ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဟိမဝန္တာတောတွင် ဝက်ဝံတစ်ကောင်သည် အစာရှာထွက်လာတိုင်း ကြို့ပင်ကြီး၏ခြေရင်း၌အိပ်လေ့ရှိ၏။ တစ်နေ့တွင် လေတိုက်၍ ကြို့ပင်၏ သစ်ကိုင်းခြောက်တစ်ခုသည် ဝက်ဝံ၏ ကျောကုန်းပေါ်သို့ ကျိုးကျလာလေသည်။ ဝက်ဝံသည် ကျောကုန်းနာ၍ အလန့်တကြား ထပြေးမိ၏။ အတန်ကြာမှ ပြန်လာပြီးကြည့်သော် တစ်စုံတစ်ရာထူးခြားမှုကို မမြင်၍ "ဒီကြို့ပင်မှာစောင့်တဲ့ နတ်က သူ့အပင်အောက် ငါအိပ်တာကို မကျေနပ်လို့ လုပ်တာဖြစ်ရမယ်"ဟု တွေးကာ ရန်ငြိုးဖွဲ့၏။

ထို့နောက် ကြို့ပင်ကို ဒေါသတကြီး ပုတ်ခတ်၍ "နင့်သစ်ပင်က အရွက်ကိုလည်း ငါမစား၊ နင့်သစ်ခက်ကိုလည်း ငါမချိုး၊ သူများတွေ လာနေတာကို နင်လက်ခံတယ်၊ ငါ့ကိုကျတော့ လက်မခံဘူး၊ ငါ့မှာ ဘာအပြစ်ရှိလို့လဲ၊ နှစ်ရက် သုံးရက်လောက်ကြာတာနဲ့ နင့်အပင် အမြစ်က ကျွတ်ပြီး အပိုင်းပိုင်းပြတ်စေရမယ်"ဟု ကြို့ပင်စောင့်နတ်ကို ခြိမ်းခြောက်ပြီး ထွက်သွားလေသည်။

ထိုအချိန်၌ လက်သမားတစ်ယောက်သည် လှည်းရထားပြုလုပ်ရန်အတွက် လူနှစ်ယောက် သုံးယောက်နှင့်အတူ ပုဆိန်စွဲကိုင်လျက် သစ်ရှာနေ၏။ ဝက်ဝံသည် ထိုလက်သမားကို မြင်လျှင် ယနေ့ ငါ၏ရန်သူကို ပျက်စီးစေအံ့ဟုကြံ၍ ကြို့ပင်ရင်းသို့ သွား၍ရပ်နေ၏။ လက်သမားသည် သစ်ရှာရင်း ကြို့ပင်အောက်သို့ ရောက်လာလေသည်။ ဝက်ဝံက "အချင်း ယောကျ်ား . . . ဘယ်လိုသစ်မျိုးကို ရှာနေတာလဲ"ဟု မေးရာ လက်သမားက "လှည်းရထားလုပ်ဖို့အတွက် ဘယ်သစ်ကိုသုံးရင် ခိုင်ခံ့မလဲ သိပါသလား"ဟု ပြန်၍မေးလေသည်။ အကြံဆိုးရှိသော ဝက်ဝံကလည်း ဝမ်းမြောက်ဝမ်းသာဖြင့် "အဆွေ လက်သမား . . . ကြို့ပင်ရဲ့အသားကသာ လှည်းရထားလုပ်ရာမှာ အခိုင်ခံ့ဆုံးပါပဲ"ဟု ဆို၏။ ထိုအခါ လက်သမားက "အဆွေ . . . အဲဒီကြို့ပင်ဆိုတာ ဘယ်လိုအရွက်၊ ဘယ်လိုပင်စည်မျိုးရှိသလဲ၊ ဘယ်မှာရှာလို့တွေ့နိုင်မလဲ"ဟု ဆက်မေး၏။ ဝက်ဝံကလည်း "အခု ကျွန်ုပ်ရပ်နေတဲ့ အပင်ဟာ ကြို့ပင်ပါပဲ၊ ဒီသစ်နဲ့လုပ်ရင် လှည်းရထားဟာ အလွန်ခိုင်ခံ့ပါလိမ့်မယ်"ဟု ပြောပြီး ဝမ်းမြောက်ဝမ်းသာဖြင့် ထွက်ခွာသွားလေသည်။

ကြို့ပင်စောင့်နတ်သည်လည်း အမျက်ထွက်၍ ဝက်ဝံကို လက်စားချေရန် ကြံစည်၏။ ထို့နောက် လူယောကျ်ားအသွင် ဖန်ဆင်းကာ လက်သမားအား "ဘာကြောင့် ဒီကြို့ပင်ကို ခုတ်နေတာလဲ"ဟု မေးမြန်း၏။ လက်သမားကလည်း လှည်းရထားလုပ်ရန်အတွက် ခုတ်နေကြောင်း ပြောသောအခါ "ဒီကြို့ပင်နဲ့ လှည်းရထားလုပ်ရင် ကောင်းပါတယ်၊ ဒါပေမယ့် ဒီထက်ပိုပြီး ကောင်းချင်ရင် ဝက်ဝံအရေခွံကို ခွာပြီး လှည်းကိုကွပ်လိုက်ရင် အလွန်ခိုင်ခံ့မယ်၊ လှလည်းလှမယ်၊ လှည်းကိုရောင်းရင်လည်း ဈေးပိုရမှာပေါ့"ဟု ဆို၏။ လက်သမားသည် ထိုအကြံကို လက်ခံကာ ဝက်ဝံကိုသတ်ပြီး ကြို့ပင်ကိုလည်း ခုတ်ယူသွားလေသည်။

ဤသို့ဖြင့် အပြန်အလှန်ရန်ငြိုးဖွဲ့ လက်စားချေမှုများကြောင့် ဝက်ဝံလည်းသေ၊ ကြို့ပင်လည်း ပျက်စီးသဖြင့် ကြို့ပင်စောင့်နတ်လည်း ဘုံဗိမာန် ပျောက်လေတော့သည်။



## ရန်ငြိုး

ရန်ကိုရန်ချင်း၊ မတုံ့နှင်းဘဲ
ရန်ကင်းစေဖို့၊ ရန်ငြိုးတို့ကို
ရန်စတိုအောင်၊ တို့စွမ်းဆောင်မှ
လောကပြည်ရွာ၊ ငြိမ်းအေးသာ၍
သိမ်မွေ့စိတ်ဓာတ်၊ မတ်မတ်မြင့်မား
စံလူသားဖြစ်၊ လူနတ်ချစ်ပေ
လက်စားချေခြင်း၊ ရန်တုံ့နှင်းမှု
ပူလောင်နှလုံး၊ မရွှင်ပြုံးဘဲ
အဆိုးဝဲမှာ၊ သံသရာ . . .
ဘယ်မှာရပ်နား ဆုံးမလဲ . . .။

# သင်ခန်းစာ (၂၀)
## အရှင်ပေါဋ္ဌိလ




မြတ်စွာဘုရားရှင်လက်ထက်က အရှင်ပေါဋ္ဌိလဟုခေါ်သော ရဟန်းတစ်ပါးရှိ၏။ ထိုရဟန်းသည် တရားစာပေများကို သင်ကြားပို့ချရာတွင် အလွန်တော်သော်လည်း သံသရာမှ လွတ်မြောက်ကြောင်းဖြစ်သော တရားအားထုတ်ခြင်းကို ပြုလုပ်လေ့မရှိပေ။ ထိုအကြောင်းကို သိတော်မူသော မြတ်စွာဘုရားသည် အရှင်ပေါဋ္ဌိလအား အသိတရားရရှိလာစေရန် "အနှစ်မရှိသူ" ဟု သုံးနှုန်း၍ ခေါ်လေ့ရှိသည်။ ထိုကဲ့သို့ အကြိမ်ကြိမ် အခေါ်ခံရသောအခါ အရှင်ပေါဋ္ဌိလသည် သူ့တွင် ချမ်းအစရှိသော တရားထူးများမရှိ၍ ယခုကဲ့သို့ ခေါ်ဆိုခံရကြောင်းကို သဘောပေါက်လာသည်။

ထို့ကြောင့် အရှင်ပေါဋ္ဌိလသည် တစ်ခုသော နံနက်စောစောတွင် သပိတ်နှင့် သင်္ကန်းကို ပြင်ဆင်ထားကာ သူ့ထံမှ တရားစာပေများသင်ယူပြီး ပြန်သွားသော တပည့်ရဟန်းများနှင့်အတူ ကျောင်းမှ ထွက်သွားလေသည်။ ကျောင်းဝင်းအတွင်း စာအံနေကြသော ရဟန်းများကလည်း သူတို့ဆရာ အရှင်ပေါဋ္ဌိလ ကျောင်းမှထွက်သွားသည်ကို သတိမထားမိကြပေ။ ဤသို့ဖြင့် အရှင်ပေါဋ္ဌိလသည် မြို့နှင့်အလွန်ဝေးသောတောထဲရှိကျောင်းတစ်ကျောင်းသို့ ရောက်လာခဲ့သည်။

ထိုကျောင်းသို့ရောက်သောအခါ အရှင်ပေါဋ္ဌိလသည် ကျောင်းတိုက်အတွင်းရှိ မထေရ်ကြီးထံတွင် တရားအားထုတ်ရန် ကမ္မဋ္ဌာန်းတရားကို တောင်းခံလေသည်။ မထေရ်ကြီးက အရှင်ပေါဋ္ဌိလတွင် ပညာမာန်ရှိသည်ဟု ယူဆသည့်အတွက် ဒုတိယမထေရ်ထံ လွှဲအပ်လိုက်သည်။ ဒုတိယမထေရ်ကလည်း တတိယမထေရ်ထံ ထပ်၍လွှဲပြန်သည်။ ဤသို့ဖြင့် မထေရ်အဆင့်ဆင့် လွှဲပေးလာခဲ့ရာ နောက်ဆုံးတွင် ခုနစ်နှစ်သားအရွယ်ရှိသော သာမဏေလေးထံသို့ ရောက်လာခဲ့သည်။

မာန်မာနများကို ခဝါချထားပြီးဖြစ်သော အရှင်ပေါဋ္ဌိလသည် ထိုသာမဏေလေးထံတွင် တရားကို ရိုရိုသေသေ တောင်းခံသည်။ သာမဏေလေးကလည်း အရှင်ပေါဋ္ဌိလ ဝတ်ရုံလာသော တန်ဖိုးကြီးလှသည့် နှစ်ထပ်သင်္ကန်းကို သတိထားမိပြီး အဆုံးအမကို နာယူလိုစိတ်ရှိ၊ မရှိ စစ်ဆေးစမ်းသပ်ပြန်သည်။ သာမဏေလေးက "အရှင်ဘုရား . . . သင်္ကန်းဝတ်ရုံထားတဲ့အတိုင်း ရေကန်ထဲကို ဆင်းပါဘုရား"ဟု လျှောက်ထားရာ အရှင်ပေါဋ္ဌိလကလည်း မည်သို့မျှ ပြန်မပြောဘဲ ကန်ထဲသို့ ဆင်းသွားသည်။ ဝတ်ရုံထားသော သင်္ကန်းစနှင့် ရေထိမိချိန်တွင် သာမဏေလေးက "ပြန်ကြွခဲ့ပါဘုရား"ဟု ပြန်ခေါ်လိုက်သည်။ အရှင်ပေါဋ္ဌိလသည် သာမဏေလေး ခိုင်းသမျှကို တစ်သဝေမတိမ်း လိုက်နာသည်။

ထိုအခါမှ သာမဏေလေးက "အရှင်ဘုရား . . . တောင်ပို့တစ်ခုမှာ အပေါက်ခြောက်ပေါက်ရှိတယ်၊ အဲဒီအပေါက်ခြောက်ပေါက်ထဲက တစ်ပေါက်ကနေ ဖွတ်တစ်ကောင် ဝင်သွားတယ်၊ အဲဒီဖွတ်ကို ဖမ်းချင်ရင် အပေါက်ငါးပေါက်ကို ပိတ်ပြီး ကျန်တစ်ပေါက်ကို ခွဲဖျက်ကာ ဖမ်းယူနိုင်ပါတယ်၊ အဲဒီလိုပဲ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရခြောက်ပါးထဲကို



အပြင်ကနေပြီးတော့ အာရုံတွေ အဆက်မပြတ် ဝင်လာနေတယ်၊ အရှင်ဘုရားဟာ ကျန်ဒွါရငါးပါးကို ပိတ်ပြီး စိတ်ဆိုတဲ့ ဒွါရတစ်ခုတည်းမှာ ကမ္မဋ္ဌာန်းစီးဖြန်းပြီး နေတော်မူပါဘုရား”ဟု လျှောက်တင်လိုက်သည်။

အရှင်ပေါဋ္ဌိလသည် တရားစာပေများ သင်ကြားပို့ချခဲ့သူဖြစ်၍ သာမဏေလေး၏ စကားကို ကြားရရုံဖြင့် အသိဉာဏ်များ ပွင့်လင်းလာပြီး စိတ်ကို တည်ငြိမ်အောင်ထားကာ တရားအားထုတ်လေတော့သည်။ ထိုသို့ အရှင်ပေါဋ္ဌိလ တရားအားထုတ်နေသည်ကို မြတ်စွာဘုရား သိမြင်တော်မူသောအခါ အရှင်ပေါဋ္ဌိလထံသို့ ရောင်ခြည်တော်များ လွှတ်ကာ တရားဒေသနာ ဟောကြားလိုက်လေသည်။ တရားတော်၏အဆုံးတွင် အရှင်ပေါဋ္ဌိလသည် ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့သည်။

ဤသို့ဖြင့် အရှင်ပေါဋ္ဌိလသည် အသိနှင့်အကျင့်ကို တစ်ထပ်တည်းကျအောင် ကျင့်ကြံခဲ့သဖြင့် နောက်ဆုံးတွင် တရားထူးတရားမြတ်ကို သိရှိပြီး ရဟန္တာဖြစ်ခဲ့လေသည်။

**ခက်ဆစ်အဖွင့်**

ဒွါရ = တံခါးပေါက်။

ကမ္မဋ္ဌာန်းစီးဖြန်း = အာရုံများကို ဆင်ခြင်သုံးသပ်သည်။ တရားအားထုတ်သည်။



# သင်ခန်းစာ (၂၁)
## မင်းတုန်းမင်းတရားကြီး



မင်းတုန်းမင်းတရားကြီးကို မြန်မာသက္ကရာဇ် ၁၁၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် သာယာဝတီမင်းနှင့် တောင်နန်းစံမိဖုရားတို့မှ အမရပူရမြို့တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်လွင်ဖြစ်သည်။ မောင်လွင်သည် ငယ်စဉ်က မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်း ဆရာတော် ဦးစန္ဒိမာထံတွင် လောကီစာပေ၊ ဘာသာရေးစာပေများကို သင်ယူခဲ့သည်။ ထို့ကြောင့် ဘုရင်ဖြစ်လာသောအခါ ရဟန်းသံဃာတော်များကို အလွန်ကြည်ညို၍ ဗုဒ္ဓသာသနာတော်ကိုလည်း ထူးထူးကဲကဲ ချီးမြှောက်ထောက်ပံ့ခဲ့သည်။

မောင်လွင် အရွယ်ရောက်သောအခါ မင်းတုန်းမြို့ကို အပိုင်စားရ၏။ အုပ်ချုပ်မှုညံ့ဖျင်းသော နောင်တော်ပုဂံမင်းကို မင်းတုန်းမင်းသားသည် ညီတော်ကနောင်မင်းသားနှင့်ပေါင်း၍ ပုန်ကန် တိုက်ခိုက်ကာ မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်နေ့တွင်



အမရပူရထီးနန်းကို သိမ်းပိုက်ရယူခဲ့သည်။ ဤသို့ဖြင့် မင်းတုန်းမင်းသားသည် ကုန်းဘောင်ခေတ်၏ ဆယ်ဆက်မြောက်ဘုရင် ဖြစ်လာခဲ့သည်။ မင်းတုန်းမြို့စားဘဝမှ မင်းဖြစ်လာ၍ မင်းတုန်းမင်းဟု ထင်ရှားသည်။ သူ ထီးနန်းရလာသောအခါ ညီတော် ကနောင်မင်းသားကို အိမ်ရှေ့မင်းရာထူး အပ်နှင်းခဲ့သည်။

မင်းတုန်းမင်းတရားကြီးသည် အမရပူရမြို့တော်တွင် စံတော်မူပြီးနောက် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် ရတနာပုံ(မန္တလေး) နေပြည်တော်ကြီးသို့ ပြောင်းရွှေ့စံတော်မူခဲ့သည်။ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် နိုင်ငံရပ်ခြား တိုင်းပြည်များနှင့် သံတမန်ဆက်သွယ်မှုများ ရှိခဲ့သည်။ သို့သော် အင်္ဂလိပ်အရာရှိများက မင်းတရားကြီး၏ ရှေ့တော်သို့ ဖိနပ်စီး၍ ဓားလွယ်စွဲကိုင်ဝင်လိုကြောင်း တောင်းဆိုခဲ့မှုကိုကား ပယ်ချခဲ့သည်။ မင်းတုန်းမင်းကြီးသည် မြန်မာ့ဂုဏ်၊ မြန်မာ့ယဉ်ကျေးမှုကို အထိအခိုက် မခံလိုသော မင်းတစ်ပါး ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် မြတ်စွာဘုရားရှင်၏ တရားတော်များကို ငါးကြိမ်မြောက် ရွတ်ဆိုသုတ်သင်တည်းဖြတ်သော ပဉ္စမသင်္ဂါယနာတင်ပွဲကြီးကို မင်းတုန်းမင်းတရားကြီး၏ လှူဒါန်းထောက်ပံ့မှုဖြင့် ကျင်းပခဲ့သည်။ ထို့အပြင် ပိဋကသုံးပုံကို ကျောက်ချပ်ပေါင်း ၇၂၉ ချပ်ပေါ်တွင် ရေးသားမှတ်တမ်းတင်ထားသော ကျောက်ထက်အက္ခရာတင် လုပ်ငန်းကြီးကိုလည်း လုပ်ဆောင်ခဲ့သည်။ ထိုကျောက်စာတော်များကို မန္တလေးတောင်ခြေ မဟာလောကမာရဇိန် ကုသိုလ်တော် ဘုရားဝင်းအတွင်းတွင် စိုက်ထူလှူဒါန်းထားခဲ့သည်။ ဤကျောက်စာတော်များကို ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးအဖြစ် အသိအမှတ်ပြု လက်ခံထားကြသည်။

မင်းတုန်းမင်းကြီးသည် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းစသော သာသနာပြုလုပ်ငန်းပေါင်းများစွာကို လုပ်ဆောင်ခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်သစ် တင်လှူပူဇော်ခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့သည်။ ထို့အပြင် မန္တလေးတောင်ပေါ်တွင် ဗျာဒိတ်ညွှန်း ရွှေရပ်တော်ကြီးဘုရား၊ တန်ဆောင်းပြာသာဒ်တော်ကြီး၊ တောင်ခြေတွင် စန္ဒမုနိဘုရား၊ ပဋ္ဌာန်းဟောသိမ်တော်ကြီး၊ ရတနာပုံမြို့တော်တွင် အတုလဝေယန်အုတ်ကျောင်းတော်ကြီး၊ ကျောင်းရံ ၂၀ နှင့် မဟာအတုလဘုံစံ ရွှေကျောင်းတော်ကြီး၊ ကျောင်းရံ ၂၀ နှင့် မဟာဇောတိကာရာမတိုက် ရတနာဘုံစံကျောင်းတော်ကြီးစသော သာသနိက အဆောက်အအုံများစွာကို ဆောက်လုပ်လှူဒါန်းခဲ့သည်။




မင်းတရားကြီးသည် တိုင်းသူပြည်သားများ ကိုယ်ကျင့်သီလနှင့်ပြည့်စုံပြီး ကုသိုလ်တရားများကို မမေ့မလျော့ ပြုလုပ်နိုင်စေရန် နှိုးဆော်သည့်အနေဖြင့် လစဉ် လဆန်း ၅ ရက် နေ့တိုင်း 'ဂရုဓမ္မ အမိန့်တော်ပြန်တမ်း'ကို တိုင်းပြည်အတွင်း လှည့်လည်ဖတ်ကြားစေသည်။

မင်းတရားကြီးသည် သာသနာရေးကိုသာမက စာပေထွန်းကားရေးကိုလည်း အားပေးခဲ့သည်။ ဘကြီးတော်မင်းလက်ထက်က ရေးသားခဲ့သော မှန်နန်းရာဇဝင်ကို မင်းတရားကြီးလက်ထက်တွင် ဆက်လက်ရေးသားစေခဲ့သောကြောင့် ကုန်းဘောင်ဆက် မဟာရာဇဝင်ဟု အမည်တွင်ခဲ့သည်။ မင်းတရားကြီးလက်ထက်တွင် ထင်ရှားကျော်ကြားခဲ့သော စာပေပညာရှင်များမှာ စလေဦးပုည၊ မန်လည်ဆရာတော်၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ လှိုင်ထိပ်ခေါင်တင်၊ ယောအတွင်းဝန် ဦးဘိုးလှိုင်နှင့် ဦးရွှေခြည်တို့ ဖြစ်ကြသည်။

ထို့အပြင် ခေတ်နှင့်လျော်ညီစွာ ပေါ်ပေါက်လျက်ရှိသော သတင်းများ၊ အကြံဉာဏ်ပေးချက်များနှင့် ဝေဖန်ချက်များကို တိုင်းသူပြည်သားတို့ ပွင့်လင်းစွာ ဖတ်ရှုရေးသားနိုင်ကြရန် မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ်တွင် ရတနာပုံနေပြည်တော်သတင်းစာကို ထုတ်ဝေစေခဲ့သည်။ သတင်းစာလွတ်လပ်ခွင့်နှင့် ပတ်သက်၍လည်း မင်းတုန်းမင်းကြီးက "ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရားတွေ မကောင်းလျှင် မိဖုရားတွေကိုရေး၊ ငါ့သားသမီးမကောင်းလျှင် သားသမီးတွေကိုရေး၊ တရားသူကြီးမကောင်းလျှင် တရားသူကြီးကိုရေး၊ မြို့ဝန် မကောင်းလျှင် မြို့ဝန်ကိုရေး၊ မင်းတို့ သတင်းစာ၌ အပြစ်မရှိစေရ၊ နန်းတော်တွင်းသို့ သတင်းစာတိုက်က

မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေ”ဟု မိန့်တော်မူထားသည်။

မင်းတရားကြီးသည် ရဟန်း သာမဏေတို့အတွက် ပထမပြန်စာမေးပွဲများ ကျင်းပပေးခြင်း၊ မင်းညီမင်းသားများကို အမေရိကန်၊ ပြင်သစ်၊ အီတလီ စသောနိုင်ငံများသို့ ပညာတော်သင် စေလွှတ်၍ စက်မှုအတတ်ပညာများ သင်ယူစေခြင်း၊ အင်္ဂလိပ်စာ သင်ယူစေခြင်းစသော ပညာရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။

မင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက် အင်္ဂါနေ့၊ နန်းစံ ၂၆ နှစ်၊ သက်တော် ၆၄ နှစ်တွင် နတ်ရွာစံခဲ့သည်။ မင်းတရားကြီး၏ ဘာသာ၊ သာသနာရေး ဆောင်ရွက်ချက်များသည် ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သားတို့အတွက် အားကျအတုယူစရာများအဖြစ် ထာဝရတည်ရှိနေမည်ဖြစ်သည်။

**ခက်ဆစ်အဖွင့်**

ဂရုဓမ္မ = အလေးဂရုပြုအပ်သည့် တရား၊ ငါးပါးသီလ။



# သင်ခန်းစာ (၂၂)
## ဝေယျာဝစ္စကုသိုလ်



ဝေယျာဝစ္စပြုလုပ်ခြင်းသည် ပုညကိရိယဝတ္ထုဆယ်ပါးဟုခေါ်သော ကုသိုလ်ဆယ်မျိုးတွင် တစ်ခုအပါအဝင် ဖြစ်၏။ သို့သော် ယင်းကုသိုလ်မျိုးသည် ကိုယ်ကာယဖြင့် ပြုလုပ်ရသော အလုပ်မျိုးဖြစ်၍ ပင်ပန်းသည့်အတွက် အများစုက မလုပ်လိုကြပေ။ ကျမ်းဂန်တွင် ဝေယျာဝစ္စ ကုသိုလ်ကို သီလအရာ၌ ထည့်သွင်း၏။

သီလသည် ဝါရိတ္တသီလနှင့် စာရိတ္တသီလဟူ၍ နှစ်မျိုးရှိ၏။ ငါးပါးသီလ၊ ရှစ်ပါးသီလ စသော သီလသိက္ခာပုဒ်တို့ကို စောင့်ထိန်းခြင်းသည် ဝါရိတ္တသီလဖြစ်၏။ ဝေယျာဝစ္စပြုလုပ်ခြင်း၊ သားသမီးကျင့်ဝတ်စသော ကျင့်ဝတ်တို့ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလဖြစ်၏။ ဝတ္တရား များကို ဖြည့်ကျင့်ခြင်းဖြင့် သီလကို ပို၍ပြည့်စုံစေ၏။ ထို့ကြောင့် အကျင့်သီလ ပြည့်စုံ၍ မြင့်မြတ်သည့်ပုဂ္ဂိုလ်များသည် ဝေယျာဝစ္စအလုပ်ကို အမြတ်တနိုး ပြုလုပ်ကြ၏။

လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာက ဝိပဿီမြတ်စွာဘုရားရှင်အား လုပ်ကျွေးဆည်းကပ် ကိုးကွယ်ကြသည့် ဥပါသကာအသင်းကြီးတစ်သင်း ရှိ၏။ ထိုအသင်းကြီးသည် ဝိပဿီ မြတ်စွာဘုရားရှင်နှင့် တပည့်ရဟန်းသံဃာတော်တို့၏ ဆွမ်းဝေယျာဝစ္စအစရှိသော ကိစ္စကြီးငယ် တို့ကို အားကြိုးမာန်တက် ဆောင်ရွက်ပေး၏။ ထိုအသင်းကြီးတွင် အမျိုးကောင်းသား

သူဆင်းရဲတစ်ယောက်သည် ပန်းကန်ဆေးခြင်း၊ ရေခပ်ခြင်း၊ ဆွမ်းချက်ခြင်း၊ နေရာခင်းခြင်း၊ တံမြက်လှည်းခြင်း အစရှိသော အလုပ်တို့ကို စိတ်အားထက်သန်စွာ ဆောင်ရွက်လုပ်ကိုင်ပေး၏။ ဝေယျာဝစ္စအလုပ်များကို ကြောင့်ကြစိုက် ပြုလုပ်သောကြောင့် သူဆင်းရဲလေးအား အမျိုးကောင်းသားဟု ခေါ်ဆိုရခြင်းဖြစ်၏။

ဤသို့ပြုလုပ်ခဲ့သော ဝေယျာဝစ္စကုသိုလ်များကြောင့် ဆင်းရဲသားလေး ကွယ်လွန်သောအခါ နတ်ပြည်တွင် နတ်ချမ်းသာကို စံစားခဲ့ရ၏။ နတ်ပြည်မှစုတေလျှင် ဂေါတမမြတ်စွာဘုရားရှင် လက်ထက်မှ ပြန်ရေတွက်သော် ရှစ်ကမ္ဘာမြောက်ဘဝတစ်ခုတွင် စကြဝတေးမင်းကြီး ဖြစ်ခဲ့၏။ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်တော်သို့ ရောက်သောအခါ ရဟန္တာဖြစ်လာ၏။



ထိုရဟန္တာအရှင်မြတ်သည် ဝေယျာဝစ္စဆောင်ရွက်သောကုသိုလ်ကို အရင်းပြု၍ ရဟန္တာဖြစ်လာသောကြောင့် ဝေယျာဝစ္စကရမထေရ်ဟု ထင်ရှားကျော်ကြား၏။ မထေရ်မြတ်သည် မိမိ၏ ကုသိုလ်ပါရမီဖြည့်ကျင့်ခဲ့ပုံကို နောင်လာနောက်သားတပည့်များ နည်းယူလိုက်နာကြစေရန် “တပည့်တို့ . . . ဝိပဿီမြတ်စွာဘုရားရှင် လက်ထက်တုန်းက ငါဟာ ဆောင်ရွက်စရာ ကိစ္စမှန်သမျှကို စိတ်အားထက်သန်စွာနဲ့ ဆောင်ရွက်သူတစ်ယောက် ဖြစ်ခဲ့တယ်၊ ဆင်းရဲလှတဲ့အတွက်

မြတ်စွာဘုရားရှင်ကို လှူဖွယ်ဝတ္ထုအစုစုနဲ့ မလှူနိုင်သော်လည်း မြတ်စွာဘုရားရဲ့ ခြေတော်အစုံကို ကြည်ညိုစိတ်နဲ့ ရှိခိုးခဲ့တယ်၊ ဝေယျာဝစ္စအလုပ်တွေကိုလည်း ဖြူစင်တဲ့စေတနာနဲ့ ဆောင်ရွက်ခဲ့တယ်၊ ဝတ္ထုပစ္စည်းတွေနဲ့ ကုသိုလ်တွေ မလုပ်နိုင်ခဲ့ပေမယ့် ကိုယ်ကာယကို အရင်းပြုပြီး ကုသိုလ်ရအောင် အားထုတ်ခဲ့တယ်၊ ဒီလိုကုသိုလ်စေတနာတွေကြောင့် ကိုးဆယ့်တစ်ကမ္ဘာလုံးလုံး အပါယ်သို့ မကျရောက်ခဲ့ရဘူး”ဟု မကြာခဏ မိန့်ကြားလေ့ရှိသည်။

**ခက်ဆစ်အဖွင့်**

ပုညကိရိယဝတ္ထုဆယ်ပါး = ဒါန(အလှူပေးခြင်း)၊ သီလ(သီလဆောက်တည်ခြင်း)၊ ဘာဝနာ(ဘာဝနာပွားများခြင်း)၊ အပစာယန(အရိုအသေပြုခြင်း)၊ ဝေယျာဝစ္စ(ဝတ်ကြီးဝတ်ငယ်ပြုခြင်း)၊ ပတ္တိဒါန(အမျှဝေခြင်း)၊ ပတ္တာနုမောဒန(သာဓုခေါ်ခြင်း)၊ ဓမ္မဒေသနာ(တရားဟောခြင်း)၊ ဓမ္မဿဝန(တရားနာခြင်း)၊ ဒိဋ္ဌိဇုကမ္မ(အယူကို ဖြောင့်မတ်အောင်ပြုခြင်း)။

စကြဝဠာမင်း = လိုရာသို့ ကောင်းကင်ခရီးဖြင့် သွားလာနိုင်သော စကြာရတနာကို ပိုင်ဆိုင်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးကျွန်းကို အစိုးရသောမင်း။

# သင်ခန်းစာ (၂၃)
# သိင်္ဂါလောဝါဒသုတ် မိတ်ဆက်



မြတ်စွာဘုရားသည် အိမ်ရာတည်ထောင် လူတို့ဘောင်တွင် နေသူများအတွက် လောကီအကျိုးစီးပွားများ ဖြစ်ပေါ်စေရန် လိုက်နာကျင့်သုံးသင့်သော တရားတော်များကို အခါအားလျော်စွာ ဟောကြားတော်မူခဲ့သည်။ ထိုတရားတော်များတွင် သိင်္ဂါလောဝါဒသုတ်သည် တစ်သုတ် အပါအဝင်ဖြစ်သည်။ ထိုသုတ်တော်တွင် အိမ်ထောင်မှုရေးရာဝတ္တရားများ၊ လူမှုပေါင်းသင်းဆက်ဆံရေးဝတ္တရားများ၊ လောကီဆိုင်ရာ ကြီးပွားတိုးတက်ကြောင်းတရားများနှင့် ဆုတ်ယုတ်ကြောင်းတရားများကို အကျယ်တဝင့် ဟောကြားထားသည်။ ထို့ကြောင့် သိင်္ဂါလောဝါဒသုတ်ကို လူပုဂ္ဂိုလ်များအတွက် မြတ်ဗုဒ္ဓလမ်းညွှန်ခဲ့သော ဝိနည်းစည်းကမ်း (ဂိဟိဝိနယ)ဟုလည်း ခေါ်ကြသည်။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဤသိင်္ဂါလောဝါဒသုတ္တန်ကို ဟောကြားတော်မူရန်အကြောင်း ဖြစ်ပေါ်လာသည်။ တစ်ခုသော နံနက်ခင်းအချိန်ဝယ် ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူသောအခါ စိုစွတ်သော အဝတ်တို့ဖြင့် အရပ်မျက်နှာတို့ကို ရှိခိုးနေသည့် သိင်္ဂါလသတို့သားကို မြင်တော်မူသဖြင့် "သူကြွယ်သား . . . အဘယ့်ကြောင့် ဤကဲ့သို့ အရပ်မျက်နှာတို့ကို ရှိခိုးနေသနည်း" ဟု မေးတော်မူ၏။

ထိုအခါ သိင်္ဂါလသတို့သားက “မြတ်စွာဘုရား . . . အကျွန်ုပ်၏ ဖခင် သေခါနီးအချိန်၌ အကျွန်ုပ်ကို ‘ချစ်သား . . . သင်သည် အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးလော့’ဟု မှာကြားခဲ့ပါ၏။ အကျွန်ုပ်သည် ဖခင်၏စကားကို ရိုသေလေးမြတ် ပူဇော်လျက် ဤကဲ့သို့ အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးနေခြင်းဖြစ်ပါ၏”ဟု ပြန်လည်လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်က “လောက၌ အရိယာသူတော်ကောင်းတို့၏ အရပ်မျက်နှာတို့ကို ရှိခိုးခြင်းသည် သင်ရှိခိုးသကဲ့သို့မဟုတ်၊ တစ်မျိုးတခြားဖြစ်သည်”ဟု မိန့်တော်မူ၏။ ထိုအခါ သိင်္ဂါလသတို့သားက သူတော်ကောင်းတို့၏ အရပ်ခြောက်မျက်နှာ ရှိခိုးနည်းကို ဟောကြားညွှန်ပြပေးပါရန် တောင်းပန်လျှောက်ထားသဖြင့် သိင်္ဂါလောဝါဒသုတ္တန်ကို ဟောတော်မူသည်။

သိင်္ဂါလောဝါဒသုတ္တန်တွင် လောကလူသားတို့၏ အကျင့်သိက္ခာကို ညစ်နွမ်းစေတတ်သော ကာယကံ၊ ဝစီကံများ၊ မလိုက်စားအပ်သော အဂတိတရားလေးပါး၊ စည်းစိမ်ဥစ္စာပျက်စီးကြောင်း ခြောက်ပါးနှင့် မပေါင်းသင်းအပ်သော မိတ်ဆွေတု၊ ပေါင်းသင်းအပ်သော မိတ်ဆွေစစ်တို့၏ အကြောင်းများကို ဖော်ပြထား၏။ ထို့အပြင် အရှေ့အရပ်ကို ကိုယ်စားပြုသည့် မိဘနှင့်သားသမီး၊ တောင်အရပ်ကို ကိုယ်စားပြုသည့် ဆရာနှင့်တပည့်၊ အနောက်အရပ်ကို ကိုယ်စားပြုသည့် ခင်ပွန်းနှင့်ဇနီး၊ မြောက်အရပ်ကို ကိုယ်စားပြုသည့် မိတ်ဆွေအချင်းချင်း၊ အောက်အရပ်ကို ကိုယ်စားပြုသည့် အလုပ်ရှင်နှင့်အလုပ်သမား၊ အထက်အရပ်ကို ကိုယ်စားပြုသည့် ရဟန်းနှင့် ဒါယကာ အသီးသီးတို့၏ လိုက်နာကျင့်ဆောင်ရမည့် ကျင့်ဝတ်တို့ကို မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားအား ဩဝါဒပေးဟောကြားထားသည်။ ထို့ကြောင့် သိင်္ဂါလောဝါဒသုတ်ဟု အမည်တွင်ခြင်းဖြစ်သည်။



လူတစ်ဦးသည် ဘဝဇာတ်ခုံ၌ မိဘ၊ သားသမီး၊ ဆရာ၊ တပည့်၊ ခင်ပွန်း၊ ဇနီး၊ မိတ်ဆွေ၊ အလုပ်ရှင်၊ အလုပ်သမား၊ ရဟန်း၊ ဒါယကာ စသည်ဖြင့် အနည်းဆုံး ကဏ္ဍတစ်ခုမှ မဖြစ်မနေ ပါဝင်ရမည်ဖြစ်သည်။ တစ်ခါတစ်ရံ ကဏ္ဍနှစ်ခုသုံးခု စသည်ဖြင့် ပါဝင်ရသည်။ ထိုကဏ္ဍ အသီးသီးရှိ ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လူမှုပတ်ဝန်းကျင်တွင် မကောင်းကျိုးများ ဖြစ်ပေါ်တတ်ပေသည်။ ဗုဒ္ဓမြတ်စွာ လမ်းညွှန်ပေးတော်မူသည့် လူမှုရေးဆိုင်ရာ ဝတ္တရားများသည် ဘဝသာယာမှုကို မုချပေးစွမ်းနိုင်သဖြင့် လိုက်နာကျင့်ကြံနိုင်သည်နှင့်အမျှ ကောင်းကျိုးများစွာ ရရှိနိုင်သော အဖိုးတန်လူ့ကျင့်ဝတ်များပင် ဖြစ်သည်။

သိင်္ဂါလောဝါဒသုတ္တန်တွင်ပါဝင်သောလူမှုဆက်ဆံရေးကျင့်ဝတ်များ၊ ရှောင်ကြဉ်သင့်သည့် အရာများနှင့် ဆောင်သင့်သည့်အရာများသည် လောကလူသားတို့အတွက် ကြီးပွားချမ်းသာခြင်းကို ဖြစ်ထွန်းစေသည့် တရားတော်များ ဖြစ်ကြ၏။ ထို့အပြင် အရပ်ခြောက်မျက်နှာအရ မိမိနှင့် ဆိုင်ရာ ကျင့်ဝတ်များကို ကိုယ်စီကိုယ်ငှ လိုက်နာကျင့်သုံးကြပါက ကောင်းကျိုးချမ်းသာများကို မုချရရှိနိုင်ကြမည်ဖြစ်ကာ လူမှုပတ်ဝန်းကျင်သည်လည်း ပို၍ ငြိမ်းချမ်းသာယာလာပေမည်။

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| အဂတိတရားလေးပါး | = ဆန္ဒာဂတိ–ချစ်၍ ဘက်လိုက်ခြင်း၊<br>ဒေါသာဂတိ–မုန်း၍ ဘက်လိုက်ခြင်း၊<br>မောဟာဂတိ–မသိ၍ ဘက်လိုက်ခြင်း၊<br>ဘယာဂတိ–ကြောက်၍ ဘက်လိုက်ခြင်း။ |
| စည်းစိမ်ဥစ္စာပျက်စီးကြောင်းခြောက်ပါး = | သေရည်အရက်သောက်ခြင်း၊<br>အချိန်အခါမဲ့ လှည့်လည်သွားလာခြင်း၊<br>ပွဲလမ်းသဘင်ကြည့်ရှုခြင်း၊ လောင်းကစားခြင်း၊<br>မကောင်းသော မိတ်ဆွေ ခင်ပွန်းတို့နှင့်<br>ပေါင်းသင်းခြင်း၊ ပျင်းရိခြင်း။ |

## သင်ခန်းစာ (၂၄)
## ကေဒါရကျေးမင်း



ရှေးအခါက ကြီးမားတင့်တယ် ရှုချင်ဖွယ်ရှိသော ကျေးမင်းသည် များစွာသော အခြွေအရံရှိလျက် အိုမင်းမစွမ်းသော မိဘတို့ကို လုပ်ကျွေးကာနေ၏။

တစ်နေ့သော် လူတို့စိုက်ပျိုးအပ်သော ကောက်သလေးလယ်တို့၌ သွားရောက် စားသောက်ကြရာ လယ်စောင့်သည် ခြောက်သော်လည်း မရနိုင်။ အခြားကျေးတို့သည် အစာကို အဝစား၍ ပျံကြကုန်၏။ ကျေးမင်းကား အဝစားရုံမျှမက များစွာသော သလေးနှံတို့ကိုလည်း ဆောင်ယူသွားလေသေး၏။

လယ်စောင့်သည် ထိုအကြောင်းကို လယ်ရှင်အား ပြောကြားလေ၏။ လယ်ရှင်က ကျော့ကွင်းဖြင့် ထောင်ဖမ်းစေရာ ကျေးမင်းကို မိလေ၏။

ကျေးမင်းသည် မိမိခြေတွင် ကျော့ကွင်းမိကြောင်းသိသော်လည်း မိမိ၏နောက်လိုက် ကျေးတို့ အစာမဝမီ ပျံပြေးကြမည်စိုး၍ ကျေးတို့ အစာဝချိန်လောက်မှ အော်လေ၏။ ထိုအခါ ကျေးတို့သည် ကျေးမင်းအား ပြန်မကြည့်ဘဲ ပျံပြေးကြလေ၏။

လယ်စောင့်သည် ကျေးမင်းကိုယူ၍ လယ်ရှင်အားပြ၏။ လယ်ရှင်လည်း တင့်တယ် ကြီးမားသော ကျေးမင်းကို မြင်လျှင် အလွန်ချစ်ခင်ဝမ်းမြောက်လျက် “အမောင်ကျေးသား

. . . အမောင်သည် ဝမ်းဝရုံ စားသည်သာမဟုတ်၊ ကောက်သလေးနှံတို့ကို ယူဆောင်၍လည်း သွားသေး၏ဟု ငါကြားသိရ၏၊ အဘယ့်ကြောင့်နည်း၊ အသင်၌ ကျီကြထား၍ ကောက်သလေးတို့ကို သိုမှီးလေသလော”ဟု မေး၏။

“အရှင် . . . ငါသည် ကျီကြထား၍ သိုမှီးသည်မဟုတ်ပါ၊ ထိုသို့ အပိုဆောင်ယူသွားသည်မှာ အချက်သုံးချက်ရှိပါသည်။ ၎င်းတို့ကား –

(၁) ကြွေးမြီဟောင်းကိုလည်း ဆပ်ရ၏။

(၂) ကြွေးမြီသစ်ကိုလည်း ချပေးရ၏။

(၃) အစဉ်လိုက်သော ရွှေအိုးကိုလည်း မြှုပ်ရ၏”ဟု ဆို၏။

ဤတွင် လယ်ရှင်က “အမောင်ကျေးသား . . . သင်ဆိုသော အချက်သုံးချက်၏အဓိပ္ပာယ်ကို ရှင်းပါဦးလော့”ဟု ဆို၏။

ထိုအခါမှ ကျေးမင်းက “ငါ့၌ အိုမင်းမစွမ်းသော အမိအဖတို့သည် ရှိကုန်၏၊ ၎င်းတို့ကို ပြန်၍ လုပ်ကျွေးခြင်းဖြင့် ကျေးဇူးပြန်ဆပ်ရ၏၊ ဤသည်မှာ အမိအဖတို့၏ ကြွေးမြီဟောင်းကို ဆပ်သည် မည်၏၊

ငါ့၌ အရွယ်မရောက်သေးသော ကျေးသားငယ်တို့သည် ရှိကုန်၏၊ ထိုသားငယ်တို့အား လုပ်ကျွေးရခြင်းသည် နောင်အခါ၌ ထိုသားတို့က ကျွေးမွေးတုံ့ပြန်မည်ဖြစ်၍ ကြွေးမြီသစ်ကို ချပေးသည် မည်၏၊

ငါတို့နေရာအရပ်၌ အိုမင်းမစွမ်းသော ကျေးအိုတို့သည် ရှိကုန်၏၊ ထိုကျေးအိုတို့အားလည်း ပေးလှူရ၏၊ ဤသို့ပေးလှူခြင်းသည် အစဉ်လိုက်သော ရွှေအိုးကို မြှုပ်သည်မည်၏”ဟု ဆိုပေ၏။

လယ်ရှင်ယောက်ျားလည်း အတိုင်းထက်အလွန် နှစ်သက်ကြည်ညိုလျက် ကျေးမင်းအား “အလိုရှိတိုင်း သုံးဆောင်လေလော့”ဟု ရှစ်ပယ်မျှသောလယ်ကို ပေးလှူပူဇော်လေသည်။

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| သလေး | = ကောက်ကြီးမျိုးဝင် စပါးတစ်မျိုး။ |
| ကျော့ကွင်း | = ကွင်းလျှောကြိုးဖြင့် ၄က်စသည်ကို ထောင်ဖမ်းရန် ကြိုးကွင်း။ ညှွတ်ကွင်း။ |
| ကျီ | = စပါး၊ ပဲစသည်တို့ကို သိုမှီးရာ အဆောက်အအုံ။ |
| ကြ | = စပါး ၂၅၆ တင်းဝင်သော အဆောက်အအုံ။ |
| အစဉ်လိုက်သော | = (မိမိနောက်သို့) ထပ်ကြပ်မကွာ လိုက်သော။ |
| ပယ် | = ရှေးခေတ် မြေအတိုင်းအတာပမာဏ။ (၁.၇၅ ဧကနှင့် ညီမျှသည်။) |

## သင်ခန်းစာ (၂၅)
## စိတ်ထားမြတ်သော သာမဏေ



မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ကောသမ္ဗီဝါသီတိဿဟူသော ရဟန်းမှာ ခုနစ်နှစ်အရွယ် တပည့်ကိုရင်ငယ်လေးတစ်ပါးရှိလေသည်။ ကိုရင်ငယ်လေးသည် ကိုရင်ဝတ်ရန် ဆံချစဉ်မှာပင် ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့သည်။

တစ်နေ့တွင် ဆရာရဟန်းနှင့် တပည့်ကိုရင်ငယ်တို့သည် မြတ်စွာဘုရားရှင်ကို သွားရောက်ဖူးမြော်ရန် ထွက်လာခဲ့ကြရင်း လမ်းခရီးရှိ ကျောင်းတစ်ကျောင်း၌ တစ်ညတာ ဝင်ရောက်တည်းခိုကြသည်။ ကိုရင်ငယ်သည် ဆရာရဟန်းအတွက် အိပ်ရာနေရာ ပြင်ဆင်ပေးပြီး ဆရာရဟန်း၏ အိပ်ရာခြေရင်းမှာပင် ထိုင်လျက်ဖြင့် အိပ်လိုက်လေသည်။

နံနက်အရုဏ်တက်သောအခါ ဆရာရဟန်းက ဖျာကို ယပ်တောင်ဖြင့် ခေါက်၍ ကိုရင်ငယ်ကို နှိုးလေရာ ယပ်တောင်အရိုးက ကျွတ်၍ ကိုရင်ငယ်၏ မျက်လုံးတစ်ဖက်ကို ထိုးဖောက်မိသွားသည်။ ဆရာရဟန်းက ထိုကဲ့သို့ဖြစ်သွားသည်ကို မသိလိုက်ပေ။ ကိုရင်ငယ်သည် မျက်လုံးတစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဖုံးထားလျက် ဆရာရဟန်း၏ ဝေယျာဝစ္စတို့ကို လုပ်နေကျအတိုင်း လုပ်ဆောင်လေသည်။ ကိုရင်ငယ်က ဆရာရဟန်းအား လက်တစ်ဖက်တည်းဖြင့် ဒန်ပူကို ကပ်၏။ ထိုအခါ ဆရာရဟန်းက "သာမဏေငယ်...လက်တစ်ဖက်တည်းနဲ့ ဒန်ပူကို မကပ်ကောင်းဘူးဆိုတာ

မသိဘူးလား"ဟု မေး၏။ ကိုရင်ငယ်က "တပည့်တော် သိပါတယ်ဘုရား၊ ကျန်လက်တစ်ဖက်က မအားလို့ပါဘုရား"ဟုသာ လျှောက်ထား၏။ ဆရာရဟန်းက "လက်တစ်ဖက်က ဘာကြောင့် မအားတာလဲ"ဟု မေးသောအခါမှ ကိုရင်ငယ်က အဖြစ်မှန်ကို လျှောက်ထားလိုက်လေသည်။

ဆရာရဟန်းသည် မိမိကြောင့် ကိုရင်ငယ်၏ မျက်လုံးတစ်ဖက် ဆုံးရှုံးသွားခဲ့ရကြောင်းကို သိသွားရာ အလွန်စိတ်မကောင်း ဖြစ်သွားသည်။ ထိုအခါ ကိုရင်ငယ်က "အခုလိုဖြစ်ရတာဟာ ဆရာရဟန်းကြောင့်လည်း မဟုတ်၊ မိမိကြောင့်လည်း မဟုတ်၊ သံသရာဝဋ်ကြွေးကြောင့်သာ ဖြစ်ပါတယ်ဘုရား"ဟု ဆရာရဟန်းအား လျှောက်ထားနှစ်သိမ့်လေသည်။ ထို့နောက် ဆရာရဟန်းနှင့် ကိုရင်ငယ်တို့သည် မြတ်စွာဘုရားထံသို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

မြတ်စွာဘုရားထံသို့ ရောက်သောအခါ ဆရာရဟန်းက ဖြစ်ကြောင်းစုံလင်ကို မြတ်စွာဘုရားအား လျှောက်ထားလေသည်။ ထို့အပြင် ဆရာရဟန်းက "ကိုရင်ငယ်ဟာ တပည့်တော်အပေါ်မှာ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း လုံးဝမရှိခဲ့ပါဘုရား၊ ဒီလိုပုဂ္ဂိုလ်မျိုးကို တပည့်တော် တစ်ခါမှ မတွေ့ခဲ့ဘူးပါဘုရား"ဟုလည်း ဆက်လက်လျှောက်ထားလေသည်။

ထိုအခါ မြတ်စွာဘုရားက "အာသဝေါ ကုန်ခန်းပြီးတဲ့ ရဟန္တာတွေဟာ သူတစ်ပါးအပေါ်မှာ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိတော့ဘူး၊ တည်ကြည်တဲ့ဣန္ဒြေ၊ ငြိမ်းအေးတဲ့ စိတ်တို့သာ ရှိတယ်"ဟု မိန့်ကြားတော်မူပါသည်။

**ခက်ဆစ်အဖွင့်**

ဒန်ပူ(တံပူ) = သွားကိုပွတ်တိုက်ရန် တမာကိုင်းစသည်ကို သပ်ထားသော အချောင်းအတံ။



# သင်ခန်းစာ (၂၆)
# မန်လည်ဆရာတော်ဘုရားကြီး




မန်လည်ဆရာတော်လောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ အထက်ပိုင်း ကသာခရိုင်၊ မန်လည်မြို့၌ မြို့စာရေးကြီး ဦးထင်ညိုနှင့် ဒေါ်ဖြေတို့မှ မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်မာ ဖြစ်သည်။ အသက် ၁၂ နှစ်အရွယ်တွင် ဝန်းသိုမြို့ တောင်ပေါ်ကျောင်းဆရာတော် ဦးပန်းအောင်ထံတွင် ပညာသင်ယူခဲ့သည်။ ၁၆ နှစ်အရွယ်တွင် 'ရှင်ဇဝန'ဟူသော ဘွဲ့အမည်ဖြင့် ရှင်သာမဏေပြုခဲ့ပြီး မန်လည်မြို့ လေးထပ်ကျောင်းဆရာတော် ဦးနန္ဒမဋ္ဌုထံတွင် ဆက်လက်ပညာဆည်းပူးခဲ့သည်။

ဆရာတော် ဦးနန္ဒမဋ္ဌုသည် ကိုရင်ဇဝနအား ရဟန်းဘောင်သို့ တက်ရောက်ရန် တိုက်တွန်း သော်လည်း မရချေ။ ကြီးလေးလှသော သာသနာ့ဝန်ကို ထမ်းဆောင်ရန် စိုးရွံ့သဖြင့် ဤသို့ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။ ဆရာတော် ပျံလွန်တော်မူခါနီးတွင် ဆရာတော်နှင့်အတူ ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်းတိုက်တွန်းကြသဖြင့် မြန်မာသက္ကရာဇ် ၁၂၂၅ ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

မြန်မာသက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်၌ ဝါဆိုတော်မူ၍ ပိဋကတ်စာပေများကို ဆက်လက်လေ့လာခဲ့သည်။ ထို့နောက် မန်လည်မြို့သို့ပြန်၍ မန်လည်မြို့ဝန် လှူဒါန်းသော ပြာသာဒ်ကျောင်းတော်ကြီးတွင် သီတင်းသုံးနေထိုင်တော်မူခဲ့သည်။ ဆရာတော်သည် ဘင်္ဂလီ၊ နာဂရီ၊ သီဟိုဠ် စသည့် ဘာသာများဖြင့် ရေးသားထားသော ကျမ်းများနှင့် ဇာတ်နိပါတ်၊ ရာဇဝင်၊ ဗေဒင်ကျမ်း၊ ဆေးကျမ်းစသည်တို့တွင် ပါဝင်သည့် အတတ်ပညာမျိုးစုံကို တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူခဲ့သည်။

ဆရာတော်သည် ရတု၊ ရကန်၊ ဧချင်း၊ မော်ကွန်း၊ ဒွေးချိုး၊ လေးချိုး၊ ဘုရားရှိခိုးများကို ၁၆ နှစ်သား အရွယ်ကပင် ရေးသားတော်မူခဲ့သည်။ ရဟန်းဆယ်ဝါက စတင်ရေးသားခဲ့သော မဟာသုတကာရီ မဃဒေဝလင်္ကာသစ်သည် ဆရာတော်၏ လောကီလောကုတ္တရာဗဟုသုတ ပြည့်ဝလေးနက်မှုကို ခန့်မှန်းနိုင်သည့် ထူးခြားထင်ရှားသော ကျမ်းတစ်စောင်ဖြစ်သည်။ ထိုကျမ်းမှာ ယနေ့တိုင် စာပေပညာရှင်များ၏ ကိုးကားအားထားရာကျမ်းအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့အပြင် ဆရာတော်သည် အခြားကျမ်းစာ ၇၀ ခန့်ကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

ဆရာတော်သည် ပရိယတ္တိသာသနာတော်ကြီး တည်တံ့ပြန့်ပွားစေရန် အရပ်ဒေသအသီးသီးမှ မေးမြန်းလာသော ပုစ္ဆာများကို ဖြေဆိုပေးခြင်း၊ လျှောက်ထားတောင်းပန်ချက်များကို ခံယူ၍ ကျမ်းစာများ ပြုစုခြင်း၊ ပညာစမ်းသော မေးခွန်းများကို ဖြေကြားခြင်း၊ ဘာသာရေးအယူအဆ ခဲရာခဲဆစ်များကို ရှင်းလင်းလမ်းညွှန်ခြင်း စသည်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။ နိုင်ငံအဝန်း အရပ်ဒေသအသီးသီးသို့ လှည့်လည်၍ တရားဓမ္မဟောပြောဆုံးမခြင်းဖြင့်လည်း သာသနာပြုတော်မူခဲ့သည်။ ဆရာတော်သည် သီပေါမြို့သို့ ကြွရောက်စဉ် သီပေါမြို့ရှိ ရွှေကျင်၊ သုဓမ္မာ၊ ယွန်းဟူသည့် ဗုဒ္ဓဘာသာဂိုဏ်းကွဲများကိုလည်း တရားပြဆုံးမ၍ ညီညွတ်စေတော်မူခဲ့သည်။

မန်လည်မြို့နှင့် ကသာမြို့များတွင် စေတီတော်များ တည်ထားတော်မူခဲ့သည်။ ပြည်တွင်း၊ ပြည်ပအနယ်နယ်အရပ်ရပ်မှ ရရှိသော ဆင်းတုတော်များနှင့် ဓာတ်တော်များကိုလည်း ထိုစေတီများတွင် ဌာပနာတော်မူခဲ့သည်။ ဤသို့ ထူးကဲစွာ သာသနာပြုခဲ့ခြင်းကြောင့် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်သည် လယ်တီဆရာတော်၏ တိုက်တွန်းတောင်းပန်ချက်အရ အလင်္ကာသံခိပ်နှင့် ဆန်းသံခိပ်များ ရေးသားစီစဉ်ဆဲကာလ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

## ခက်ဆစ်အဖွင့်

ရတု = လေးလုံးတစ်ပိုဒ်စီ ရေးဖွဲ့သော ကဗျာတစ်မျိုး။

ရကန် = ကာရန်ကိုကန်၍ စာဆိုပြိုင်ဘက်ကို နှိမ်နင်းကန်ကျောက်ကာ စပ်ဆိုလေ့ရှိသော ကဗျာတစ်မျိုး။

ဧချင်း = ငယ်ရွယ်သော ဘုရင့်သားတော် သမီးတော်များ ဇာတိမာန် တက်ကြွစေရန် မျိုးရိုးစဉ်ဆက် ဘုန်းတန်ခိုး တောက်ပခဲ့ပုံကို ဖွဲ့ဆိုသော ရေးကဗျာတစ်မျိုး။

မော်ကွန်း = နောင်ကာလ ကြာရှည်စွာ အမှတ်တရဖြစ်စေရန် မှတ်တမ်းတင် ရေးဖွဲ့သည့်စာ။

ဒွေးချိုး = အချိုးနှစ်ချိုးထား၍ ဖွဲ့ဆိုသော ကဗျာတစ်မျိုး။

လေးချိုး = အချိုးလေးခုပါသော ကဗျာတစ်မျိုး။

ရာဇဝင် = မင်းစဉ် မင်းဆက် အကြောင်းအရာမှတ်တမ်း။

အလင်္ကာ = စာအဖွဲ့အနွဲ့ အဆင်တန်ဆာ။

သံခိပ် = အကျဉ်းချုံးသောနည်းဖြင့် ရေးသောစာ။

ဆန်း = ပါဠိဂါထာဖွဲ့ဆိုနည်း အတတ်။

# သင်ခန်းစာ (၂၇)
# မိတ်ကောင်းဆွေကောင်း



မြတ်စွာဘုရားရှင် လက်ထက်တော်အခါက အနာထပိဏ်သူဌေးကြီးတွင် 'ကာဠကဏ္ဏီ'ဟု ခေါ်သည့် မိတ်ဆွေသူငယ်ချင်းတစ်ယောက်ရှိသည်။ အနာထပိဏ်နှင့် ကာဠကဏ္ဏီတို့သည် ကစားဖော်ကစားဖက်၊ ပညာသင်ဖော်သင်ဖက်များဖြစ်ကြသည်။ ကာဠကဏ္ဏီ၏ အဓိပ္ပာယ်မှာ 'မည်းညစ်ပြီး ကောက်ကျစ်သူ'ဟု ဆိုလိုသည်။ ဤသို့နှစ်ပေါင်းများစွာ နေလာကြစဉ် ကာဠကဏ္ဏီသည် စီးပွားပျက်၍ ဆင်းရဲသွားလေသည်။ သို့ဖြစ်၍ သူ၏မိတ်ဆွေ အနာထပိဏ်သူဌေးကြီးထံသို့ လာရောက်ပြီး အကူအညီတောင်းလေသည်။ အနာထပိဏ်သူဌေးကြီးက ကာဠကဏ္ဏီကို နှစ်သိမ့်အားပေး၍ သူ့အိမ်တွင် ပစ္စည်းဥစ္စာများကို စောင့်ရှောက်သော (ဘဏ္ဍာစိုး) တာဝန်ကို ပေးလိုက်ပြီး လိုလေသေးမရှိ ပြုစုစောင့်ရှောက်ထားသည်။ ကာဠကဏ္ဏီကလည်း ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မိတ်ဆွေသူဌေးကြီး၏ အိမ်မှုကိစ္စမှန်သမျှကို လုပ်ကိုင်ဆောင်ရွက်ပေးသည်။

ထိုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ပေးနေသော်လည်း သူဌေးကြီး၏ မိတ်ဆွေအချို့က 'ကာဠကဏ္ဏီ'ဆိုသည့် အမည်ကို မနှစ်မြို့ကြသဖြင့် "ဒီလို ကျက်သရေမရှိတဲ့ နာမည်နဲ့ ဆင်းရဲသားကို ခေါ်မထားပါနဲ့၊ ခေါ်ထားလို့ သင့်အတွက် ဘာအကျိုးရှိမှာလဲ"ဟု

အနာထပိဏ်သူဌေးကြီးကို ပြောဆိုကြသည်။ သူဌေးကြီးက "နာမည်က အဓိကမဟုတ်ပါဘူး၊ ဒီနာမည်ကြောင့် ငယ်ငယ်ကတည်းက ခင်လာခဲ့တဲ့ မိတ်ဆွေသူငယ်ချင်းကို မပစ်ပယ်သင့်ဘူး၊ ပစ်ပယ်မှာလည်း မဟုတ်ဘူး"ဟု ပြန်ပြောသည်။

တစ်နေ့တွင် သူဌေးကြီးသည် ကာဠကဏ္ဏီကို အိမ်စောင့်အဖြစ် ထားခဲ့ကာ သူအပိုင်စားရသော ရွာသို့သွားသည်။ သူဌေးကြီးမရှိမှန်းသိ၍ ထိုညမှာပင် သူခိုးတို့သည် ပစ္စည်းဥစ္စာများကို လုယက်ရန် လက်နက်များကို ကိုင်ဆောင်၍ သူဌေးကြီး၏ အိမ်အနားသို့ ကပ်လာကြသည်။ ထိုအချိန်တွင် ကာဠကဏ္ဏီက အိမ်ကို နိုးကြားစွာ စောင့်ရှောက်နေသည်။ သူခိုးများ အိမ်အနားသို့ ကပ်လာသည်ကို သိလိုက်ရ၍ အခြားအိမ်နီးနားချင်းများ နိုးလာစေရန် တစ်ယောက်ကို ခရသင်းမှုတ်စေသည်။ အခြားတစ်ယောက်ကို စည်တီးစေကာ အိမ်တွင် ပျော်ပွဲရွှင်ပွဲကြီး ကျင်းပနေသည်ဟု အထင်ရောက်သွားစေရန် စီမံလိုက်သည်။ ထိုအသံများကို သူခိုးများကြားသောအခါ အိမ်တွင် သူဌေးကြီးရှိနေသည်ဟု ထင်မှတ်၍ ယူလာသော လက်နက်များကိုချကာ ထွက်ပြေးသွားကြတော့သည်။

သူဌေးကြီး ပြန်လည်ရောက်ရှိလာသောအခါ ဖြစ်ကြောင်းစုံလင်ကို အိမ်သူအိမ်သားများက ပြောပြကြသည်။ ထိုအခါ သူဌေးကြီးက သူ၏မိတ်ဆွေများကို "သင်တို့ နှင်ထုတ်ခိုင်းလို့ ဒီသူငယ်ချင်းကို နှင်ထုတ်ခဲ့မယ်ဆိုရင် အခုအချိန်မှာ ငါ့ရဲ့ပစ္စည်းဥစ္စာတွေ အားလုံးဆုံးရှုံးရပြီပေါ့၊ တကယ်တော့ နာမည်က အဓိကမဟုတ်ပါဘူး၊ စိတ်ကောင်း စိတ်မြတ်ရှိဖို့ကသာ အဓိကကျတာပါ" ဟု ပြောလိုက်သည်။ ထိုအချိန်မှစ၍ သူဌေးကြီးသည် အဆွေခင်ပွန်းကောင်း ကာဠကဏ္ဏီအား အဆများစွာတိုး၍ ချီးမြှောက်ထောက်ပံ့ပေးလေသည်။ ဤသို့ဖြင့် သူငယ်ချင်းနှစ်ဦးသည် တစ်သက်လုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားကြလေသည်။



# သင်ခန်းစာ (၂၈)
# ဆရာမြတ်တို့၏ဂုဏ်ကျေးဇူး



မြတ်စွာဘုရားရှင်လက်ထက်က အရှင်သာရိပုတ္တရာမထေရ်အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းလေ့ရှိသည့် တပည့်ဒါယိကာမတစ်ဦးရှိ၏။ ထိုဒါယိကာမသည် ကိုယ်ဝန်ဆောင်သောအချိန်တွင် အရှင်သာရိပုတ္တရာမထေရ်နှင့်အတူ သံဃာတော် ၅၀၀ တို့အား ဆွမ်းကပ်လှူရင်း မိမိကိုယ်တိုင် ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်လျက် သံဃာတော်တို့၏ ဆွမ်းကျန်ဟင်းကျန်ကို စားလိုသော ချင်ခြင်း ဖြစ်ပေါ်လာ၏။ ထို့ကြောင့် အရှင်သာရိပုတ္တရာမထေရ် အမှူးရှိသော သံဃာတော် ၅၀၀ တို့အား ဆွမ်းကပ်လှူပြီး သံဃာတော်တို့၏ ဆွမ်းကျန်ဟင်းကျန်ကို စားလိုက်ရသောအခါမှ ချင်ခြင်း ပြေပျောက်သွားလေသည်။

ထိုကလေး ပဋိသန္ဓေတည်နေသောအခါမှစ၍ အိမ်၌ ဆင်းရဲဒုက္ခဟူသည် မရှိ။ ထို့ကြောင့် မွေးဖွားလာသောအခါ 'သုခကုမာရ'ဟု အမည်ပေးလိုက်၏။ သုခကုမာရသည် ခုနစ်နှစ်သားအရွယ်သို့ရောက်သောအခါ ရှင်သာမဏေပြုလိုသောဆန္ဒ ဖြစ်ပေါ်လာလေ၏။ မိခင်ကလည်း သာမဏေပြုခွင့်ပေးလိုက်သည့်အတွက် အရှင်သာရိပုတ္တရာမထေရ်ကို ဥပဇ္ဈာယ်ပြု၍ 'သုခ' ဟူသော ဘွဲ့အမည်ဖြင့် ရှင်သာမဏေဖြစ်လာ၏။

သာမဏေပြုပြီး ရှစ်ရက်မြောက်နေ့တွင် အရှင်သာရိပုတ္တရာမထေရ်၏ သပိတ်ကိုပိုက်ကာ ရွာတွင်းသို့ ဆွမ်းခံလိုက်၏။ ဆွမ်းခံကြွသည့် လမ်းခရီးတွင် သုခသာမဏေလေးသည် လယ်သမားများ မြောင်းတူးကာ ရေသွယ်ယူနေကြပုံ၊ လေးသမားများ မြားဖြောင့်နေကြပုံ၊ သစ်ခွဲသမားတို့ကလည်း သစ်ကို လိုရာပုံရအောင် ပြုလုပ်နေကြပုံတို့ကို တွေ့သောအခါ "သူတို့ ဘာတွေလုပ်နေကြတာလဲဘုရား"ဟု အရှင်သာရိပုတ္တရာမထေရ်ကို မေး၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က "ကိုရင် . . . ရေကို လယ်ထဲသွင်းဖို့ မြောင်းသွယ်ယူနေကြတယ်၊ ကောက်နေတဲ့မြားကို မီးကင်ပြီး ဖြောင့်အောင်ပြုလုပ်နေကြတယ်၊ သစ်ကို လှည်းဘီးလုပ်ဖို့ ရွေ၊ နွှာ၊ ခွဲစိပ်နေကြတယ်"ဟု ရှင်းပြလေ၏။ "သူတို့လုပ်နေတဲ့ ရေတွေ၊ မြားတွေ၊ သစ်တွေမှာ စိတ်ရှိပါသလားဘုရား"ဟု ကိုရင်လေးက ထပ်မံမေးမြန်းလေ၏။ "ကိုရင် . . . သူတို့မှာ စိတ်မရှိဘူး"ဟု မထေရ်မြတ်က ပြန်လည်ဖြေကြား၏။ ထိုအခါ သုခသာမဏေလေးက "စိတ်မရှိသော အရာတို့ကို မိမိလိုရာရောက်အောင် လုပ်ဆောင်နိုင်သေးလျှင် စိတ်ရှိသော လူတို့သည် စိတ်ကို မိမိအလိုသို့ လိုက်စေကာ လိမ္မာယဉ်ကျေးအောင် ပြုပြင်ဆုံးမ၍ ရနိုင်၏"ဟု တွေးတောဆင်ခြင်မိလေသည်။

ထိုသို့ဆင်ခြင်ပြီးနောက် သုခသာမဏေလေးသည် ကျောင်းသို့ပြန်လိုကြောင်း၊ မိမိအတွက် ဆွမ်းဘောဇဉ်ကို ခံယူခဲ့စေလိုကြောင်း လျှောက်ထားကာ သူပိုက်လာသော သပိတ်ကိုလည်း အရှင်သာရိပုတ္တရာမထေရ်အား ပြန်အပ်လိုက်၏။ အရှင်သာရိပုတ္တရာမထေရ်ကလည်း ခွင့်ပြုသဖြင့် သာမဏေလေးသည် ကျောင်းသို့ တစ်ပါးတည်း ပြန်ကြွခဲ့၏။ ကျောင်းသို့ ပြန်ရောက်သောအခါ အခန်းတံခါးကိုပိတ်၍ တည်ငြိမ်သောစိတ်ဖြင့် ဝိပဿနာတရားကို ကျင့်ကြံအားထုတ်နေ၏။



အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဆွမ်းခံကြွရင်း အချိန်အနည်းငယ် ကြာလာသောအခါ "ငါ့ကိုရင်လေး ဆာနေလောက်ပြီ"ဟု တွေးမိကာ ကျောင်းတော်သို့ အမြန်ပြန်ကြွလာခဲ့၏။ ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် တစ်ပါးတည်း ကျင့်ကြံအားထုတ်နေသော သုခသာမဏေလေး တရားထူးရရှိတော့မည်ကို သိရှိတော်မူ၏။ သာမဏေလေး တရားအားထုတ်နေစဉ် အရှင်သာရိပုတ္တရာ ရောက်လာပါက တရားထူးရရှိရေးအတွက် နှောင့်နှေးသွားမည်ကို သိရှိတော်မူသဖြင့် သာမဏေလေး တရားအားထုတ်နေသည့် အခန်းရှေ့မှနေ၍ အရှင်သာရိပုတ္တရာကို စောင့်နေကာ မေးခွန်းပုစ္ဆာလေးခုကို ဆီးကြိုမေးတော်မူ၏။ မြတ်စွာဘုရားရှင်၏ အမေးပုစ္ဆာများကို အရှင်သာရိပုတ္တရာ ဖြေဆိုနေသည်ကို ကြားနာလျက် ဆက်လက်ကြိုးစားအားထုတ်လေရာ သုခသာမဏေလေးသည် တရားထူးကို သိမြင်သွားပြီး ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေသည်။ ထို့နောက် အရှင်သာရိပုတ္တရာမထေရ်မြတ်က မိမိကိုယ်တိုင် ခံယူလာခဲ့သောဆွမ်းကို သာမဏေလေးအား ဘုဉ်းပေးစေတော်မူ၏။

ဤသို့ဖြင့် သုခသာမဏေလေးသည် မိမိ၏စိတ်အလိုကို ဖြည့်ဆည်းပေးတတ်သည့် လက်ဦးဆရာ အရှင်သာရိပုတ္တရာမထေရ်နှင့် တရားထူးရရှိရေးအတွက် မေတ္တာဖြင့် ကူညီစောင့်ရှောက်ပေးခဲ့သော မြတ်စွာဘုရားရှင်တို့၏ ကျေးဇူးကြောင့် ခုနစ်နှစ်သား ရဟန္တာလေးများထဲတွင် တစ်ပါးအပါအဝင် ဖြစ်ခဲ့လေ၏။

**ခက်ဆစ်အဖွင့်**

ဥပဇ္ဈာယ် (ဥပစ်ဇယ်) = အနီးကပ်ကြီးကြပ်၍ ဆုံးမသွန်သင်သော ဆရာ။

# သင်ခန်းစာ (၂၉)
# စကားပြောက်ခွန်း

(၁) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး မကြိုက်တဲ့စကား။

(၂) ဟုတ်မှန်တယ်၊ အကျိုးမရှိ၊ သူတစ်ပါး မကြိုက်တဲ့စကား။

(၃) ဟုတ်မှန်တယ်၊ အကျိုးရှိတယ်၊ သူတစ်ပါး မကြိုက်တဲ့စကား။

(၄) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး ကြိုက်တဲ့စကား။

(၅) ဟုတ်မှန်တယ်၊ အကျိုးမရှိ၊ သူတစ်ပါး ကြိုက်တဲ့စကား။

(၆) ဟုတ်မှန်တယ်၊ အကျိုးရှိတယ်၊ သူတစ်ပါး ကြိုက်တဲ့စကား။



# သင်ခန်းစာ (၃၀)

## သောမာထေရီ



သောမာထေရီသည် ပညာရှိအမတ်ကြီး၏ သမီးဘဝမှ ရဟန်းပြုလာသူ ဖြစ်၏။ မာရ်နတ်၏ နှောင့်ယှက်ကဲ့ရဲ့မှုကို ရဲရင့်ပြတ်သားစွာ ချေပနိုင်ခဲ့သော ရဟန္တာထေရီမကြီးလည်း ဖြစ်၏။ သောမာထေရီ အလောင်းလျာသည် သိခီမြတ်စွာဘုရားရှင်လက်ထက်တော်၌ ကုသိုလ်ကောင်းမှုများစွာကို ပြုလုပ်၍ ပါရမီဖြည့်ခဲ့၏။ ထိုဘဝမှ စုတေ၍ သံသရာ၌ ကျင်လည်လာခဲ့ရာ ဂေါတမမြတ်စွာဘုရားရှင်၏ လက်ထက်တော်တွင် ရာဇဂြိုဟ်ပြည်၌ မင်းတိုင်ပင် ပုရောဟိတ်အမတ်ကြီး၏ သမီးဖြစ်လာ၏။ ငယ်စဉ်ကပင် အလှူဒါန ပြုလုပ်ရခြင်းကို နှစ်သက်မွေ့လျော်၏။ ကိုယ်ကျင့်သီလ ဆောက်တည်ရခြင်းကိုလည်း နှစ်သက်သဘောကျ၏။ လူကြီးမိဘများကိုလည်း ရိုသေလေးစား၏။ ဆရာသမားများ၏ စကားကို နားထောင်ပြီး ပညာကိုလည်း ကြိုးစားသင်ယူ၏။ သောမာ အရွယ်ရောက်လာသောအခါ ယဉ်ကျေးသိမ်မွေ့သူလေး ဖြစ်လာ၏။

တစ်နေ့တွင် ရာဇဂြိုဟ်မြို့ မင်းလမ်းမကြီး၌ မြတ်စွာဘုရားရှင်သည် နာဠာဂီရိ ဆင်ကြမ်းကြီးကို ယဉ်ကျေးလိမ္မာအောင် ဆုံးမနေသည်ကို တွေ့မြင်ခဲ့ရ၏။ ထိုအခါ မြတ်စွာဘုရားရှင်၏ ကြီးမားလှသော မေတ္တာနှင့် ဉာဏ်ပညာကို ကြည်ညိုလှသောကြောင့် သောမာသည် ရတနာသုံးပါးအပေါ်၌ ပိုမို သက်ဝင်ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်လာတော့၏။

ထို့နောက် လူ့ဘောင်လောကတွင် အနှောင်အဖွဲ့ဖြင့် ဆက်လက်နေထိုင်ရန် ဆန္ဒမရှိတော့၍ ရဟန်းမအဖြစ် ခံယူလိုက်လေသည်။ သောမာထေရီသည် ရဟန်းမဖြစ်လာပြီးနောက် တရားကို အထူးလုံ့လစိုက်၍ အားထုတ်ရာ မကြာမီပင် တရားထူးရရှိ၍ ရဟန္တာဖြစ်သွားလေသည်။



တရားထူးရရှိပြီးလျှင် တရားဓမ္မဖြင့် အေးချမ်းစွာ နေထိုင်ရန် သာဝတ္ထိပြည်အနီးရှိ တောအုပ်တစ်ခုသို့ ရောက်ရှိလာခဲ့၏။ သောမာထေရီသည် ထိုတောအုပ်ထဲ၌ ချမ်းသာစွာ သီတင်းသုံးနေ၏။ ထိုအခါ မာရ်နတ်ရောက်ရှိလာပြီး သောမာထေရီ၏ သမာဓိချမ်းသာ ပျက်ပြားစေရန် ရည်ရွယ်၍ “ဘုရား၊ ရဟန္တာအရှင်မြတ်ကြီးတို့သာ ရရှိနိုင်တဲ့တရားထူးကို သင့်လို မိန်းမသားတစ်ယောက်ရဲ့ လက်နှစ်သစ်လောက်သာရှိတဲ့ ဉာဏ်လေးကို သုံးပြီး ရနိုင်ပါ့မလား”ဟု ကဲ့ရဲ့ပြောဆိုလေသည်။

ထိုစကားကို ကြားသောအခါ သောမာထေရီသည် “အသင်မာရ်နတ် . . . မိန်းမသားဖြစ်ပေမယ့်လည်း တည်ကြည်မှန်ကန်တဲ့စိတ်၊ ဉာဏ်နဲ့ယှဉ်တဲ့စိတ်တို့နဲ့ လုံ့လစိုက်ပြီး အားထုတ်ရင် သစ္စာလေးပါးကို ကောင်းစွာသိမြင်ပြီး တရားထူးကို ရရှိနိုင်တယ်”ဟု တည်ငြိမ်စွာဖြင့် ပြန်လည်ချေပလိုက်သည်။

ထိုအခါ မာရ်နတ်ကြီးသည် ဘာမှ ပြန်မပြောနိုင်ဘဲ နှုတ်ဆိတ်နေစဉ် ထေရီက “ငါဟာ စွဲလမ်းခြင်း တဏှာနဲ့ တွယ်တာခြင်းသံယောဇဉ်တွေကို အပြီးတိုင် ပယ်သတ်ခဲ့ပြီ”ဟု ထပ်မံ၍ ပြောလိုက်ရာ မာရ်နတ်ကြီးမှာ စိတ်နှလုံးမသာယာဖြစ်ပြီး “ဘုရားသမီးတော်များဟာ လွန်စွာ သတ္တိရှိပါလား”ဟု ညည်းတွားကာ ထိုနေရာမှ ထွက်ခွာသွားလေသည်။

သောမာထေရီသည် ကိလေသာ ကင်းစင်ပြီးသော ရဟန္တာထေရီမကြီး ဖြစ်၏။ ထို့ကြောင့် သူသည် မာရ်နတ်ကို ကြောက်ရွံ့ခြင်းကင်းစွာ အံတုနိုင်ခဲ့၏။ ဗုဒ္ဓသာသနာတော်၌ တရားထူးတရားမြတ်ကို ရရှိရာတွင် အမျိုးသား အမျိုးသမီးဖြစ်ခြင်းသည် အဓိကမကျဘဲ တည်ကြည်သော သမာဓိနှင့် အသိဉာဏ်ပညာသည်သာ အဓိကကျကြောင်း သောမာထေရီက ရဲဝံ့စွာ ထုတ်ဖော်ပြသခဲ့၏။

# သင်ခန်းစာ (၁၁)
# မြေကြီးပမာ သည်းခံနိုင်သူ




တစ်ခုသော ဝါကျွတ်ကာလ၌ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ ဒေသစာရီ လှည့်လည်တော်မူလိုကြောင်း ပန်ကြားလျှောက်ထားလေသည်။ ထို့နောက် ခရီးစတင်တော်မူရာ လိုက်ပါပို့ဆောင်ကြသော ရဟန်းများအနက် အမည်မှတ်မိသော ရဟန်းတို့ကို အမည်ခေါ်၍ နှုတ်ဆက်တော်မူ၏။ ရဟန်းငယ်တစ်ပါးသည် "မထေရ်မြတ်အနေဖြင့် သူ၏ အမည်ကိုခေါ်၍ နှုတ်ဆက်လျှင် ကောင်းမည်"ဟု တွေးကြံလျက်နေ၏။ သို့သော် အရှင်သာရိပုတ္တရာမထေရ်သည် ထိုရဟန်း၏ အမည်ကို မမှတ်မိသောကြောင့် အမည်မခေါ်ဘဲ ထားမိလေ၏။

ထို့ကဲ့သို့ အမည်ခေါ်၍ နှုတ်ဆက်မခံရသောကြောင့် ရဟန်းငယ်သည် အရှင်သာရိပုတ္တရာ မထေရ်အပေါ် ရန်ငြိုးဖွဲ့လေ၏။ ထိုအချိန်မှာပင် အရှင်မြတ်၏ နှစ်ထပ်သင်္ကန်းစွန်းဖြင့် ထိုရဟန်းငယ်၏ပခုံးကို မတော်တဆ ထိမိသွားပြန်၏။ ဤသည်ကိုပင် ရဟန်းငယ်က မကျေနပ်စိတ်ဖြင့် ထပ်မံရန်ငြိုးဖွဲ့လေ၏။ အရှင်သာရိပုတ္တရာမထေရ် ကျောင်းဝင်းအပြင်သို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် ရဟန်းငယ်သည် မြတ်စွာဘုရားရှင်ထံ ချဉ်းကပ်၍ "အရှင်ဘုရား . . . အရှင်သာရိပုတ္တရာမထေရ်သည် မိမိကိုယ်မိမိ ဘုရားရှင်၏ အဂ္ဂသာဝကကြီး ဖြစ်သည်ဟူသော မာန်ဖြင့် တပည့်တော်၏ ပခုံးစွန်းကို ထိပါးပုတ်ခတ်၍ ထွက်သွားပါသည်" ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာမထေရ်ကို လိုက်၍ ခေါ်စေ၏။



ရဟန်းအပေါင်းတို့သည် မြတ်စွာဘုရားရှင်၏ ဆုံးမဩဝါဒစကားကို နာယူရန် စုဝေးလာကြ၏။ အရှင်သာရိပုတ္တရာမထေရ်လည်း ပြန်လာပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိခိုးလျက် ထိုင်နေတော်မူ၏။ မြတ်စွာဘုရားရှင်က "သာရိပုတ္တရာ . . . ဤရဟန်း လျှောက်ထားလာသည့်အတိုင်း မှန်ပါသလော"ဟု သံဃာ့ပရိသတ်ရှေ့မှောက်တွင် မေးစစ်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်က "တပည့်တော်သည် ဤရဟန်းကို မပုတ်ခတ် မတိုးဝှေ့ပါဘုရား"ဟူ၍ မပြေဆိုဘဲ မိမိ၏ ဂုဏ်ကျေးဇူးစကားကို လျှောက်ထားလေ၏။ "အရှင်ဘုရား . . . ဤသာသနာတော်၌ မိမိခန္ဓာကိုယ်ကို သတိဖြင့် မရှုမဆင်ခြင်သော ပုဂ္ဂိုလ်သည်သာလျှင် သီတင်းသုံးဖော်တစ်ပါးပါးကို ထိပါးပုတ်ခတ် တိုးဝှေ့ပြီးနောက် မတောင်းပန်ဘဲ ဒေသစာရီ ခရီးထွက်ခွာသွားနိုင်ပေရာ၏"ဟူ၍ လျှောက်ထားလေ၏။

ထို့နောက် မထေရ်က "အရှင်ဘုရား . . . ဥပမာအားဖြင့် ပထဝီမြေကြီးပေါ်၌ စင်ကြယ်သောပစ္စည်းကိုလည်း စွန့်ပစ်ကုန်၏၊ မစင်ကြယ်သောပစ္စည်းကိုလည်း စွန့်ပစ်ကုန်၏၊ ထိုသို့စွန့်ပစ်ကြသော်လည်း မြေကြီးသည် နှစ်သက်ခြင်း၊ မုန်းတီးခြင်းမရှိ၊ ပကတိသဘောအတိုင်း တည်နေသကဲ့သို့ တပည့်တော်၏ စိတ်သည် ဤမဟာပထဝီမြေကြီးနှင့်လည်းကောင်း၊ ရေနှင့်လည်းကောင်း၊ မီးနှင့်လည်းကောင်း၊ လေနှင့်လည်းကောင်း၊ ခြေသုတ်ပုဆိုးနှင့်လည်းကောင်း၊ ဒွန်းစဏ္ဍားလူငယ်နှင့်လည်းကောင်း၊ ချိုကျိုးနွားလားနှင့်လည်းကောင်း တူညီပါသည်ဘုရား၊ ခန္ဓာကိုယ်ကို မြွေသေကောင်ပုပ်ကဲ့သို့ ငြီးငွေ့သည်ကိုလည်းကောင်း၊ ခန္ဓာကိုယ်ကို ရွက်ဆောင်ထားရသည်မှာ အပုပ်အိုးကို သယ်ဆောင်နေရသကဲ့သို့လည်းကောင်း ထင်မှတ်မိပါ၏"ဟု ဆက်လက်လျှောက်ထားလေ၏။

မထေရ်သည် မိမိ၏ဂုဏ်တို့ကို ဤဥပမာကိုးခုတို့ဖြင့် လျှောက်ထားသောအခါ ဥပမာတစ်ခု လျှောက်ပြီးတိုင်း မဟာပထဝီမြေကြီးသည် တုန်လှုပ်လေ၏။ ခြေသုတ်ပုဆိုး၊

ဒွန်းစဏ္ဍားလူငယ်၊ အပုပ်အိုးတို့ကို ဥပမာဆောင်၍ လျှောက်ထားသောအခါ ပုထုဇဉ်ရဟန်းတို့သည် မျက်ရည်မဆည်နိုင် ဖြစ်ကြကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့ကား တရားသံဝေဂ ဖြစ်ကြလေ၏။

မထေရ်သည် မိမိ၏ဂုဏ်ကျေးဇူးတို့ကို လျှောက်ထားနေစဉ် စွပ်စွဲသော ရဟန်းငယ်မှာ တစ်ကိုယ်လုံး ပူလောင်နေ၏။ ထိုအခါ ရဟန်းငယ်သည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်တွား၍ စွပ်စွဲမိသော မိမိ၏အပြစ်ကို ဝန်ခံ၍ တောင်းပန်လေ၏။

မြတ်စွာဘုရားက "ချစ်သား သာရိပုတ္တရာ . . . ဤရဟန်းငယ်ကို သည်းခံလေလော့၊ သည်းမခံပါက ဤရဟန်းငယ်၏ ဦးခေါင်းသည် ခုနစ်စိပ် ကွဲလေရာ၏"ဟု မိန့်တော်မူ၏။ ထိုအခါ မထေရ်သည် လက်အုပ်ချီပြီးလျှင် "အရှင်ဘုရား . . . တပည့်တော်သည် ထိုအရှင်အား သည်းခံပါ၏၊ အကယ်၍ တပည့်တော်မှာ အပြစ်ရှိခဲ့ပါလျှင် ထိုအရှင်ကလည်း တပည့်တော်အား သည်းခံပါလော့"ဟူ၍ လျှောက်ထား၏။

ထိုအခါ အခြားရဟန်းတို့က "ငါ့ရှင်တို့ . . . ယခုပင်လျှင် မထေရ်မြတ်၏ မနှိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးတို့ကို ရှုကြကုန်လော့၊ မုသာဝါဒဖြင့် စွပ်စွဲသော ရဟန်းအပေါ်၌ အနည်းငယ်မျှ အမျက်ဒေါသမထွက်ဘဲ ထိုင်၍လက်အုပ်ချီကာ တောင်းပန်ပေပြီ"ဟူ၍ ဆိုကြကုန်၏။

မြတ်စွာဘုရားရှင်ကလည်း အရှင်သာရိပုတ္တရာမထေရ်အပေါ် ရဟန်းတို့၏ ချီးမွမ်းစကားတို့ကို ထောက်ခံတော်မူသောအားဖြင့် "ချစ်သားတို့ . . . သာရိပုတ္တရာကဲ့သို့သော ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်တို့သည် အမျက်ဒေါသ လုံးဝမထွက်တော့ချေ၊ ရဟန်းတို့ . . . ငါ၏သားတော် သာရိပုတ္တရာသည် မြေကြီးကဲ့သို့ တည်ကြည်ငြိမ်သက်သော စိတ်ရှိ၏၊ မြဲမြံစွာ စိုက်ထူထားသော ကျောက်တိုင်ကြီးကဲ့သို့ တုန်လှုပ်ရွေ့လျားခြင်းမရှိ၊ ရေကြည်အိုင်ကဲ့သို့ အေးမြကြည်လင်ဖြူစင်သော စိတ်ထားလည်းရှိ၏"ဟု မိန့်တော်မူလေ၏။

**ခက်ဆစ်အဖွင့်**

ဒေသစာရီ = ဘုရား၊ ရဟန္တာတို့ အရပ်ရပ်သို့ လှည့်လည်သွားလာခြင်း။

အဂ္ဂသာဝက = အမြတ်ဆုံးတပည့်။

ဒွန်းစဏ္ဍား = သူတောင်းစား။

## သင်ခန်းစာ (၃၂)
## မြတ်ဗုဒ္ဓ၏ငြိမ်းချမ်းရေးလမ်းညွှန်



လူတိုင်းလူတိုင်း ပျော်ပျော်ရွှင်ရွှင် ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်လိုကြ၏။ ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းကို အလိုမရှိကြပေ။ သို့သော် လူတို့သည် အချင်းချင်း ပျော်ပျော်ရွှင်ရွှင် ငြိမ်းငြိမ်းချမ်းချမ်း မနေနိုင်ကြဘဲ ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများ မကြာခဏ ဖြစ်နေကြ၏။ ထိုသို့ဖြစ်ရသည်မှာ ကိုယ်ကျင့်သီလ ယိုယွင်းပျက်စီးခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ရန်လိုမုန်းတီးခြင်း၊ မာန်မာန၊ မနာလိုမှုစသောတရားများ အားကြီးခြင်းနှင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ကျင့်သုံးမှု အားနည်းနေခြင်းတို့ကြောင့် ဖြစ်ပေသည်။

ယနေ့ခေတ်တွင် ရုပ်ဝတ္ထုပစ္စည်း တိုးတက်မှုအပိုင်းသည် လိုလေသေးမရှိ ပြည့်စုံပါသည်။ သို့သော် ကိုယ်ကျင့်သီလနှင့် စိတ်ဓာတ်မြင့်မြတ်မှုတို့မှာ တရိုန်ထိုး နိမ့်ဆင်းလျက်ရှိသည်။ ယနေ့ ကမ္ဘာတွင် စစ်ပွဲများ၊ အကြမ်းဖက်မှုများ၊ အသေခံ ဗုံးဖောက်ခွဲမှုများကြောင့် အသက်ပေါင်းများစွာ နေ့စဉ် ဆုံးရှုံးနေကြရသည်။ ကိုယ်ကျင့်သီလ ယိုယွင်းပျက်စီးနေသူသည် တရားသည်၊ မတရားသည်ကို စဉ်းစားလေ့မရှိဘဲ အခြားသူများကို ဖိနှိပ်ချုပ်ချယ်ရန်၊ သတ်ဖြတ်ညှင်းဆဲရန်၊ ဗိုလ်ကျစိုးမိုးရန် ဝန်မလေးတတ်ပေ။ ထို့ကြောင့် ကိုယ့်ကျင့်သီလ ယိုယွင်းပျက်စီးခြင်းသည် ငြိမ်းချမ်းသာယာမှုကို ဖျက်ဆီးနေသော ပဓာနအကြောင်းတရားတစ်ခုဟု ဆိုနိုင်ပါသည်။

လူတို့သည် ကိုးကွယ်သည့်ဘာသာ၊ ပြောဆိုသည့် ဘာသာစကား၊ အသားအရောင်၊ လူမျိုး၊ လူတန်းစားစသည့် မိမိနှင့်မတူညီမှုများအပေါ် အခြေခံ၍ အချင်းချင်း တိုက်ခိုက်နေကြ၏၊ လက်စားချေနေကြ၏။ ဤသို့ဖြစ်ရသည်မှာ မတူကွဲပြားမှုအပေါ် နားလည်မှု မပေးနိုင်ခြင်း၊ ကိုယ့်ဘာသာ၊ ကိုယ့်လူမျိုးကိုသာ ကြီးပွားတိုးတက်စေလိုသည့် တစ်ကိုယ်ကောင်းစိတ် အားကြီးခြင်း၊ ကိုယ့်နှင့်မတူသူကို ရန်လိုမုန်းတီးခြင်း၊ မတူမတန် ဆက်ဆံခြင်း၊ အခြားသူတို့အပေါ် မေတ္တာ၊ ကရုဏာစိတ် ကင်းမဲ့ခြင်း၊ သူတစ်ပါးကြီးပွားတိုးတက်သည်ကို မနာလိုစိတ်ထားကာ မုဒိတာစိတ် မပွားနိုင်ခြင်းတို့ကြောင့် ဖြစ်ပေသည်။ ဤမကောင်းသောစိတ်များ၏ လှုံ့ဆော်မှုကြောင့် အချင်းချင်း အပြန်အလှန် လက်စားချေ တိုက်ခိုက်နေကြခြင်းဖြစ်၏။ ဤသို့ဖြင့် ခိုက်ရန်ဖြစ်ပွားမှုများသည် အဆုံးမသတ်နိုင်တော့ပေ။

ဤအချက်ကို မြတ်ဗုဒ္ဓက "ရန်ကို ရန်ချင်း တုံ့ပြန်ခြင်းဖြင့် မငြိမ်းအေးနိုင်၊ မေတ္တာတရားဖြင့်သာလျှင် ငြိမ်းအေးစေနိုင်သည်"ဟု ဆုံးမတော်မူခဲ့သည်။ ထို့အပြင် မြတ်ဗုဒ္ဓက "ချစ်သားချစ်သမီးတို့ . . . အချင်းချင်း ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် နေလိုကြလျှင် ရှေ့၌ဖြစ်စေ၊ ကွယ်ရာ၌ဖြစ်စေ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးသော အမူအရာတို့၌ မေတ္တာဖြင့် ဆက်ဆံရမည်၊ အသုံးအဆောင်ပစ္စည်းတို့ကို အညီအမျှ ခွဲဝေသုံးစွဲရမည်၊ ကိုယ်ကျင့်သီလတို့ကို တူညီစွာဖြည့်ကျင့်ရမည်၊ အတွေးအမြင်တူညီအောင် ကြိုးစားရမည်"ဟု ဟောကြားတော်မူသည်။

မြတ်ဗုဒ္ဓ၏ ဤလမ်းညွှန်ချက်က ကိုယ်ကျင့်သီလနှင့်ပြည့်စုံခြင်း၊ စိတ်ကောင်းနှလုံးကောင်းရှိခြင်း၊ အသိဉာဏ်ပညာနှင့်ပြည့်စုံခြင်းတို့သည် လူမျိုးတိုင်း၊ ဘာသာတိုင်းအတွက် လိုအပ်သော အရည်အချင်းများဖြစ်သည်ဟု ညွှန်းဆိုနေပါသည်။ ဤအရည်အချင်းများနှင့်ပြည့်စုံသူသည် အစွန်းရောက်အမြင် ကင်းရှင်းမည်ဖြစ်ရာ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများလည်း လျော့နည်းလာပေမည်။ တစ်ခါတစ်ရံ ဖြစ်ပေါ်လာသည့် ပြဿနာများကိုလည်း ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာနိုင်ပေလိမ့်မည်။

ထို့ကြောင့် လူသားတို့သည် အမှန်တကယ် ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် နေလိုကြလျှင် ငြိမ်းချမ်းသာယာရေးအတွက် အခြေခံအုတ်မြစ်သဖွယ်ဖြစ်သော ကိုယ်ကျင့်သီလကို ဖြည့်ကျင့်ရပေမည်။ တစ်ကိုယ်ကောင်းဆန်သည့် စိတ်ကို ပယ်ရှားရပေမည်။ အခြားသူများအပေါ် ရန်လိုမုန်းတီးခြင်း၊ အမျက်ဒေါသထားခြင်းတို့ကို တွန်းလှန်ပယ်ရှားကာ ချစ်ခြင်းမေတ္တာတရားကို ပွားများရပေမည်။ ညှင်းဆဲနှိပ်စက်ခြင်းမပြုဘဲ သနားကြင်နာခြင်းကရုဏာတရားကို မွေးမြူရပေမည်။ သူတစ်ပါးအောင်မြင်ကြီးပွားသည်ကို မြင်လျှင် မနာလိုစိတ်မထားဘဲ နှစ်သက်ဝမ်းမြောက်ခြင်း မုဒိတာတရား ပွားများရပေမည်။ ဤကဲ့သို့ ကျင့်သုံးနေထိုင်သော လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းသာယာကာ နေချင်စဖွယ်ဖြစ်လာပေလိမ့်မည်။

## သင်ခန်းစာ (၃၃)
## ပရိတ်တော်အကြောင်း သိကောင်းစရာ



**ပရိတ်**။ ။ မြန်မာနိုင်ငံအပါအဝင် ဗုဒ္ဓဘာသာနိုင်ငံတိုင်း၌ ပရိတ်တရားကို အလေးအနက်ထား ရွတ်ဖတ်ကြသည်။ ပရိတ်မရွတ်သော ဘာသာရေးအခမ်းအနားသည် ဆားမပါသော ဟင်းကဲ့သို့ ဖြစ်သည်။ ဗုဒ္ဓဘာသာမှန်လျှင် ပရိတ်မရွတ်ဖူးသူ၊ ပရိတ်မနာဖူးသူ မရှိသလောက်ပင်ဖြစ်၏။ ဘုန်းကြီးကျောင်းသား ကိုရင်များသည် ပရိတ်ကို ခုနစ်နှစ်သား ရှစ်နှစ်သားအရွယ်ကပင် အရကျက်ခဲ့ကြရပေသည်။

ပရိတ်ဟူသော စကားသည် 'ပရိတ္တ'ဟူသောပါဠိမှဆင်းသက်လာသောစကားဖြစ်၏။ 'ပရိတ္တ' ဟူသော ပါဠိသည်အရံအတား၊အကာအကွယ်၊အစောင့်အရှောက်ဟူသောအဓိပ္ပာယ်ကိုဆောင်၏။ သို့ဖြစ်၍ ပရိတ်တရားဟူသည် ဘေးရန်အန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်တတ်သော တရား၊ အန္တရာယ်ကင်းစေတတ်သောတရားဟု အဓိပ္ပာယ်ရသည်။ ထို့အပြင် ပရိတ်တရားတော်များသည် အန္တရာယ်ကင်းခြင်းအကျိုးသာမက ချမ်းသာသုခနှင့် ပြည့်စုံခြင်းအကျိုးကိုလည်း ရရှိစေနိုင်ပါသည်။

**ပရိတ်ရွတ်ဖတ် နာကြားရကျိုးများ**။ ။ သာသနာနှစ် ၅၀၀ ခန့်၌ ပေါ်ထွန်းခဲ့သော မိလိန္ဒမင်းကြီးသည် ပရိတ်ရွတ်ဖတ်နာကြားရကျိုးနှင့်ပတ်သက်၍ အရှင်နာဂသိန်မထေရ်မြတ်အား မေးလျှောက်ခဲ့ဖူး၏။

**မိလိန္ဒမင်း**။ ။ အရှင်ဘုရား . . . မည်သည့်နေရာမှာနေနေ သေမင်း၏ ကျော့ကွင်းမှ

လွတ်မြောက်သောနေရာ မရှိနိုင်ဟူသော စကားကိုလည်း မြတ်စွာဘုရား ဟောကြားထားတော်မူပါသည်ဘုရား။ ပရိတ်တရားတော်ကို ရွတ်ဖတ်နာကြားလျှင် အန္တရာယ်ကင်းနိုင်၊ အသက်ရှည်စေနိုင်သည်ဟူသော စကားကိုလည်း မြတ်စွာဘုရား ဟောကြားထားတော်မူပါသည်ဘုရား။ ဤစကားနှစ်ရပ်သည် ဆန့်ကျင်နေသည် မဟုတ်ပါလားဘုရား။

**အရှင်နာဂသိန်**။ ။ ဒကာတော်မင်းမြတ် . . . မြတ်စွာဘုရား ထိုကဲ့သို့ ဟောကြားထားတော်မူခဲ့သည်မှာ မှန်ပါ၏။ သို့သော် သေပြီးသောသစ်ပင်ကို ရေအိုးပေါင်းတစ်ထောင်ဖြင့် လောင်းသော်လည်း တဖန်ပြန်၍ ရှင်မလာနိုင်သကဲ့သို့လည်းကောင်း၊ လယ်သမားသည် ကောက်ပင်နုသောအခါ၌သာလျှင် လယ်ထဲသို့ ရေသွင်းသကဲ့သို့လည်းကောင်း ပရိတ်တရားတော်များသည် အသက်ကြွင်းရှိသေးသူ၊ အရွယ်ရှိသေးသူနှင့် ပဉ္စာနန္တရိယကံကြီး မထိုက်သူတို့ကိုသာ အန္တရာယ်ကင်းစေ၊ အသက်ရှည်စေနိုင်ပါသည်။

ဤအမေးအဖြေကို ကြည့်ခြင်းအားဖြင့် ပရိတ်တရားတော်များသည် အန္တရာယ်ကင်းစေလျက် အသက်ရှည်စေနိုင်၏ဟု သိနိုင်ပါသည်။ ထို့အပြင် ပရိတ်တရားတော်များကို ဆင်ခြင်သုံးသပ်ကြည့်သောအခါ သစ္စာ၊ မေတ္တာတရားတို့နှင့်တကွ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိနှင့် သံဃာနုဿတိဘာဝနာတို့ကိုပါ တွေ့မြင်ရသည်။ သို့ဖြစ်၍ ဗုဒ္ဓါနုဿတိစသည်တို့၏ အကျိုးတရားများကိုလည်း ရရှိခံစားနိုင်သည်။

ဗုဒ္ဓါနုဿတိစသည်တို့၏ အကျိုးတရားများမှာ မြတ်စွာဘုရားအပေါ်၌ ရိုသေလေးစားမှုရှိခြင်း၊ သဒ္ဓါ၊ သတိ၊ ပညာတရားတို့ တိုးပွားခြင်း၊ နှစ်သက်ဝမ်းမြောက်မှုဖြစ်ခြင်း၊ ကြောက်မက်ဖွယ် ဘေးအန္တရာယ်ဆိုးကြီးများကို မကြောက်လန့်ခြင်း၊ ဆင်းရဲဒုက္ခတို့ကို ခံနိုင်ရည်ရှိခြင်း၊ မြတ်စွာဘုရားနှင့် အတူတကွနေရသည်ဟူသော အမှတ်သညာကိုရခြင်း၊ ဗုဒ္ဓါနုဿတိပွားများသူ၏ ခန္ဓာကိုယ်သည် စေတီကဲ့သို့ပူဇော်ထိုက်ခြင်း၊ မကောင်းမှု ကျူးလွန်စရာ တွေ့ကြုံခဲ့သော် မြတ်စွာဘုရားကို မျက်မှောက်၌ မြင်နေရသကဲ့သို့ ရှက်၊ ကြောက်မှု (ဟိရိဩတ္တပ္ပ) ဖြစ်ခြင်း၊ ကောင်းသောဘုံဘဝသို့ ရောက်ရခြင်းစသည်တို့ဖြစ်သည်။

**ပရိတ်ရွတ်ဖတ်သူနှင့် နာယူသူတို့ ပြည့်စုံရမည့်အင်္ဂါများ**။ ။ အထက်ပါအကျိုးတရားများ ရရှိရန်အတွက် ပရိတ်ရွတ်ဖတ်သူနှင့် နာယူသူတို့ ပြည့်စုံရမည့် အင်္ဂါများရှိသည်။ ပရိတ်ရွတ်ဖတ်သူ၌ပြည့်စုံရမည့် အင်္ဂါများမှာ – (၁) ပရိတ်တော်ကို ပါဠိသဒ္ဒါ မှန်ကန်စွာ ရွတ်ဆိုတတ်ခြင်း၊ (၂) ပရိတ်တော်၏ အနက်အဓိပ္ပာယ်ကို သိခြင်းနှင့် (၃) လာဘ်လာဘကို မမျှော်ကိုးဘဲ မေတ္တာရှေ့ထား၍ ရွတ်ဆိုခြင်းတို့ဖြစ်သည်။ ပရိတ်နာယူသူတို့ ပြည့်စုံရမည့် အင်္ဂါများမှာ – (၁) ပဉ္စာနန္တရိယကံကြီး မထိုက်သူဖြစ်ခြင်း၊ (၂) နိယတမိစ္ဆာဒိဋ္ဌိမဟုတ်ခြင်းနှင့် (၃) ပရိတ်တော်၏အစွမ်းကို ယုံကြည်သူဖြစ်ခြင်းတို့ဖြစ်သည်။

**ပရိတ်ရွတ်ဖတ်ပုံ အစီအစဉ်**။ ။ ပရိတ်ပန်းအိုး၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို

ရဟန်းတော်များရှေ့တွင်ထား၍ ပရိတ်ရွတ်ဖတ် နာယူခြင်း၊ ရွတ်ဖတ်သော ရဟန်းတော်၏ လက်ဖြင့် ပရိတ်ရေကို လှုပ်စေ၍ ပရိတ်ချည်ကို လက်ဖြင့်ပွတ်သပ်ကာ ရွတ်ဖတ်ခြင်းတို့ကို ပြုလုပ်သင့်ကြောင်း ကျမ်းဂန်များတွင် လမ်းညွှန်ထားပါသည်။ ထိုလမ်းညွှန်ချက်များအတိုင်း မြန်မာနိုင်ငံအပါအဝင် ထေရဝါဒနိုင်ငံများ၌ လိုက်နာဆောင်ရွက်ကြသည်ကို တွေ့ရသည်။

အထက်ပါလမ်းညွှန်ချက်အရ ပရိတ်ရွတ်ဖတ်သော သံဃာတော်များသည် မိမိတို့ ပြည့်စုံရမည့် အင်္ဂါသုံးချက်ကို ပြည့်စုံစေပြီး နာယူသူ ဒါယကာ၊ ဒါယိကာမများကလည်း မိမိတို့ပြည့်စုံရမည့် အင်္ဂါသုံးချက် ပြည့်စုံအောင် ကြိုးစားသင့်ပါသည်။ သို့မှသာ အန္တရာယ်ကင်းခြင်း၊ ကောင်းကျိုးချမ်းသာမင်္ဂလာများ တိုးပွားခြင်းစသည့် အကျိုးတရားများကို ဧကန်မုချ ရရှိမည်ဖြစ်ပါသည်။



# သင်ခန်းစာ (၃၄)
## အများအကျိုးဆောင်သူ



တစ်ခါက ဗြဟ္မဒတ်မင်းကြီးသည် တိုင်တစ်လုံးတည်းဖြင့်ဆောက်သော နန်းပြာသာဒ်တွင် စံနေတော်မူလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် မင်းချင်းတို့ကို တောထဲသို့သွား၍ တိုင်ရှာရန် အမိန့်ရှိတော်မူသည်။ မင်းချင်းတို့သည် နန်းပြာသာဒ်ဆောက်လုပ်ရန် အဆင်ပြေနိုင်မည့် သစ်ပင်ကိုတွေ့သော်လည်း အလွန်ဝေးနေသည့်အတွက် နန်းတော်ထဲအထိ သယ်ယူရန် အခက်တွေ့နေသည်။ သို့ဖြစ်၍ မှူးမတ်တို့က ထိုအကြောင်းကို မင်းကြီးအား လျှောက်တင်ကြရာ မင်းကြီးက ဖြစ်သည့်နည်းဖြင့် အရောက်သယ်ခဲ့ရန် အမိန့်ရှိတော်မူသည်။ သို့သော် မှူးမတ်တို့က မဖြစ်နိုင်ကြောင်း လျှောက်ထားကြသည်။

ထိုအခါ မင်းကြီးက မင်းဥယျာဉ်တွင်ရှိသော သစ်ပင်များထဲမှ အသုံးပြု၍ရနိုင်သော သစ်ပင်ကိုခုတ်လှဲရန် အမိန့်ချမှတ်လိုက်ပြန်သည်။ မင်းချင်းတို့လည်း ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုရာ တိုင်တစ်လုံးတည်းဖြင့် နန်းပြာသာဒ်ဆောက်လုပ်ရန် အင်္ဂါရပ်များနှင့် ပြည့်စုံသော အင်ကြင်းပင်ကြီးတစ်ပင်ကို တွေ့လေသည်။ သို့သော် ထိုအင်ကြင်းပင်သည် မင်းနှင့်တကွ လူအားလုံးတို့က အမွှေးနံ့သာတို့ဖြင့် ပူဇော်ကာ အလေးအမြတ်ထားကြသော အပင် ဖြစ်နေသည်။ မင်းချင်းတို့လည်း ထိုအကြောင်းကို မင်းကြီးအား ထပ်မံလျှောက်ထားကြပြန်သည်။

မင်းကြီးသည် တိုင်တစ်လုံးတည်းဖြင့်ဆောက်လုပ်သော နန်းပြာသာဒ်တွင် စံတော်မူရန် ဆန္ဒအလွန်ပြင်းပြနေသည့်အတွက် သစ်ပင်ကို ခုတ်လှဲရန် အမိန့်ပေးလိုက်သည်။ မင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းတွင် မည်သည့်မင်းမျှ အသုံးမပြုနိုင်သော တိုင်တစ်လုံးတည်းဖြင့်ဆောက်လုပ်သည့် နန်းပြာသာဒ်ဖြင့် စံမြန်းရမည့်အရေးကိုတွေးကာ ဂုဏ်ယူဝင့်ကြွားလျက်ရှိနေသည်။

မင်းချင်းတို့လည်း မင်္ဂလာအင်ကြင်းပင်သို့သွား၍ ဆီမီးများ ထွန်းညှိပူဇော်ကြပြီး အင်ကြင်းပင် ပတ်ပတ်လည်တွင် မင်္ဂလာချည်များဖြင့် ဝန်းရံကြသည်။ ပြီးလျှင် အင်ကြင်းပင်စောင့်နတ်မင်းအား "အသင်နတ်မင်း . . . အသင်ရဲ့ သစ်ပင်ကို မင်းကြီးက ခုတ်လှဲဖို့ အမိန့်ချမှတ်ပြီးဖြစ်တယ်၊ ခုနစ်ရက်ပြည့်ပါက အသင့်ရဲ့သစ်ပင်ကို ခုတ်လှဲရတော့မှာဖြစ်တဲ့အတွက် အသင်နတ်မင်းအနေနဲ့ အခြားနေရာသို့ ထွက်သွားပါ၊ ခုတ်လှဲတဲ့အခါ ထိခိုက်မိပါက ကျွန်ုပ်တို့မှာ အပြစ်မရှိပါ"ဟု ပြောဆိုကြလေသည်။

ထိုစကားကို ကြားသောအခါ အင်ကြင်းပင်စောင့်နတ်သည် "လက်သမားတို့က ငါ့သစ်ပင်ကို ခုတ်လှဲကြတော့မယ်၊ ခုတ်လှဲလိုက်ရင် ငါ့ရဲ့ဗိမာန် ပျက်စီးတော့မယ်၊ ငါပျက်စီးသလို ငါ့ပတ်ဝန်းကျင်မှာ ဝန်းရံနေကြတဲ့ သစ်ပင်တွေမှာရှိတဲ့ ငါ့ရဲ့ဆွေမျိုး သစ်ပင်စောင့်နတ်အပေါင်းတို့လည်း ပျက်စီးကြရတော့မယ်၊ ဆွေမျိုးတွေကို ကယ်တင်နိုင်မယ့် နည်းလမ်းကို ရှာမှဖြစ်တော့မယ်"ဟု စဉ်းစားမိသည်။

ဤသို့ဖြင့် အင်ကြင်းပင်စောင့်နတ်သည် ညဉ့်သန်းခေါင်ယံအချိန်တွင် နတ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်ပြီး မင်းကြီးစက်တော်ခေါ်ရာ အခန်းသို့ဝင်ကာ ကိုယ်ရောင်ကိုယ်ဝါ ပြိုးပြိုးပြက်ပြက် လက်စေလျက် မင်းကြီး၏ ခေါင်းရင်းနေရာတွင် ငိုကြွေးနေသည်။ မင်းကြီးလည်း အိပ်နေရာမှ နိုးလာပြီး "ဘယ်သူလဲ၊ ဘာ့ကြောင့်ငိုကြွေးနေတာလဲ"ဟု မေးတော်မူသည်။

နတ်မင်းက "ကျွန်ုပ်ဟာ အင်ကြင်းပင်စောင့်နတ်မင်း ဖြစ်ပါတယ်၊ ကျွန်ုပ်ရဲ့သစ်ပင်ကို သင်မင်းကြီးက ခုတ်လှဲတော့မှာဖြစ်တဲ့အတွက် ငိုနေရခြင်းဖြစ်ပါတယ်၊ ကျွန်ုပ်ရဲ့သစ်ပင်ကို



သင်မင်းကြီး ခုတ်လှဲမယ်ဆိုရင် အကိုင်း၊ အခက်တို့ကို ဦးစွာခုတ်ချပါ၊ ပြီးမှ အလယ်ပိုင်းကို ဖြတ်ပါ၊ နောက်ဆုံးမှ အမြစ်ကို တူးယူပါ”ဟု နတ်မင်းက ပြန်ပြောလိုက်သည်။

ထိုအခါ မင်းကြီးက “ဘာကြောင့် သစ်ပင်ခုတ်ပုံခုတ်နည်းကို သင်နတ်မင်းက အကြံပေးရတာလဲ”ဟု မေးရာ နတ်မင်းက “ကျွန်ုပ်ရဲ့ ပတ်ဝန်းကျင်မှာ အပင်ငယ်လေးတွေ အများကြီး ရှိပါတယ်၊ တကယ်လို့ ကျွန်ုပ်ရဲ့သစ်ပင်ကြီးကို အမြစ်ကနေတူးပြီး တစ်ခါတည်း ခုတ်လှဲလိုက်မယ်ဆိုရင် အနီးအနားမှာရှိတဲ့ သစ်ပင်လေးတွေ သေကုန်ပါလိမ့်မယ်၊ အဲဒီသစ်ပင်လေးတွေမှာရှိတဲ့ ကျွန်ုပ်ရဲ့ဆွေမျိုး အပင်စောင့်နတ်တွေလည်း ပျက်စီးကုန်ကြလိမ့်မယ်”ဟု ပြောဆိုလေသည်။

မင်းကြီးသည် နတ်မင်း၏စကားကို ကြားသောအခါ “အသင်နတ်မင်း . . . အသင်ဟာ တရားစောင့်သူ၊ ဆွေမျိုးတွေ ပျက်စီးတာကို အလိုမရှိသူဖြစ်တယ်၊ မိမိကိုယ်တိုင်တော့ ပျက်စီးချင် ပျက်စီးပါစေ၊ ဆွေမျိုးတွေ ပျက်စီးတာကိုတော့ အလိုမရှိသူဖြစ်တဲ့အတွက်ကြောင့် အသင်နတ်မင်းကို အကျွန်ုပ် အလွန်ကြည်ညိုလေးစားမိပါတယ်၊ ဒါကြောင့် အသင်နတ်မင်း ပိုင်ဆိုင်တဲ့ အင်ကြင်းပင် ခုတ်လှဲမယ့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ပါ့မယ်”ဟု ပြန်လည် ပြောဆိုလိုက်လေသည်။

အင်ကြင်းပင်စောင့်နတ်သည် အများအကျိုးကို ဆောင်ရွက်ခဲ့သောကြောင့် မိမိအကျိုးလည်းအောင်၊ ဆွေမျိုးများနှင့် မိတ်ဆွေများ၏ ချမ်းသာကိုလည်း ဆောင်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

# သင်ခန်းစာ (၃၅)
## အဘိဓမ္မာမိတ်ဆက်



မြတ်စွာဘုရားရှင်သည် ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ မွေးကျေးဇူးဆပ်သည့်အနေဖြင့် မယ်တော်မိနတ်သားအမှူးရှိသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံးလပတ်လုံး မရပ်မနား ဟောကြားတော်မူခဲ့သည်။

ထိုသို့ဟောတော်မူနေစဉ်အတွင်း မြတ်စွာဘုရားရှင်သည် နေ့စဉ် ဆွမ်းခံချိန်ရောက်လျှင် မိမိကိုယ်စား အဘိဓမ္မာတရား ဆက်လက်ဟောတော်မူရန် နိမ္မိတရုပ်ပွားတော်တစ်ဆူကို ဖန်ဆင်းထားတော်မူခဲ့၍ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူသည်။ ထို့နောက် အနောတတ်အိုင်အနီး၌ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နေ့ခင်းအချိန်၌ စန္ဒကူးတောသို့ ကြွရောက်သီတင်းသုံးတော်မူသည်။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်ထံချဉ်းကပ်၍ ဝတ်ကြီးဝတ်ငယ်ပြုတော်မူသည်။ မြတ်စွာဘုရားရှင်သည် နတ်ပြည်၌ ဟောကြားခဲ့သော အဘိဓမ္မာဒေသနာတော်ကို အရှင်သာရိပုတ္တရာမထေရ်အား အကျဉ်းမျှ ပြန်လည်ဟောကြားတော်မူသည်။ ပညာတေဒဂ်ရ အရှင်သာရိပုတ္တရာမထေရ်သည် အဘိဓမ္မာဒေသနာကို အကျယ်သိမြင်တော်မူသည်။



အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်ထံမှ ကြားနာခဲ့ရသော အဘိဓမ္မာဒေသနာတော်ကို မိမိ၏ တပည့်ရဟန်း ၅၀၀ တို့အား မကျဉ်းမကျယ် ပြန်လည်ဟောကြားတော်မူသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် တပည့်သံဃာတော်များက မြတ်စွာဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်တို့ကို ဝိနည်းပိဋက၊ သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကဟူ၍ သုံးမျိုးခွဲခြားကာ သင်္ဂါယနာတင်ခဲ့ကြသည်။ အဘိဓမ္မာပိဋကတွင် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်နှင့် ပဋ္ဌာန်းဟူ၍ ခုနစ်ကျမ်းရှိသည်။

ထိုတွင် ကုသိုလ်အစရှိသော တရားတို့ကို ပေါင်းစု၍ အကျဉ်းရေတွက်ပြထားသောကြောင့် **ဓမ္မသင်္ဂဏီကျမ်း**ဟု ခေါ်သည်။ ကုသိုလ်အစရှိသော တရားတို့ကို အကျယ်ဝေဖန်၍ ပြထားသောကြောင့် **ဝိဘင်းကျမ်း**ဟု ခေါ်သည်။ ခန္ဓာစသော ဓာတ်သဘာဝတို့ကို ဟောပြထားသောကြောင့် **ဓာတုကထာကျမ်း**ဟု ခေါ်သည်။ ပုဂ္ဂိုလ်အမျိုးအစားတို့ကို ခွဲခြားပြထားသောကြောင့် **ပုဂ္ဂလပညတ်ကျမ်း**ဟု ခေါ်သည်။ မူလထေရဝါဒနှင့် အခြားဗုဒ္ဓဝါဒဂိုဏ်းကွဲများ၏ အယူဝါဒတို့ကို ခွဲခြားစိစစ် ပြထားသောကြောင့် **ကထာဝတ္ထုကျမ်း**ဟု ခေါ်သည်။ ကုသိုလ်အစရှိသော တရားတို့ကို အမေးအဖြေပုံစံဖြင့် အစုံအစုံ ဟောကြားထားသောကြောင့် **ယမိုက်ကျမ်း**ဟု ခေါ်သည်။ ကုသိုလ်အစရှိသော တရားတို့ကို အကြောင်းအကျိုးပြ ဟောကြားထားသောကြောင့် **ပဋ္ဌာန်းကျမ်း**ဟု ခေါ်သည်။

အဘိဓမ္မာသည် အဘိနှင့်ဓမ္မ နှစ်ပုဒ်ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ 'အဘိ'ဟူသည် လွန်ကဲခြင်း၊ ထူးမြတ်ခြင်းဟု အဓိပ္ပာယ်ရပြီး 'ဓမ္မ'ဟူသည် တရားဟုဆိုလိုသည်။ ထို့ကြောင့် 'အဘိဓမ္မာ'ဟူသည် လွန်ကဲထူးမြတ်သောတရားဟု အဓိပ္ပာယ်ရသည်။

အဘိဓမ္မာသဘောတရားအရ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ ပရမတ္ထတရားလေးပါး ရှိသည်။ ဤလေးပါးသည် အဘိဓမ္မာ၏ အနှစ်ချုပ်တရားများဖြစ်သည်။ အဘိဓမ္မာပိဋက တစ်ခုလုံးသည် ဤလေးပါးကိုပင် အကျဉ်းနည်း၊ အကျယ်နည်းတို့ဖြင့် အမျိုးမျိုးအဖုံဖုံ ဝေဖန်ဟောကြားထားခြင်းဖြစ်သည်။

ထိုတွင် . . .

အာရုံကို သိတတ်သော သဘောတရားကို စိတ်ဟု ခေါ်သည်။

စိတ်၌ မှီတွယ်၍ စိတ်ကိုခြယ်လှယ်သော သဘောတရားကို စေတသိက်ဟု ခေါ်သည်။

ဖောက်ပြန်တတ်သော သဘောတရားကို ရုပ်ဟု ခေါ်သည်။

ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ ချမ်းသာအစစ်အမှန်တရားကို နိဗ္ဗာန်ဟု ခေါ်သည်။

အချုပ်အားဖြင့် အဘိဓမ္မာတရားဟူသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်နှင့် ပတ်သက်သော အယူအဆများ၊ သဘောတရားများ၊ ဘဝ၏အမှန်သဘောများကို အသေးစိတ်ရှင်းလင်း ဟောကြားထားသော တရားတော်ဖြစ်သည်။ သို့ဖြစ်၍ အဘိဓမ္မာသည် ဗုဒ္ဓ၏တရားတော်တို့ကို အခြေခံကျကျ နားလည်ရန် လေ့လာသင့်သော ဘာသာရပ်တစ်ခုဖြစ်သည်။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| အနောတတ်အိုင်(အနဝတတ်အိုင်) | = | ဟိမဝန္တာရှိ အိုင်ကြီးခုနစ်အိုင်တွင် အပါအဝင်ဖြစ်သော၊ နေရောင်မထိုးသဖြင့် အလွန်အေးမြသည့် ရေအိုင်ကြီး။ |
| နိမ္မိတရုပ်ပွား | = | တူညီအောင်ဖန်ဆင်းထားသော ရုပ်ပွား။ |
| ပရမတ္ထ | = | အဟုတ်အမှန် ဧကန်ရှိသော တရား။ မြတ်သောသဘောတရား။ |
| ဧတဒဂ် | = | ပညာအရာ၊ တန်ခိုးအရာစသည်တို့တွင် အထူးချွန်ဆုံးအဖြစ် မြတ်စွာဘုရားက သတ်မှတ်တော်မူသော ဂုဏ်အရည်အချင်း။ |

# သင်ခန်းစာ (၃၆)
## အချိန်ယူဖို့လိုပါသည်



ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် သစေတနအမည်ရှိသော ဘုရင်ကြီးတစ်ပါး အုပ်ချုပ်နေလေသည်။ တစ်နေ့သောအခါ မင်းကြီးသည် ရထားလုပ်သမားကို "အချင်း ရထားလုပ်သမား . . . နောက်ခြောက်လအကြာတွင် စစ်ဖြစ်လိမ့်မည်၊ စစ်တိုက်ရာတွင် အသုံးပြုရန် ရထားဘီးအသစ်တစ်စုံ ပြုလုပ်နိုင်ပါ့မလား"ဟု မေးလေ၏။ ရထားလုပ်သမားက "အရှင်မင်းကြီး . . . ပြုလုပ်နိုင်ပါ၏"ဟု လျှောက်တင်လေ၏။

ထိုအခါ မင်းကြီးက ရထားလုပ်သမားအား ရထားဘီးအသစ်တစ်စုံပြုလုပ်ရန် စေခိုင်းတော်မူ၏။ ရထားလုပ်သမားသည် စေခိုင်းသောနေ့မှာပင် လုပ်ငန်းစတင်လေ၏။ အချိန်လုံလောက်စွာယူ၍ ပစ္စည်းကောင်းတို့ကို ကြိုးစားရှာဖွေ၏။ အချိန်လုံလောက်စွာယူ၍ပင် လက်သမားလုပ်ငန်းကိုလည်း ကြိုးစားလုပ်ကိုင်၏။ ဤသို့ဖြင့် ခြောက်လပြည့်ရန် ခြောက်ရက်အလိုတွင် ရထားဘီးတစ်ဖက် ပြီးလေ၏။

ထိုအခါ သစေတနမင်းသည် ရထားလုပ်သမားကို "အချင်း ရထားလုပ်သမား . . . ယနေ့မှ ခြောက်ရက်လွန်လျှင် စစ်ဖြစ်လိမ့်မည်၊ ရထားဘီးအသစ်တစ်စုံ လုပ်ပြီးပြီလား"ဟု မေးမြန်းတော်မူ၏။ ရထားလုပ်သမားက "အရှင်မင်းကြီး . . . ရထားဘီးအသစ်တစ်ဖက် ပြီးပါပြီ"ဟု လျှောက်တင်လေ၏။ "အချင်း ရထားလုပ်သမား . . . ခြောက်ရက်တည်းနှင့် ကျန်ရထားဘီးတစ်ဖက်ကို ပြီးအောင်လုပ်နိုင်ပါဦးမလား"ဟု မိန့်ဆိုလေ၏။ "အရှင်မင်းကြီး . . .



ပြီးအောင်လုပ်နိုင်ပါ၏”ဟု လျှောက်တင်လေသည်။

ထို့နောက် ရထားလုပ်သမားသည် ခြောက်ရက်တည်းဖြင့် ကျန်ရထားဘီးတစ်ဖက်ကို ပြီးစီးအောင် ပြုလုပ်၍ ရထားဘီးအသစ်တစ်စုံကို ယူပြီးလျှင် သစေတနမင်းအား “အရှင်မင်းကြီး . . . ရထားဘီးတစ်စုံလုံး ပြီးပါပြီ”ဟု လျှောက်ထားလေသည်။

“အချင်း ရထားလုပ်သမား . . . သင်၏ ရထားဘီးတစ်ဖက်သည် ခြောက်လပြည့်ရန် ခြောက်ရက်အလိုတွင် ပြီး၏၊ ကျန်ရထားဘီးတစ်ဖက်သည်ကား ခြောက်ရက်မျှဖြင့် ပြီး၏၊ ဤရထားဘီးနှစ်ဖက်တို့၏ ထူးခြားချက်ကား အဘယ်နည်း၊ ငါသည် ထိုရထားဘီးတို့၏ ထူးခြားချက် တစ်စုံတစ်ရာကို မတွေ့မြင်”ဟု မိန့်တော်မူ၏။ ထိုအခါ ရထားလုပ်သမားသည် “အရှင်မင်းကြီး . . . ယခုပင် ထူးခြားချက်ကို ပြသပါမည်”ဟု လျှောက်ထားလေသည်။

ထို့နောက် ရထားလုပ်သမားသည် ခြောက်ရက်မျှဖြင့် ပြုလုပ်ထားသော ရထားဘီးကို တွန်းလိမ့်လေ၏။ ထိုရထားဘီးသည် တွန်းလိမ့်မှုအင်အား အရှိန်ရှိသလောက် လိမ့်သွား၍ ချာချာလည်ပြီး မြေ၌ လဲကျသွား၏။ တစ်ဖန် ခြောက်လပြည့်ရန် ခြောက်ရက်အလိုဖြင့် ပြုလုပ်ထားသော

ရထားဘီးကို တွန်းလိုမ့်ပြန်၏။ ထိုရထားဘီးသည်ကား တွန်းလိုမ့်မှုအင်အား အရှိန်ရှိသလောက် လိမ့်သွား၍ ဝင်ရိုး၌ စွပ်ထားသကဲ့သို့ တည့်တည့်မတ်မတ်ပင် ရပ်တည်နေ၏။

ထိုအခါ မင်းကြီးက "အချင်း ရထားလုပ်သမား . . . တစ်ဘီးက မြေ၌ လဲကျ၏၊ ကျန်တစ်ဘီးက မတ်မတ်ပင် ရပ်တည်နေ၏၊ အဘယ့်ကြောင့် ဤကဲ့သို့ဖြစ်ရသနည်း"ဟု မေးမြန်းတော်မူ၏။

"အရှင်မင်းမြတ် . . . ခြောက်ရက်မျှဖြင့် ပြုလုပ်ခဲ့သော ဘီး၏ အကွပ်၊ အကန့်၊ ပုံတောင်းတို့သည် ပစ္စည်းရှာဖွေမှု၊ လက်သမားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုတို့အတွက် အချိန်လုံလောက်စွာ မရခဲ့၍ ဖြစ်သလို ရှာဖွေရ လုပ်ကိုင်ဆောင်ရွက်ခဲ့ရသောကြောင့် ကွေးကောက်ကုန်၏၊ အပြစ်အနာအဆာ ရှိကြကုန်၏၊ အကာအဆွေးများ ဖြစ်ကြကုန်၏၊ သို့ဖြစ်၍ တွန်းလိုမ့်သောအခါ တွန်းလိုမ့်မှုအင်အား အရှိန်ရှိသမျှ လိမ့်သွား၍ ချာချာလည်ကာ မြေ၌ လဲကျပါ၏"

"အရှင်မင်းမြတ် . . . ခြောက်လပြည့်ရန် ခြောက်ရက်အလိုဖြင့် ပြုလုပ်ခဲ့သော ဘီး၏ အကွပ်၊ အကန့်၊ ပုံတောင်းတို့သည်ကား ပစ္စည်းရှာဖွေမှု၊ လက်သမားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုတို့အတွက် အချိန်လုံလောက်စွာ ရရှိခဲ့၍ စိတ်တိုင်းကျ သေချာကျနစွာ ရှာဖွေရ လုပ်ကိုင်ဆောင်ရွက်ခဲ့ရသောကြောင့် မကွေးကြပါ၊ အပြစ်အနာအဆာလည်း မရှိကြပါ၊ အကာအဆွေးများလည်း မဟုတ်ကြပါ၊ သို့ဖြစ်၍ တွန်းလိုမ့်သောအခါ တွန်းလိုမ့်မှုအင်အား အရှိန်ရှိသမျှ လိမ့်သွား၍ ဝင်ရိုး၌စွပ်ထားသကဲ့သို့ တည့်တည့်မတ်မတ်ပင် ရပ်တည်နေပါသည် ဘုရား"ဟု လျှောက်တင်လေသည်။

**ခက်ဆစ်အဖွင့်**

| | |
|---|---|
| ရထား | = မြင်းစသော တိရစ္ဆာန်၏ ဆွဲအားဖြင့်ရွေ့လျားသော ယာဉ်၊ လှည်း။ |
| အကွပ် | = လှည်းဘီးအပတ်၊ လှည်းဘီးခွေ။ |
| အကန့် | = လှည်းပုံတောင်းနှင့် အကွပ်ကို ထောက်ကန်ထားသော အချောင်းအတံ၊ ဒေါက်။ |
| ပုံတောင်း | = လှည်းဘီးအကန့်များ ထောက်ရာ ဝင်ရိုးအုံ။ |

# သင်ခန်းစာ (၃၇)
## မင်္ဂလသုတ်မိတ်ဆက်





ဗုဒ္ဓဘာသာဝင်တို့သည် မွေးဖွားသည်မှ ကွယ်လွန်သည်အထိ မင်္ဂလသုတ်လာ မင်္ဂလာတရားတော်များကို ဦးထိပ်ပန်ဆင်ကာ ပြုမူကျင့်ကြံ ဆက်ဆံနေထိုင်ကြသည်။ စင်စစ်အားဖြင့် မင်္ဂလသုတ်တော်လာ တရားတော်များသည် အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ လူမျိုးမရွေး၊ အချိန်အခါမရွေး ကျင့်သုံးနိုင်သော တိုးတက်ကြီးပွားရေး လမ်းညွှန်ချက်များ ဖြစ်ပေသည်။

မင်္ဂလာဟူသည် 'မကောင်းမှုကို ဖျက်၊ ကောင်းမှုကို ဖြစ်စေတတ်သောအရာ'ဟု ဖွင့်ဆိုကြ၏။ ထို့ကြောင့် မင်္ဂလာတရားတော်နှင့်အညီ နေထိုင်သူတို့သည် မကောင်းမှုများကို ရှောင်ရှား၍ တိုးတက်ကြီးပွားရေး နည်းလမ်းကောင်းများကို ပြုကျင့်ကြသည်။

လူသားတိုင်း ကြီးပွားချင်ကြ၏။ ချမ်းသာချင်ကြ၏။ ကြီးပွားအောင်လည်း လုပ်နေကြ၏။ ချမ်းသာအောင်လည်း လုပ်နေကြ၏။ သို့သော် ကြီးပွားချမ်းသာသူကား နည်းပါးလှ၏။ ဒုက္ခရောက်သူတို့သာ များ၏။ အကြောင်းမှာ တိုးတက်ကြီးပွားကြောင်း နည်းလမ်းကောင်းများနှင့်အညီ ကျင့်သုံးနေထိုင်မှု မရှိသောကြောင့် ဖြစ်ပေသည်။

လူတို့သည် မိမိတို့နားလည်သည့်အတိုင်း ကြီးပွားချမ်းသာနည်းများကို ကြံဆခဲ့ကြ၏။ ထုတ်ဖော်ခဲ့ကြ၏။ ကျင့်သုံးခဲ့ကြ၏။ လူတို့သာမက နတ်ဗြဟ္မာများလည်း ထိုနည်းတူစွာပင် ကြံဆခဲ့ကြ၏။ ကြီးပွားချမ်းသာနည်းများကို သူတစ်မျိုး ငါတစ်ဖုံ ထုတ်ဖော်ကျင့်သုံးလာကြ၏။

ဤသို့ဖြင့် မင်္ဂလာနှင့်ပတ်သက်သော ငြင်းခုံပွဲကြီးသည် လူ၊ နတ်၊ ဗြဟ္မာတို့ အကြား၌

၁၂ နှစ်တိုင်တိုင် ကြာမြင့်ခဲ့၏။ ဝေနေယျသတ္တဝါတို့၏ အကျိုးကို လိုလားတော်မူသည့် မြတ်စွာဘုရားသည် မင်္ဂလသုတ်တော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော နတ်သားတစ်ပါးအား ဟောတော်မူခြင်းဖြင့် ထိုငြင်းခုံပွဲကြီးကို ငြိမ်းအေးစေတော်မူခဲ့သည်။

မြန်မာနိုင်ငံတွင် အကျိုးလိုလားတော်မူကြသော ဆရာတော်ကြီးများက မင်္ဂလသုတ်ကို ဗုဒ္ဓဘာသာ၏ အခြေခံအုတ်မြစ်ကြီးတစ်ခုအဖြစ် သတ်မှတ်၍ ကလေးသူငယ်တို့အား သင်ကြား ရွတ်ဖတ်ကြစေရာ 'ဗုဒ္ဓဘာသာ ပညာရေးအစ မင်္ဂလသုတ်တော်က'ဟုပင် ဆိုနိုင်ပါသည်။ မြန်မာစာအရေးအဖတ် သွက်လက်ချက်ချာပြီဆိုပါက မင်္ဂလသုတ်တော်ကို ဆက်လက်၍ သင်ယူကြရသည်။ ထို့ကြောင့် သင်ပုန်းကြီးစာအုပ်၌ နောက်ဆက်တွဲအဖြစ် မင်္ဂလသုတ်ကို ထည့်သွင်းပုံနှိပ်ခဲ့ကြသည်။

ရှေးအခါက ဘုန်းတော်ကြီးကျောင်းများသည် မြန်မာတို့၏ ပညာရင်နို့သောက်စို့ရာ ပင်မဌာနကြီးများ ဖြစ်ခဲ့ကြသည်။ ကျား၊ မ မရွေး ဘုန်းကြီးကျောင်း၌ ပညာသင်ကြရပြီး မင်္ဂလသုတ်ကို အလွတ်ရသည်အထိ လေ့လာကျက်မှတ်ကြရ၏။ ဤသို့ မင်္ဂလသုတ်ကို သားစဉ်မြေးဆက် ရွတ်ဆိုကြလေရာ မြန်မာတစ်ပြည်လုံး မင်္ဂလသုတ်သံ ခြိမ့်ခြိမ့်ညံခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာမှန်လျှင် မင်္ဂလသုတ်ကို မကြားဖူးသူ မရွတ်ဖူးသူ မရှိသလောက်ပင် ဖြစ်ခဲ့သည်။

မင်္ဂလသုတ်တွင် လူသားတို့၏ အကျိုးစီးပွားအတွက် ယဉ်ကျေးမှု၊ တိုးတက်ကြီးပွားမှု၊ အေးငြိမ်းချမ်းသာမှုတို့အတွက် နည်းလမ်းကောင်းများ၊ လမ်းညွှန်ချက်များ အပြည့်အစုံ ပါဝင်သည်။ သို့ဖြစ်၍ ကမ္ဘာပေါ်တွင် မည်သည့်တိုင်းပြည်၊ မည်သည့်လူမျိုး၊ မည်သည့်ပုဂ္ဂိုလ်မဆို ယဉ်ကျေးတိုးတက် ငြိမ်းချမ်းနေသည်ဟု ဆိုငြားအံ့၊ ထိုတိုင်းပြည်၊ ထိုလူမျိုး၊ ထိုပုဂ္ဂိုလ်သည် မင်္ဂလသုတ်ပါ တိုးတက်ကြီးပွားရေး နည်းလမ်းကောင်းများနှင့်အညီ ကျင့်ကြံလုပ်ကိုင် နေထိုင်နေကြောင်း တွေ့ရပေမည်။



# သင်ခန်းစာ (၃၈)

## ရှင်ပြုနားသပွဲတော်

မြန်မာတို့သည် လအလိုက်ပွဲတော်များကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်များကို ဗုဒ္ဓသာသနာတော် တိုးတက်စည်ပင်ပြန့်ပွားရေးနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရေးဟူသော ရည်ရွယ်ချက်နှစ်ရပ်တို့ဖြင့် ကျင်းပလေ့ရှိကြသည်။ ရှင်ပြု၊ နားသပွဲတော်ကို ရာသီပွဲတော်အဖြစ် ရာသီဥတုသာယာသော ဆောင်းဥတု၊ နွေဥတုတို့တွင် ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် အလုပ်အားလပ်ချိန် နွေကျောင်းပိတ်ချိန် တပေါင်းလ၊ တန်ခူးလ၊ ကဆုန်လတို့တွင် ကျင်းပပြုလုပ်ကြရာ ထိုလများသည် မြန်မာနိုင်ငံတွင် စည်သံ ဗျောသံ အညံဆုံးလများဖြစ်ကြသည်။

ဤပွဲတော်သည် နယုန်လစာတော်ပြန်ပွဲတော်နှင့် ဆက်နွယ်လျက်ရှိသည်ကို တွေ့ရသည်။ ရှေးခေတ်အခါက စာတော်ပြန်ပွဲတွင် စာအောင်သူများထဲမှ ရဟန်းပြုလိုသူ၊ ရှင်သာမဏေ ပြုလိုသူများကို ဘုရင်ကိုယ်တိုင် ရဟန်းဒါယကာ၊ ရှင်ဒါယကာအဖြစ် ခံယူ၍ ရဟန်းခံ၊ ရှင်ပြုပွဲများကို ကျင်းပလေ့ရှိခဲ့သည်။ နောက်ပိုင်းတွင် မိသားစု ရဟန်းခံ၊ ရှင်ပြုပွဲများကို ကျင်းပလာကြပြီး သမီးမိန်းကလေးများအတွက် နားသပွဲများကိုလည်း ထည့်သွင်းလာကြသည်ကို တွေ့ရသည်။



ရှင်ပြုခြင်းဆိုသည်မှာ ဆံချပေးခြင်း၊ သင်္ကန်းဝတ်ပေးခြင်း၊ သရဏဂုံပေးခြင်းတို့ကို ပေါင်းစု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ ထိုအင်္ဂါ သုံးပါးသည် ရှင်ပြုရာတွင် အရေးကြီးဆုံးဖြစ်သည်။ ထိုတွင် ဆံချပေးခြင်းနှင့် သင်္ကန်းဝတ်ပေးခြင်းသည် လွယ်ကူသော်လည်း သရဏဂုံပေးခြင်းမှာမူ ခက်ခဲလှသည်။ သရဏဂုံပေးသူ ဆရာနှင့် ခံယူသူ ရှင်သာမဏေလောင်းတို့ နှစ်ဦးနှစ်ဖက် ဌာန်ကရိုဏ်းကျကျ ပီပီသသ ရွတ်ဆိုနိုင်ကြမှသာ ရှင်သာမဏေဖြစ်နိုင်သည်။ ထို့ကြောင့် ရှင်သာမဏေလောင်းသည် သရဏဂုံကို ဌာန်ကရိုဏ်းကျကျ ပီပီသသ ရွတ်ဆိုနိုင်သော အရွယ်ဖြစ်ရန် လိုအပ်သည်။ ရှင်သာမဏေဖြစ်ပြီးသောအခါတွင်လည်း ရှင်သာမဏေများ လိုက်နာကျင့်သုံးရမည့် ရှင်ကျင့်ဝတ်များနှင့်

အညီ ကျင့်သုံးနေထိုင်ရမည်ဖြစ်သည်။ သို့မှသာ ရှင်သာမဏေအတွက်ရော မိဘများအတွက်ပါ အပြည့်အဝ အကျိုးကျေးဇူး ရရှိနိုင်မည်ဖြစ်သည်။

ရှေးခေတ်အခါက ရှင်ပြုမည့်သူသည် ရှင်မပြုမီ တစ်လခန့်ကြိုတင်၍ သင်ယူဆဲပညာများကို ခေတ္တရပ်ဆိုင်းထားကာ သက်န်းတောင်း၊ သရဏဂုံ၊ ပုတီးစိပ် စသည်တို့ကို စနစ်တကျ သင်ယူလေ့ကျင့်ကြရသည်။ ထို့အပြင် တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားခြင်း၊ ဝတ်ကြီးဝတ်ငယ် ပြုစုပေးခြင်းစသည့် ဘုန်းကြီးကျောင်းယဉ်ကျေးမှုကိုလည်း ရှင်လောင်းဘဝမှာပင် အလေ့အကျင့် ရအောင် လုပ်ကြရသည်။ ဤသို့ဖြင့် ရှင်သာမဏေတစ်ပါးဖြစ်လာသောအခါ စနစ်တကျ ဝတ်တတ်၊ စားတတ်၊ နေတတ်ထိုင်တတ် ရှိသွားပေသည်။ ရှင်လူထွက်သောအခါ ရှင်ကျင့်ဝတ်များက သင်ကြားလေ့ကျင့်ပေးလိုက်သည့် ယဉ်ကျေးမှုများဖြင့် လူ့လောကတွင် လူကြီးလူကောင်း တစ်ယောက်ကဲ့သို့ ဝတ်စားနေထိုင်တတ်ပေသည်။

ယနေ့ခေတ်တွင် ရှင်ပြုပွဲများကို အရပ်ဒေသအလိုက် အမျိုးမျိုး ကျင်းပကြသည်။ ရှင်လောင်းများကို ရှင်လောင်းဝတ်စုံ ဝတ်ဆင်ပေးပြီး ရွှေထီးဆောင်း၍ မင်းညီမင်းသားများကဲ့သို့ နောက်လိုက်နောက်ပါများ ခြံရံလျက် သျှိုးလိုက်ရတုများ ရွတ်ဆိုကြကာ မြို့ရွာအတွင်း ပျော်ပျော် ပါးပါး ရှင်လောင်းလှည့်လည်ကြသည်။ ထိုသို့လှည့်လည်ရာတွင် ရှင်လောင်းများက မြင်းများ၊ ဆင်များ စီး၍ လှည့်လည်ကြပြီး အချို့ဒေသများတွင် ထမ်းစင်၊ နွားအလှလှည်းယာဉ်များဖြင့် လှည့်လည်ကြသည်။

နားသမင်္ဂလာပြုလုပ်ရာတွင် အသက်အကန့်အသတ် မရှိသော်လည်း များသောအားဖြင့် ၅ နှစ်ခန့်အရွယ်မှ အသက် ၂၀ အရွယ်ဝန်းကျင်တွင် ပြုလေ့ရှိသည်။ နားထွင်းသည် ဆိုသည်မှာ မဖောက်ရသေးသောနားကို အသစ်ဖောက်ပေးခြင်းဖြစ်သည်။ နားသသည် ဆိုသည်မှာ ဖောက်ပြီးသားနားကို သပေးခြင်းဖြစ်သည်။ နားသခံယူမည့် မိန်းကလေးများ သည်လည်း စည်းပုံ (ခေါင်းဆောင်း)၊ မဟာလ္လတာတန်ဆာ၊ ဘယက်ဒွါဒရာတို့ဖြင့် မွမ်းမံ ဆင်ယင်၍ ရှင်လောင်းများနှင့်အတူ နောက်မှလိုက်ပါကာ မြို့ရွာအတွင်းသို့ ဝေါယာဉ်များ၊ လှည်းယာဉ်များဖြင့် လှည့်လည်ကြသည်။





ထို့နောက် ဘိသိက်သွန်းရန်အတွက် အလျှုမဏ္ဍပ်အတွင်းသို့ ဝင်ကြရသည်။ ဘိသိက်သွန်းခြင်းယဉ်ကျေးမှုသည် ရှင်ပြုနားသခြင်း၏ အဓိကအကြောင်းရင်း မဟုတ်သော်လည်း ရှင်ပြုနားသပွဲတော်ကို ပိုမိုစည်ကားသိုက်မြိုက်စေသည်။ ဘိသိက်သွန်းလောင်းချိန် ကျရောက်သောအခါ ပရိသတ်စုံညီရှေ့တွင် ဘိသိက်ဆရာက ရှင်လောင်းအား ဘေးကင်းစေရန် အောင်ချည်ကို လည်ပင်းတွင်စွပ်၍ မန္တန်ရွတ်ဆိုကာ ဘိသိက်သွန်းပေးသည်။ ဘိသိက်သွန်းလောင်းပြီးသောအခါ ရှင်လောင်းများကို ရှင်သာမဏေပြုပေးခြင်းနှင့် မိန်းကလေးများကို နားထွင်းနားသခြင်း၊ သီလရှင်ဝတ်ပေးခြင်းများ ပြုလုပ်ကြသည်။ ရှင်ပြုနားသပွဲတော်၏ နောက်ဆုံးအစီအစဉ်ကား အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းကာ ရေစက်ချအနုမောဒနာတရား နာယူကြခြင်းဖြစ်သည်။

ရှေးခေတ်နှင့် မျက်မှောက်ခေတ် ရှင်ပြုပုံတို့မှာ သိသိသာသာ ကွာခြားသွားသည်။ မျက်မှောက်ခေတ်တွင် ရှင်သာမဏေ စနစ်တကျဖြစ်ရေး၊ လောကဓမ္မ နှစ်ဖြာအကျိုးရရှိရေးတို့ထက် မိရိုးဖလာအရ ပြုလုပ်သည်က များနေသည်။ ငယ်လွန်းသောကလေးကို ရှင်ပြုပေးခြင်းသည် သာသနာကို လေးစားရာမရောက်သကဲ့သို့ ကုသိုလ်လည်း ထိုက်သင့်သလောက် မရဖြစ်တတ်သည်။ ရှင်သာမဏေအဖြစ် ရက်အနည်းငယ်သာ နေထိုင်ခြင်းသည်လည်း ရှင်ပြုခြင်းကို ဝတ်ကျေတန်းကျေမျှသာ သဘောထားရာ ရောက်သည်။ ထို့အပြင် ရှင်ကျင့်ဝတ်ဆိုင်ရာ ဝိနည်းဥပဒေကပေးသော ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း လက်လွှတ်ဆုံးရှုံးရသည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်မိဘတိုင်း ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ရှင်ပြုကြမည့်အစား လောကဓမ္မ နှစ်ဖြာအကျိုးရှိမည့် ရှင်ပြုနည်းအတိုင်း ရှင်ပြုနိုင်ရေးကိုသာ အလေးထားဆောင်ရွက်သင့်ကြပေသည်။

**ခက်ဆစ်အဖွင့်**

| | | |
|---|---|---|
| သျှိုးလိုက်ရတု (ယှိုးဟုဖတ်ပါ) | = | ရှင်လောင်းလှည့်ရာတွင် တစ်ပိုဒ်ပြီးတိုင်း သျှိုးဟု လိုက်ဆိုသော ရတုတစ်မျိုး။ |
| မဟာလ္လတာတန်ဆာ | = | ပန်းပြောက်ပန်းနွယ်တို့ကို ရွှေချည်၊ ငွေချည်စသည်တို့ဖြင့် လုပခမ်းနားစွာ ခြယ်လှယ်ထိုးချုပ်ထားသည့် ဝတ်ရုံ။ |
| ဘယက် | = | လည်ဆွဲတန်ဆာ တစ်မျိုး။ |
| ဒွါဒရာ | = | ခါးစည်း အဆင်တန်ဆာ။ |
| ဘိသိက် | = | ရေစက်သွန်း၍ မင်္ဂလာပြုခြင်း။ |
| အနုမောဒနာတရား | = | အလှူဒါနအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန် ဟောကြားသောတရား။ |

# ရှင်ပြုပွဲ

မေမေသင်္ကန်းပိုက်လို့ရယ်
သပိတ်ကိုတဲ့ ဖေဖေလွယ်၊
မမငယ် ယဉ်ကျော့ဆုံး
ကွမ်းတောင်ကိုင်မို့ပြုံး၊
တုတ်ဖြုန်း တုတ်ဖြုန်း ဗျောသံဆော်
ဟိန်းလိုက်တဲ့ စည်တော်၊
မြင်းကြီးပေါ်က မောင်ရှင်လောင်း
ရွှေထီးလုလုဆောင်း၊
ရွက်သစ်ပြောင်းတဲ့ နွေရာသီ
ကျောင်းပိတ်ရက် တာရှည်၊
ချိန်ခါညီ လှူကြမြဲ
နိဗ္ဗာန်ရည်တဲ့ပွဲ။

**(ချိုမြနွယ်)**



# သင်ခန်းစာ (၃၉)

## အခြေခံပါဠိဖတ်နည်း

### ပါဠိဘာသာ မိတ်ဆက်

ထေရဝါဒဗုဒ္ဓဘာသာကျမ်းဂန်များကို ပါဠိဘာသာဖြင့် မှတ်တမ်းထင်ထား၏။ 'ပါဠိ' ဟူသော စကားလုံးသည် စာပိုဒ်၊ စာသားဟူ၍ အဓိပ္ပာယ်ရ၏။ ရှေးခေတ် မာဂဓဘာသာသည် ပါဠိဘာသာ၏ မူလအမည်ဖြစ်သည်။ ဗုဒ္ဓလက်ထက်တော်အခါက တရားဟောရာတွင် အသုံးပြုခဲ့သော မဂဓတိုင်းတွင် ပြောဆိုသည့် ဘာသာစကားဖြစ်သည်။ အစဉ်အလာအားဖြင့် ပါဠိဘာသာကို မာဂဓဘာသာဟူ၍ ခေါ်ကြသည်။ ပါဠိဘာသာသည် ရှေးခေတ်အိန္ဒိယနိုင်ငံတွင် အများသုံးစွဲခဲ့သော အရပ်သုံးဘာသာစကားတစ်ခု ဖြစ်ခဲ့သည်ဟု ဆိုသည်။

ပါဠိဘာသာတွင် အက္ခရာမရှိပေ။ ထို့ကြောင့် မြန်မာအက္ခရာဖြင့် ရေးထားလျှင် မြန်မာပါဠိ၊ သီရိလင်္ကာအက္ခရာဖြင့် ရေးထားလျှင် သီဟိုဠ်ပါဠိ၊ ကမ္ဘောဒီးယားအက္ခရာဖြင့် ရေးထားလျှင် ခမာပါဠိ၊ လာအိုအက္ခရာဖြင့် ရေးထားလျှင် လာအိုပါဠိ၊ အင်္ဂလိပ်အက္ခရာဖြင့် ရေးထားလျှင် ရိုမန်ပါဠိဟု ခေါ်ကြသည်။

မြတ်ဗုဒ္ဓ၏ တရားတော်များကို ခြေခြေမြစ်မြစ် လေ့လာရာတွင် ပါဠိသည် အလွန်အရေးပါသော ဘာသာစကားတစ်ခု ဖြစ်သည်။ ထို့ကြောင့် မြန်မာ၊ သီရိလင်္ကာ၊ ထိုင်းစသော ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများတွင် ပညာရှင်တို့သည် ပါဠိဘာသာကို အရေးတယူ လေ့လာကြသည်။ ဥရောပပညာရှင်များသည်လည်း ပါဠိလေ့လာမှုကို အထူးစိတ်ဝင်စားလာကြကာ ပါဠိဘာသာလေ့လာမှုကို အားပေးရန် ဆောင်းပါးများနှင့် စာအုပ်များကို ရေးသားလာကြသည်။ ယခုအခါ ကမ္ဘာ့အရှေ့ခြမ်းနှင့် အနောက်ခြမ်း တက္ကသိုလ်အချို့တွင် ပါဠိဘာသာကို သင်ကြားပို့ချနေကြပြီဖြစ်သည်။

ပါဠိစာပေသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ခန့်ကတည်းက မြန်မာနိုင်ငံ၏ ရှေးဟောင်းမြို့တော် သရေခေတ္တရာသို့ ရောက်ရှိခဲ့သည်။ သရေခေတ္တရာမြို့ဟောင်းတွင် တူးဖော်တွေ့ရှိခဲ့သော ရွှေပေချပ်များပေါ်တွင် 'ယေဓမ္မာ ဟေတုပ္ပဘဝါ'အစချီသော ဂါထာ၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်နှင့် ပိဋကတ်တော်များမှ ကောက်နုတ်ချက်များကို ပါဠိဘာသာဖြင့် မှတ်တမ်းတင် ရေးထိုးထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ပါဠိစာပေ စတင်ထွန်းကားလာသောခေတ်မှာ ပုဂံခေတ်ဖြစ်သည်။ အနော်ရထာမင်းကြီးသည် သုဝဏ္ဏဘူမိမှ ပိဋကတ်သုံးပုံကို ပင့်ဆောင်ခဲ့သည်။ ထို့နောက် သီဟိုဠ်ပြည်မှ ပိဋကတ်သုံးပုံကိုလည်း ထပ်မံပင့်ဆောင်ခဲ့သည်။ ထိုအချိန်သည် မြန်မာနိုင်ငံတွင် ပါဠိစာပေထွန်းကားရန် အစပျိုးချိန်ဖြစ်သည်။ ကျန်စစ်သားမင်း လက်ထက်တွင်

အရှင်ဓမ္မသေနာပတိအမည်ရသော ရဟန်းတစ်ပါးသည် ကာရိကာအမည်ရှိ ပါဠိသဒ္ဒါကျမ်းကို ရေးသားခဲ့သည်။ နရပတိစည်သူမင်းလက်ထက်တွင် အရှင်အဂ္ဂဝံသ ရေးသားပြုစုခဲ့သော သဒ္ဒနီတိပါဠိသဒ္ဒါကျမ်းသည် ထိုခေတ်အခါက သီဟိုဠ်ပါဠိပညာရှင်များကပင် ချီးကျူးဂုဏ်ပြုရသော ကျမ်းတစ်စောင်ဖြစ်သည်။ ယခုအချိန်အထိလည်း ကမ္ဘာကျော် ပါဠိသဒ္ဒါကျမ်းတစ်စောင် အဖြစ် ရပ်တည်လျက်ရှိသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် ပါဠိစာပေသည် ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် ထွန်းကားခဲ့သည်။

ပါဠိဘာသာတွင် သရ ရှစ်လုံး၊ ဗျည်း ၃၃ လုံး၊ စုစုပေါင်း အက္ခရာ ၄၁ လုံးရှိသည်။

### သရ ရှစ်လုံး

| အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | ဩ |
|---|---|---|---|---|---|---|---|
| – | –ာ | –ိ | –ီ | –ု | –ူ | ေ | ေ–ာ/ ါ |

သရ ရှစ်လုံးကို ဝါကျထဲတွင် ရေးသားရာ၌ သင်္ကေတကို သုံးသည်။
အ=သဗ္ဗ (အသရအဆုံး)၊ အာ=–ာ (သဗ္ဗာ)၊ ဣ=–ိ (သဗ္ဗိ)၊ ဤ=–ီ (သုခီ)၊ ဥ=–ု (သုခ)၊
ဦ=–ူ (ပူဇာ)၊ ဧ=ေ (သဗ္ဗေ)၊ ဩ=ေ–ာ/ါ (သော/ခေါ)။

### ဗျည်း ၃၃ လုံး

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ဉ |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ယ | ရ | လ | ဝ | သ | ဟ | ဠ | အံ |

အံ ကို သေးသေးတင်အဖြစ် အသုံးပြုသည်။ ယင်းကို နိဂ္ဂဟိတ်ဟု ခေါ်သည်။
မှတ်ချက်။ ။ ပါဠိဘာသာတွင် အသတ်၊ အောက်မြစ်နှင့် ဝစ္စပေါက်မရှိပါ။

## ပါဠိဖတ်နည်းအညွှန်း

ဤရွတ်ဖတ်နည်းအညွှန်း၌ မြန်မာနိုင်ငံတွင် အသုံးများသော ပါဠိအသံထွက်နည်းကိုသာ ဖော်ပြထားသည်။

**ပါဠိစာလုံးဆင့် ဖတ်နည်းလင်္ကာ**

**၁။ နှစ်လုံးဆင့်မှာ၊ အထက်သာ၊ သတ်ပါမြဲဧကန်။**

**၂။ သဝေလည်းထိုး၊ တ–သတ်မျိုး၊ ဖတ်ရိုး စ–သတ်သံ။**

**၃။ သဝေလည်းထိုး၊ န–သတ်မျိုး၊ ဖတ်ရိုး င–သတ်သံ။**

**၄။ သဝေရေးချ၊ သတ်မြင်က၊ မှတ်ကြ ဝ–ဆွဲသံ။**

**၅။ ဟ–ထိုး ဝဆွဲ၊ ရရစ် ယပင့်၊ တွေ့လျှင်းက၊ နှစ်ဝတာဝန်၊ ကျေပွန်စေရန်၊ အသံအသတ်၊ ယူမြဲမှတ်။**

**လင်္ကာရှင်းလင်းချက်**

**၁။ နှစ်လုံးဆင့်မှာ၊ အထက်သာ၊ သတ်ပါမြဲဧကန်။**

ဥပမာ။ သမန္တာ = သမန်တာ

စက္ကဝါဠေသု = စက်ကဝါလေသု။

ဂစ္ဆန္တု = ဂစ်ဆန်တု။

◆ အက္ခရာနှစ်လုံးဆင့် တွေ့လျှင် အပေါ်တွင်ရှိသော အထက်အက္ခရာကို အသတ်တင်၍ ဖတ်ရမည်။

**၂။ သဝေလည်းထိုး၊ တ–သတ်မျိုး၊ ဖတ်ရိုး စ–သတ်သံ။ (ဠ လည်းတူ)**

ဥပမာ။ မေတ္တာ = မေတ်တာ (မစ်တာ)။

ဩဘာသေတွာ = ဩဘာသစ်တွာ။

လောကဓေဠံ = လောကဇစ်ဠံ။ သေဠော = သစ်ဠော။

◆ သဝေထိုးနှင့်တွဲသော တ–သတ်ကို စ–သတ် အသံထွက်၍ ဖတ်ရမည်။

**မှတ်ချက်။** ။ သဝေထိုးကို ပါဠိ၌ ဧ–သရဟု ခေါ်သည်။

**၃။ သဝေလည်းထိုး၊ န–သတ်မျိုး၊ ဖတ်ရိုး င–သတ်သံ။**

ဥပမာ။ ပူရေန္တံ = ပူရေန်တံ (ပူရင်တံ)။

ဝိနာသမေန္တု = ဝိနာသမင်တု။

◆ သဝေထိုးနှင့်တွဲသော န–သတ်ကို င–သတ် အသံထွက်၍ ဖတ်ရမည်။

**၄။ သဝေရေးချ၊ သတ်မြင်က၊ မှတ်ကြ ဝ–ဆွဲသံ။**

ဥပမာ။ ဟောန္တု = ဟောန်တု (ဟွန်တု)။

သောတ္တိ = သွတ်ထိ။

ပေါဠိလ = ပွတ်ထိလ။

- သဝေထိုးရေးချကို ဝ–ဆွဲသံထွက်၍ ဖတ်ရမည်။

**မှတ်ချက်။** ။ သဝေထိုး ရေးချကို ပါဠိ၌ ဩသရဟု ခေါ်သည်။

**၅။ ဟ–ထိုး ဝဆွဲ၊ ရရစ် ယပင့်၊ တွေ့လျှင်းက၊ နှစ်ဝတာဝန်၊ ကျေပွန်စေရန်၊ အသံအသတ်၊ ယူမြဲမှတ်။**

ဥပမာ။ အမှ = အမ်မှ။

ဤပုံစံတွင် ဟထိုးနှင့်တွဲသော မ အက္ခရာသည် အသတ်တာဝန်ကိုလည်း ယူရသည်၊ မိမိ၏ မူလဗျည်းအသံလည်း ထွက်ရသည်၊ အသတ်နှင့် အသံတာဝန်နှစ်မျိုးကို ယူရသည်။

ကတွာ = ကတ်တဝါ။

ဟုတွာ = ဟုတ်တဝါ။

ဤပုံစံတွင် ဝဆွဲနှင့်တွဲသော တ အက္ခရာသည် အသတ်နှင့် မူလဗျည်းသံ တာဝန်နှစ်မျိုးကို ယူရသည်။

အတြာ = အတ်တရာ။

ဥတြာသီ = ဥတ်တရာသီ။

ဤပုံစံတွင် ရရစ်နှင့်တွဲသော က အက္ခရာသည် အသတ်နှင့် မူလဗျည်းသံ တာဝန်နှစ်မျိုးကို ယူရသည်။

သကျ = သက်ကျ။

နိယျာနိကံ = နိန်ယာနိကံ။

(ခြွင်းချက် = အဓိဋ္ဌေယျ၊ ဂဗ္ဘသေယျ၊ သောစေယျ၊ ဥပ္ပဇ္ဇေယျ)

ဤပုံစံတွင် ယပင့်နှင့်တွဲသော က အက္ခရာသည် အသတ်နှင့် မူလဗျည်းသံ တာဝန်နှစ်မျိုးကို ယူရသည်။

- ဟ–ထိုး၊ ဝဆွဲ၊ ရရစ်၊ ယပင့် အက္ခရာစာလုံးများနှင့်တွဲသော အက္ခရာသည် အသတ်တာဝန်ကိုလည်း ယူရသည်၊ မိမိ၏ မူလဗျည်းသံကိုလည်း ထွက်ရသည်။

**အထူးမှတ်ရန်။**      ။

- ပ – ကို ပြ၊ ပျ – ဟု မထွက်ရ။
  ပစ္စတ္တံ = ပစ်စတ်တံ။ (ပြစ် / ပျစ်စတ်တံ – ဟု မထွက်ရ။)
  ပညေန = ပင်ညေန၊ (ပြင် / ပျင်ညေန – ဟု မထွက်ရ။)
  မဟာပဇ္ဇလိတော = မဟာပစ်ဇလိတော။ (မဟာပြစ် / ပျစ်ဇလိတော – ဟု မထွက်ရ။)
- ဗ – ကို ဗြ၊ ဗျ – ဟု မထွက်ရ။
  သဗ္ဗညုတ = သတ်ဗင်ညုတ။ (သတ်ဗြင် / ဗျင်ညုတ – ဟု မထွက်ရ။)
- မ – ကို လည်း မြ၊ မျ – ဟု မထွက်ရ။
  နာတိမညေထ = နာတိမင်ညေထ။ (နာတိမြင် / မျင်ညေထ – ဟု မထွက်ရ။)
  နာညမညဿ= နင်ညမင်ညတ်သ။ (နင်ညမြင် / မျင်ညတ်သ – ဟု မထွက်ရ။)
- ရ – ကို အင်္ဂလိပ်အက္ခရာ ( R ) နှင့်တူစွာ လျှာလိပ်သံဖြင့် အမြဲဖတ်ရမည်။ ယ – ဟု မထွက်ရ။
  ရတနံကို ယတနံ – ဟု မထွက်ရ။

# သင်ခန်းစာ (၄၀)
## မင်္ဂလသုတ် ပါဠိဖတ်စာ

ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ၊
ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

ဧဝံ မေ သုတံ – ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

ခန္တီစ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

## အိမ်ပြန်မယ်

ခမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ဘုရားဝတ်ပြုကြစို့ကွယ် ... ။
ဘုန်းဘုန်း (ဆရာလေး) ကိုလည်း ကန်တော့မယ် ... ။
ဆရာမကိုလည်း ကန်တော့မယ် ... နှုတ်ဆက်ကြစို့ကွယ် ...။
ခမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ပစ္စည်းတွေလည်း သိမ်းစို့ကွယ် ... ။
ဟိုဟိုဒီဒီလည်း မသွားဘူးကွယ် ... ရန်လည်းမဖြစ်ဘူးကွယ် ... ။
အိမ်ကို အရောက်ပြန်မယ် ... ။
ခမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... သူငယ်ချင်းတွေလည်း နှုတ်ဆက်မယ် ... ။
ကျောင်းလည်း မပျက်ဘူးကွယ် ... နောက်တစ်ပတ်တွေ့ကြမယ် ... ။
တာ့တာ တာ့တာကွယ် ... အို ... တာ့တာ တာ့တာကွယ် ...။ ။

